http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၂၃)

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# မချစ်တတ် မမုန်းတတ်တဲ့သူ



စတုတ္ထအကြိမ်

http://www.dhammadownload.com

မွေ့စကား။ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

ရွှေပါရမီတောရ

# မချစ်တတ် မမုန်းတတ်တဲ့သူ



ရွှေပါရမီစာစဉ်( ၂၃ )

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၄ အမှတ်(၄)

စာမူခွင့်ပြုချက်

၃၂၀၇၈၁၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၇၁၆၀၆၁၁

၂၀၀၆ ခုနှစ် ◉ နိုဝင်ဘာလ ◉ စတုတ္ထအကြိမ် ◉ အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

<u>မျက်နှာဖုံးပုံနှိပ်သူ</u>

ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ်၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။

<u>အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉-အေ/၂)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။

<u>ဖြန့်ချိရေး</u>

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၆၁)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၁၀၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊ မြစ်ခင်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကိုရေနံချောင်းမြို့၊ အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင်အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အပြစ်ရှာသူနှင့် အပျောက်ရှာသူ | ၉ |
| ၂။ | သဘာဝဟာ သဘာဝပါ | ၂၃ |
| ၃။ | အေးမြသောမေတ္တာရိပ် | ၃၆ |
| ၄။ | ပူမှန်းသိရင် မထိနဲ့ | ၄၅ |
| ၅။ | နာမှန်းသိရင် မငြိနဲ့ | ၅၅ |
| ၆။ | ရွှေစိတ်ရှိမှ ရွှေချစ်ပါ | ၆၁ |
| ၇။ | စီးပွားတက်လေ ကုသိုလ်တိုးလေ | ၆၆ |
| ၈။ | မြင့်မြတ်သူတိုင်း ချစ်တတ်ကြသည် | ၇၃ |
| ၉။ | ပျက်တာများ မက်စရာလား | ၈၂ |
| ၁၀။ | သဘာဝဟာ သဘာဝပါ | ၈၇ |
| ၁၁။ | ကိုယ်သာမည်းစေ စိတ်မမည်းစေနဲ့ | ၉၃ |
| ၁၂။ | လှူကံကြီးရင် နတ်ဖြည့်ဆည်းပေးရတယ် | ၉၈ |
| ၁၃။ | စိတ်နိုင်ရင် ဘဝနိုင်ပါတယ် | ၁၀၅ |

http://www.dhammadownload.com


၁၄။ ■ ဟိုကဖြင့် ချစ်လိုက်ရတာ ၁၁၂

၁၅။ ■ အကုသိုလ်ဆိုတာ တစ်ခုပြုရဲရင်

■ အားလုံးပြုရဲတယ် ၁၁၉

၁၆။ ■ သူ့အပြစ်နဲ့သူသာ ရှိပါစေတော့ ၁၂၅

၁၇။ ■ သဘာဝကို သဘောပေါက်ရင်

■ သဘောပေါက်တာ သဘာဝပါ ၁၃၁

၁၈။ ■ သေရည်သောက်ရင်

■ တစ်ခုခုတော့ သေမှာ သေချာပါတယ် ၁၃၈

၁၉။ ■ အ, တဲ့သူတွေ ရက်(လျက်)လို့ အရက် ၁၄၂

၂၀။ ■ ဘဝမြင့်သူအပေါ် ဘဝင်မြင့်မိရင်

■ ဘဝနိမ့်သွားမယ် ၁၅၀

၂၁။ ■ မီးအားပြင်းလေ မြန်မြန်ကျက်လေ ၁၅၇

၂၂။ ■ မေတ္တာခိုင်မှ ဒေါသနိုင်မယ် ၁၆၆

၂၃။ ■ ခန္တီကြမ်းခင်း ကွန်ကရစ်ခင်းပါ ၁၇၃

၂၄။ ■ ဝင်းဒိုးတိုက်(ပ်)မေတ္တာနှင့်

■ စပလစ်တိုက်(ပ်)မေတ္တာ ၁၈၀

၂၅။ ■ စိတ်မတိုချင်ရင် စိတ်ရှည်အောင်နေ ၁၈၆

၂၆။ ■ စိတ်မကျိုးချင်ရင် စိတ်မာအောင်လုပ် ၁၉၄

http://www.dhammadownload.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# အပြစ်ရှာသူနှင့်အပျော်ရှာသူ

ရေနွေးဟာ ကျိုက်ကျိုက်ဆူနေပေမယ့် မီးခဲအပူကိုတော့ ငြိမ်းစေနိုင်တယ်။ ရွှံ့ညွှန်ရေဟာ နောက်ကျုနေပေမယ့် မစင်အညစ်အကြေးကိုတော့ ဆေးကြောနိုင်တယ်၊ သစ်သီးဟာ အနာအဆာရှိတယ်ဆိုဦးတော့ ဆာလောင်ခြင်း အာသာကိုတော့ ပြေစေနိုင်တယ်။

(အရှင်နာဂသိန်)

(. . . . . . .)နေ့က ဒကာကြီး ဦးသုခအိမ်ကို ဆရာထက်ခေါင်နဲ့အတူ သွားခဲ့ပါတယ်။ ဒကာကြီးက ပါရမီစာပေ ကိုကျော်ဦးကတစ်ဆင့် မိမိရဲ့မွေ့ဘေရီစာစဉ်အတွက် မတည်ငွေ နဝကမ္မ လှူဖို့ ကြိုတင် ပင့်လျှောက်ထားတဲ့

http://www.dhammadownload.com

အတွက် ရန်ကုန်ရောက်တော့ သွားဖြစ်ကြတာပါ။

ဒကာကြီးက အသက်ကြီးလို့ မျက်စိက အိုစာပြီ ဆိုပေမယ့် မှတ်ဉာဏ်နဲ့အသံကတော့ မအိုသေးပါဘူး။ စကားစပ်မိကြတော့ . . .

'တပည့်တော်မှာ လူတွေ သာသနာတော်ကို ကြည်ညိုတတ်ဖို့ သာသနာ့ဝန်ထမ်း ရဟန်းတော်တွေရဲ့ ကြည်ညိုစရာ အကွက်ကလေးတွေကို တပည့်တော် တတ်ကျွမ်းတဲ့ ရုပ်ရှင်နဲ့ရော၊ ဂီတနဲ့ရော၊ စာပေနဲ့ရော ကြိုးစားတင်ပြနေတာဘုရား။ အခုတော့ မျက်စိက စိတ်အလိုမလိုက်နိုင်လို့ ရပ်ထားရတယ်'

'အဲဒါ ယောဆရာတော်တို့ ဦးဆောင်ပြီး ဆရာတော်ဦးဇောတိကတို့၊ အရှင်ဘုရားတို့၊ ဦးဆေကိန္ဒတို့၊ ဦးဆန္ဒာဓိကတို့၊ ဦးပဉ္ဇင်းရဝေနွယ်တို့က တပည့်တော် ဖြစ်ချင်တာလေးတွေကို အကောင်အထည်ဖော်နေကြတာ တွေ့ရတော့ ဝမ်းသာလွန်းလို့ဘုရား'

'အရှင်ဘုရားရဲ့ စာစဉ်လေးတွေကိုလည်း အမြတ်လို့ သဘောမထားဘဲ များများပြန့်အောင် ကြိုးစားပါဘုရား။ ရှုံးချင်ရှုံးပါစေ။ စာတွေ များများပြန့်ဖို့ပဲ လိုပါတယ်။ နောက်ထပ် ရိုက်စရာလိုတော့လည်း ဒကာကြီးတို့က လှူရမှာပေါ့'

http://www.dhammadownload.com

လို့ လျှောက်ထားပြီး စာစဉ်အတွက် နဝကမ္မ ကျပ်ငါးသောင်းကို ကပ္ပိယအဖြစ် ဆရာထက်ခေါင်လက်ကို လွှဲအပ် လှူဒါန်းပါတယ်။

မိမိက 'ဒကာကြီးဖြစ်စေချင်တဲ့အတိုင်း လူငယ်တွေ မြတ်စွာဘုရား အဆုံးအမနဲ့ ရင်းနှီးလာအောင် လုပ်တဲ့နေရာမှာတော့ ဓမ္မဒူတအရှင်ဆေကိန္ဒနဲ့ ရွှေပါရမီအရှင်ဆန္ဒာဓိကတို့က ပိုပြီး ထိထိရောက်ရောက် လုပ်နေကြတယ်။ ခေတ်ပညာတတ်ကလေးတွေ သာသနာ့ဘောင် ရောက်လာကြတာ ဦးပဥ္စင်းတို့ သာသနာအတွက်တော့ အင်အားသစ် တစ်ခုပဲ။ တတ်တာချင်းတူကြပေမယ့် ဖြန့်ချိတဲ့နည်းစနစ်မှာ သူတို့က စိတ်ကူးကောင်း၊ စေတနာကောင်းနဲ့ အရွယ်ကလည်း ဖျတ်လတ်နိုးကြားချိန်ဆိုတော့ အတော်ထိရောက်တယ်' ဆိုတဲ့အကြောင်း ပြောပြတော့ . . .

'တပည့်တော်လည်း အတော့်ကို ဝမ်းမြောက်တယ်ဘုရား။ အရှင်ဆန္ဒာဓိကဆီကိုလည်း လာမယ့် (၂၆)ရက်၊ တပည့်တော်မွေးနေ့မှာ သွားဖူးဖို့ စီစဉ်ထားပါသေးတယ်။ အရှင်ဘုရားတို့ စာတွေကို တပည့်တော်က မပြတ်ဖတ်တယ်ဘုရား။ ဖတ်တယ်ဆိုပေမယ့် ဒကာကြီး မျက်စိကောင်းလို့ မဟုတ်ဘူးဘုရာ့နော်။ တပည့်လေးတစ်ယောက်ကို တစ်နေ့

http://www.dhammadownload.com

မုန့်ဖိုးတစ်ထောင်ပေးပြီး အဖတ်ခိုင်းရတာ။ ကိုယ်လုပ်ချင်တာလေးတွေကို ဘုရားသားတော်တွေက လုပ်ပေးနေကြတာ သိပြီး ကိုယ်တိုင်လုပ်ရသလို ဝမ်းမြောက်ချင်လွန်းလို့ပါ'တဲ့။

ဒကာကြီးက လူတွေ သာသနာတော်နဲ့ တရင်းတနှီး ဖြစ်လာအောင်၊ အထူးသဖြင့် လူငယ်တွေနဲ့ သာသနာတော် ပိုမိုထိတွေ့လာအောင် သူလုပ်ချင်တဲ့ဆန္ဒတွေနဲ့ မိမိတို့လုပ်ပေးစေချင်တဲ့ ဆန္ဒများကိုလည်း လျှောက်ထားပါတယ်။ 'တတ်နိုင်သမျှ လုပ်ပါမယ်' လို့ ကတိပေးပြီး ဒကာကြီး အနားယူဖို့ သင့်ပြီထင်လို့ စကားဖြတ်ခဲ့ကြပါတယ်။

လူငယ်လေးတွေ သာသနာတော်နဲ့ ပိုမိုရင်းနှီး ထိတွေ့လာအောင် ကြိုးစားကြရမှာနဲ့ ဆက်စပ်ပြီး အရှင်ဆန္ဒာဓိက က မြတ်စွာဘုရား အဆုံးအမတွေနဲ့ ပတ်သက်လို့ လူငယ်လေးတွေ နားဝင်လွယ်အောင် သူတို့ မှတ်မိလွယ်လောက်တဲ့ စကားလုံးလေးတွေ သုံးပြီး ဟောပြောရေးသားတာနဲ့ ပတ်သက်လို့ တချို့တလေက ကဲ့ရဲ့စွပ်စွဲ လုပ်ခဲ့တဲ့အကြောင်းကို သတိရလိုက်မိပါသေးတယ်။

ဒါကတော့ လောကသုံးပါးမှာ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုတောင် စိဥ္စမာနက အနိမ့်

http://www.dhammadownload.com

ဆုံးအပြစ်နဲ့ စွပ်စွဲခဲ့သေးတာဆိုတော့ တို့အတွက် ဘာဆန်းတော့မလဲလို့လည်း အောက်မေ့မိပါတယ်။

တစ်လောလေးကမှ အရှင်ဆေကိန္ဒနဲ့ စကားလက်ဆုံကျရင်း မထေရ်မြတ်တို့ရဲ့ စကားတွေကို ပြောဖြစ်ကြတော့ 'နောင်တော်ကြီးရေ . . . ရယ်စရာလည်းဟုတ်၊ မှတ်သားစရာလည်းကောင်းတဲ့ မန်လည်ဆရာတော်ကြီးရဲ့ အမှားသုံးချက်ဆိုတာ အညာက ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးတယ်။ တစ်ချက်ကတော့ 'ပုသိမ်က ပဒုမကို မတန်မရာ တုပတာလည်း မန်လည်ရဲ့ အမှားတစ်ခု' တဲ့' လို့ပြောတော့ 'အေး . . . အဲဒါ ညီတော်ဆန္ဒာဓိကကိုလည်း ပြောပြလိုက်ပါဦး' လို့ ပြန်ပြောခဲ့သေးတယ်။

သာသနာတော်နဲ့ ကြုံကြိုက်ခွင့်ရတုန်း သာသနာတော်ကို ချဉ်းကပ်လေ့လာ သင်ယူကြသူများနဲ့ ပတ်သက်လို့ ရည်ရွယ်ချက်နဲ့ သင်ယူပုံသင်ယူနည်း သုံးမျိုးကို မြတ်စွာဘုရား ဟောကြားထားတာ ရှိပါတယ်။ (မ-၁-၁၈၆)

(၁) ကဲ့ရဲ့စွပ်စွဲလိုခြင်း စတဲ့ ရည်ရွယ်ချက်ဆိုးနဲ့ လေ့လာသင်ယူတဲ့ 'အလဂဒ္ဒူပမာ = မြွေဖမ်းသလို' သင်ယူခြင်း၊ မြွေကို ရည်ရွယ်ချက်ဆိုးနဲ့ မကျွမ်းမကျင် ဖမ်းယူခဲ့ရင် မြွေကိုက်ပြီးသေ

http://www.dhammadownload.com

လောင်းမြောင်း၀ ဒုက္ခကြုံရသလို တရားဓမ္မကို စွပ်စွဲကဲ့ရဲ့ဖို့အတွက်သာ လေ့လာသင်ယူသူများဟာလည်း သူ့ရဲ့ ရည်ရွယ်ချက်ဆိုးကြောင့် နေ့ညရှည်ကြာ ကျိုးမဲ့ပြစ်ရ ဒုက္ခခံစားရတတ်တယ်လို့ ဟောတော်မူပါတယ်။

(၂) စွပ်စွဲကဲ့ရဲ့လိုစိတ်မပါဘဲ မိမိရဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် တိုးတက်အောင် လိုက်နာကျင့်ကြံဖို့ သင်ယူတဲ့ နိဿရဏတ္ထ = ဆင်းရဲလွတ်မြောက်ရေးအတွက် သင်ယူခြင်း။ ဒီသင်ယူနည်းဟာ ရည်ရွယ်ချက် ကောင်းမွန်တဲ့အတွက် နေ့ညရှည်ကြာ ပြစ်မဲ့ကျိုးရ ဖြစ်စေပါတယ်။

(၃) မိမိတို့အတွက် ကျင့်ကြံအားထုတ်မှု ပြီးပြည့်စုံပြီဖြစ်တဲ့ ရဟန္တာမထေရ်မြတ်တို့ရဲ့ အစဉ်အဆက် သာသနာ့ အနွယ်အစဉ်ကို စောင့်ရှောက်ဖို့ သင်ယူတာမျိုးကိုတော့ ဘဏ္ဍာဂါရိကပရိယတ္တိ = တရားဘဏ္ဍာကို စောင့်ရှောက်တဲ့ သင်ယူခြင်းလို့ခေါ် ဆိုပါသတဲ့ (မူလပဏ္ဏာသပါဠိတော် - ၁၈၆)

http://www.dhammadownload.com

ဒီသင်ယူလေ့လာနည်း သုံးမျိုးထဲက အလဂဒ္ဒူပမာ ဆိုတဲ့ 'မြွေဖမ်းသူ' မျိုး မဖြစ်ဖို့ အရေးကြီးပါတယ်။ ဓမ္မဝိနယ ဆိုတဲ့ သာသနာတော်နဲ့ ပတ်သက်လို့ သဘောနဲ့ ရည်ရွယ် ချက်ကို အခြေခံလောက်တော့ သိထားသင့်ပါတယ်။

'ဓမ္မ' ရဲ့သဘောနဲ့ ရည်ရွယ်ချက်က ပါရမီစာတ်ခံ အထုံ ဝါသနာ စရိုက်အလိုက် အကုသိုလ်ပါးပြီး ကုသိုလ်ပွား စေဖို့ ဖြစ်ပါတယ်။ (သုတ္တန်ဓမ္မကို အဓိက ဆိုလိုပါတယ်။ အဘိဓမ္မာ ဓမ္မကတော့ သဗ္ဗညုဘုရားရှင်တို့ရဲ့ ဉာဏ်တော် အရာသာဖြစ်လို့ သာဝကများအတွက် အထူးငဲ့ကွက်ချက် မရှိပါဘူး။)

'ဝိနယ' ရဲ့ သဘောနဲ့ ရည်ရွယ်ချက်ကတော့ ကဲ့ရဲ့ ပြစ်တင်စရာများ ကင်းရှင်းပြီး မကြည်ညိုသေးသူတို့ကို ကြည်ညိုစေပြီး ကြည်ညိုပြီးသူတို့ရဲ့ သဒ္ဓါတရားကို တိုးပွား စေဖို့ ဖြစ်ပါတယ်။

ဒီအခြေခံလောက်ကို သဘောပေါက်ထားခဲ့ရင် တ ရားတစ်ပုဒ်၊ တရားစာအုပ်တစ်အုပ်ကို လေ့လာတဲ့အခါ အ ကုသိုလ်ပွားပြီး ကုသိုလ်ပါးစေရင် ဓမ္မနဲ့ မကိုက်ညီဘူး။ အ ကုသိုလ်ပါးပြီး ကုသိုလ်ပွားစေရင် ဓမ္မနဲ့ ကိုက်ညီတယ်။ စေ တနာမှန်၊ သဒ္ဓါမှန်ကို ပျက်ပြားစေရင် ဝိနယနဲ့ မကိုက်ညီ

http://www.dhammadownload.com

ဘူး။ စေတနာမှန်၊ သဒ္ဓါမှန်ကို တိုးပွားစေရင် ဝိနယနဲ့ ကိုက်ညီတယ်လို့ ခန့်မှန်းနိုင်ပါလိမ့်မယ်။

ဒီလိုအကဲခတ်ရာမှာလည်း တစ်ပုဒ်လုံးကို ခြုံငုံလေ့လာပြီး ရည်ရွယ်ချက်နဲ့ စေတနာကို အပြည့်အစုံ ကြည့်ဖို့လိုပါတယ်။ အပြစ်ရှာစရာ စကားတစ်လုံး၊ စာတစ်ပိုဒ်လောက်ကို ထုတ်ပြောလို့ မရပါဘူး။

အထူးသဖြင့် အချိန်ရကြလို့ ဝိနည်းပိဋကတ်တော်တွေကို လေ့လာကြမယ်ဆိုရင် ဝိနည်းသိက္ခာပုဒ်တွေထဲက 'ပထမမှု' လို့ခေါ်တဲ့ သိက္ခာပုဒ်မျိုးလို မာတုဂါမများနဲ့ ပတ်သက်တဲ့ သိက္ခာပုဒ်တွေမှာ ပြစ်ချက်အာပတ်ကို အတိအကျ သတ်မှတ်နိုင်ဖို့အတွက် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် 'မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီး' ဆိုသလို မေးမြန်းပညတ်ရတာတွေ ရှိပါတယ်။

ဒါနဲ့ ပတ်သက်လို့ အဋ္ဌကထာဆရာကြီးကတော့ 'မဟာကရုဏာရှင်တော်မို့သာ သတ္တဝါတို့ရဲ့ အကျိုးကို ရှေးရှုပြီး မေးမြန်းပညတ်တော်မူနိုင်ပါပေတယ်' လို့ အကြည်ညိုပွားပါတယ်။

ဒီလိုသိက္ခာပုဒ်မျိုးတွေကို တစ်ပုဒ်လုံးလည်း မလေ့လာ၊ ရည်ရွယ်ချက်ကိုလည်း သဘောမပေါက်ဘဲ စကားတစ်

http://www.dhammadownload.com

လုံး၊ စာတစ်ပိုဒ်လောက်ကိုသာ ထုတ်နုတ်ပြီး 'မြွေဖမ်းလိုသူ' တွေအတွက်တော့ မြွေကိုက်ခံရနိုင်တာတွေ အများကြီး တွေ့ရနိုင်ပါတယ်။

သာသနာတော်နဲ့ တွေ့ကြုံရခိုက်မှာ သာသနာတော်နဲ့ ပတ်သက်လို့ ချဉ်းကပ်လေ့လာကြသူတို့အတွက် 'သွာဂတ = သု + အာဂတ = သာသနာတွင်းလာခြင်း ကောင်းသူ' ဖြစ်စေဖို့အတွက် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ကို ဘုရားရှင် ဆုံးမတော်မူပုံကလေးဟာ အတော်မှတ်သားစရာ ကောင်းပါတယ်။

မြတ်စွာဘုရားရှင် . . . မိဂဒါဝုန်မှာ ပထမဝါကပ်ရောက်ပြီးလို့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို တရားဟောချွတ်တော်မူဖို့ ဥရုဝေလတောကိုအကြွ၊ လမ်းခရီးတောအုပ်တစ်ခုမှာ နေ့ခင်း သန့်စင်နားနေတော်မူတဲ့အချိန်၊ ကောသလမင်းကြီးရဲ့ ဖတူမိကွဲ ညီနောင်သုံးကျိပ်တို့ကလည်း အသီးသီး စုံတွဲတွေနဲ့ အဲဒီတောထဲမှာ ပျော်ပွဲသောက်စားဖို့လာကြတာ နေ့ခင်းရောက်တော့ အားလုံး သောက်စားမူးယစ် အိပ်ပျော်နေကြတုန်း ကိုယ်ပိုင်မယားမရှိတဲ့ မင်းသားအတွက် ခေါ်လာခဲ့တဲ့ ပြည့်တန်ဆာ အမျိုးသမီးက သူနဲ့ပျော်ပါးခဲ့တဲ့ မင်းသားရဲ့ ကိုယ်ပေါ်က လက်ဝတ်တန်ဆာ

http://www.dhammadownload.com

တွေ ခိုးပြီး ထွက်ပြေးပါလေရော။

နီးလို့ အကြောင်းစုံသိရတော့ အားလုံးဝိုင်းပြီး အဲဒီ အမျိုးသမီးကို လိုက်ရှာကြရာက သစ်တစ်ပင်ရင်းမှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားရှင်နဲ့ ပက်ပင်းပါ တိုးမိကြတာ။ သူတို့ဇောနဲ့သူတို့ဖြစ်နေတော့ ထိုင်ပြီးတော့တောင် အရိုအသေ မပြုနိုင်ကြဘူး။ မတ်တပ်ရပ်လျက်က 'အရှင်ဘုရား မိန်းမတစ်ယောက်ကိုများ မတွေ့မိဘူးလား' လို့ မေးလျှောက်ကြပါတယ်။

မြတ်စွာဘုရားက 'ငါမေးသည့်စကားကို သင်တို့ စဉ်းစားကြပါ။ မိန်းမတစ်ယောက်ကို ရှာဖွေတာနဲ့ ကိုယ့်ကိုယ်ကို ရှာဖွေတာ သင်တို့အတွက် ဘယ်ဟာက မြတ်ပါသလဲ' လို့ မိန့်ကြားလိုက်ပါတယ်။

ကိုယ့်ကိုယ်ကို လို့ ခေါ်တဲ့ ဒီခန္ဓာကိုယ်ကြီးမှာ တကယ်တမ်း ထင်ရှားရှိနေတဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အသုဘသဘောတွေကို မတွေ့မမြင်ကြတဲ့အတွက် အနိစ္စကို နိစ္စထင်၊ ဒုက္ခကို သုခထင်၊ အသုဘကို သုဘထင်ပြီး ခင်မင်တွယ်တာကြရင်း ငါ၊ ငါ့ဉစ္စာစတဲ့ အတ္တဒိဋ္ဌိတွေနဲ့ သတ္တဝါတွေ သံသရာမှာ ကျင်လည်နေကြရတာအတွင်းမှာ ရှာဖွေစရာအစစ်တွေကို သတိမရ၊ မသိကြလို့လည်း အပြင်

http://www.dhammadownload.com

က ရှာစရာတွေကို အဟုတ်ထင်ပြီး ရှာနေကြတာပါပဲ။ အရှိကို မမြင်တဲ့အတွက် အထင်ကို အဟုတ်မှတ်နေကြတဲ့ သဘောပါ။

အပြင်အာရုံတွေကို ရှာဖွေချင်တဲ့ လိုအင်ဆန္ဒ ဆိုတာကလည်း တရားနဲ့ မပယ်သတ်နိုင်ရင် ဘယ်တော့မှ ရပ်မှာ မဟုတ်တဲ့အတွက် အပြင်ကို ရှာဖွေရတဲ့အလုပ်ကလည်း ဘယ်တော့မှ ရပ်တယ်လို့ မရှိနိုင်ပါဘူး။ ဒါကြောင့် အတောမသတ်နိုင်တဲ့ အပြင်ရှာဖွေရေး အလုပ်တွေကို ရပ်ကြပြီး အရှာခရီး ဆုံးခန်းရောက်စေနိုင်တဲ့ အတွင်းရှာဖွေရေးဘက် ဦးတည်ကြဖို့ မြတ်စွာဘုရားရှင်က မိန့်ကြားလိုက်တာပါ။

ဒါကို ပါရမီဓာတ်ခံကောင်းကြတဲ့ မင်းသားသုံးကျိပ်တို့ကလည်း ချက်ချင်းပဲ သဘောပေါက်ကြတော့ 'မှန်လှပါ၊ ကိုယ့်ကိုယ်ကို ရှာဖွေတာ တပည့်တော်တို့အတွက် မြတ်ပါတယ်ဘုရား' လို့ ပြန်ကြားလျှောက်ထားပါတယ်။ 'ဒါဖြင့် ထိုင်ကြ၊ ငါဘုရား တရားဟောမယ်' ဆိုတော့မှ အရိုအသေ ထိုင်ကြတယ်။

မြတ်စွာဘုရားက စိတ်ဓာတ်တွေ ယဉ်ကျေးနူးညံ့လာအောင် အစဉ်အတိုင်း တရားဟောပြတော့ အားလုံး တရားရဲ့ အရသာကို တွေ့သိပြီး သောတာပန်တွေ ဖြစ်ကုန်

http://www.dhammadownload.com

ကြတယ်။ နောက်တော့ သာသနာ့ဘောင် အားလုံးဝင်ကြပြီး ပါဝါပြည်မှာ အနေများကြလို့ ပါဝါပြည်သား ရဟန်းတော်သုံးကျိပ်လို့ အသိများတယ်။ 'ကထိန်' ဆိုတာ အဲဒီရဟန်းတော်တို့ရဲ့ သဒ္ဓါတရားကို ငဲ့ပြီး ခွင့်ပြုခဲ့တာပေါ့။

မိမိနဲ့ ရင်းနှီးသူတွေထဲက ကျောင်းကန်ဘုရားနဲ့ ဆက်စပ်ပြီး အပြစ်ပြောလေ့ရှိသူများနဲ့ တွေ့ရတဲ့အခါတိုင်း ဒီအကြောင်းကို ပြောပြမိတယ်။ သာသနာတော်ကို ဆည်းကပ်တယ်ဆိုတာ 'သာသနာတော်နဲ့ ပတ်သက်ပြီး အပြစ်ရှာဖို့လား၊ ကိုယ့်ကိုယ်ကို အပျောက်ရှာဖို့လား' ဆိုတာ သတိထား အသိများစေချင်လို့ပါ။

ဒီလိုပုဂ္ဂိုလ်များနဲ့ ပတ်သက်လို့ လယ်တီဆရာတော်ကြီးရဲ့ ဩဝါဒတစ်ခုကိုလည်း ပြောပြမိတယ်။

တစ်ခါက လယ်တီဆရာတော်ကြီးဆီ ဒကာတစ်ယောက်လာပြီး 'အရှင်ဘုရားတပည့်တွေ ဒူးထောင်ပေါင်ကားနဲ့ နေကြတာကတော့ အမြင်မတော်ပါဘူးဘုရား' လို့လျှောက်ထားပါသတဲ့။ 'ဘယ်မှာတွေ့လို့တုံး ဒကာရ' ဆိုတော့ 'သူတို့နေတဲ့နေရာမှာပေါ့ဘုရား' လို့ လျှောက်ထားသတဲ့။ ဆရာတော်ကြီးက 'အေး . . . မင်းက သူတို့နေတဲ့နေရာကိုသာ သွားကြည့်လို့ပေါ့ကွာ။ ကုဋီတက်တဲ့အခါသာ

http://www.dhammadownload.com

ကြည့်ရင်တော့ ဒီထက်ပိုမြင်ရမှာပေါ့' လို့ပဲ မိန့်ကြားလိုက်ပါသတဲ့။

သာသနာတော်နဲ့ ကြုံတုန်း ချဉ်းကပ်လေ့လာ နာယူမှတ်သားခွင့်ရတဲ့အခိုက်မှာ ဘဒ္ဒဝဂ္ဂီညီနောင်တို့လို ကိုယ်ရှာရမယ့် ကိစ္စကို ကိုယ်တိုင်သဘောပေါက်ကြမှသာ သာသနာတွင်း လာခြင်းကောင်းသူများ ဖြစ်ကြမှာပါ။

မိလိန္ဒမင်းကြီးကို အရှင်နာဂသိန်က မိန့်ကြားတော်မူတဲ့ . . .

- ရေဟာ ကျိုက်ကျိုက်ဆူအောင် ပူနေပေမယ့် မီးခဲကိုတော့ ငြိမ်းစေနိုင်တယ်။
- ရွှံ့ညွန်နဲ့ နောက်ကျုနေတဲ့ရေဟာလည်း မစင်အညစ်အကြေးကိုတော့ပြောင်စင်စေနိုင်တယ်။
- သစ်သီးမှာ အပုပ်အနာရှိပေမယ့် ဝတ်မွတ်ဆာလောင်နေသူကိုတော့ အဆာပြေပျောက်စေနိုင်တယ် . . .

ဆိုတဲ့ အဆုံးအမများဟာလည်း ကုသိုလ်ဖြစ်အောင် တွေးလိုသူများအတွက် မှတ်သားစရာပါ။


ဗုဒ္ဓုပ္ပါဒဒုလ္လဘနဲ့ ကြုံခွင့်ရခိုက်မှာ မြွေဖမ်းသူများ မဖြစ်ကြဘဲ ကုသိုလ်ဖြစ်အောင် တွေးတတ်သူ၊ သာသနာ

http://www.dhammadownload.com

တွင်း လာခြင်းကောင်းသူ၊ ကိုယ့်အတွက် အမြတ်ရအောင် ရှာဖွေတတ်သူများ ဖြစ်ကြပါစေ။

အပြစ်ကို မရှာဘဲ အပျောက်ကို ရှာဖွေတွေ့ရှိနိုင်ကြပါစေသော်။

**ဓမ္မာဘောရီ အရှင်ဝီရိယ(တောင်စွန်း)**



http://www.dhammadownload.com

# သဘာဝဟာ သဘာဝပါ

'မချစ်တတ် မမုန်းတတ်တဲ့သူ' တဲ့။

ခေါင်းစဉ်ကြည့်ပြီး ရင်ထဲကို အပြုံးတစ်ခုက အလိုအလျောက် ဝင်လာပါတယ်။ အပြုံးက ရင်ထဲမှာပဲ ပြုံးနေတာဆိုတော့ . . . အပြင်ကလူတွေတော့ သိခွင့်မသာပါဘူး။ ဘာသာပဲ သိတဲ့အပြုံးပါ။

ရင်ထဲကအပြုံးနဲ့အတူ "ဪ . . . 'ချစ်' ဆိုတဲ့ စကားလုံးက ပါလာပြန်ရော" ဆိုတဲ့ အတွေးကလည်း ရှေ့ဆင့်နောက်ဆင့် ဝင်လာပြန်ပါတယ်။

ဒါကလည်း အကြောင်းရှိပါတယ်။ ရှေ့ပိုင်းမှာ "ငါ့ကိုမချစ်ပါနဲ့" "အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်"

http://www.dhammadownload.com

ဆိုတဲ့ စာအုပ်မျိုးတွေ ထုတ်ထားသလို တခြားစာအုပ်တွေ ထဲမှာလည်း 'အချစ်' ဆိုတဲ့စကားလုံးတွေ ထည့်သုံးထားလို့ ပါ။

ဆရာတော်အရှင်ဆန္ဒာဓိကရဲ့ စာအုပ်တွေထဲမှာ အဲဒီလို 'အချစ်' ဆိုတဲ့စကားလုံးတွေ သုံးတာကို တချို့က မကြိုက်ကြပါဘူး။ ရဟန်းတစ်ပါးအနေနဲ့ အချစ်အကြောင်း တွေ, အချစ် ဆိုတဲ့စကားလုံးတွေ မသုံးသင့်ဘူးပေါ့။

ဒါနဲ့ပတ်သက်ပြီး တချို့လည်း အပြုသဘောနဲ့ ဝေ ဖန်လာသလို တချို့လည်း အပြစ်သဘောနဲ့ ဝေဖန်လာကြပါ တယ်။ အပြုသဘောနဲ့ပဲ ဝေဖန်ဝေဖန်၊ အပြစ်သဘောနဲ့ပဲ ဝေဖန်ဝေဖန် သူတို့ရဲ့ ဦးတည်ချက်ကတော့ တစ်ခုတည်းပါ ပဲ။ အဲဒါကတော့ 'အချစ်' ဆိုတဲ့ စကားလုံးတွေ မပါဖို့ပါ။

ဒါမျိုးလေးတွေက သိပ်ပြီး ခေါင်းခဲရမယ့် ကိစ္စလေး တွေတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောခဲ့တဲ့ တရား တော်တွေကို ပြန်ကြည့်လိုက်ရုံပါပဲ။ မြတ်စွာဘုရားဟောခဲ့တဲ့ တရားတော်တွေထဲမှာ အချစ်အကြောင်းတွေ၊ ကာမဂုဏ် အကြောင်းတွေ အများကြီးပါပါပဲ။ တချို့စကားလုံးတွေဆို သာမန်အားဖြင့် တွေးရင် မနာဝံ့စရာပါ။

ဒါပေမဲ့ ဘာဖြစ်လို့ မြတ်စွာဘုရားက ဒါတွေကို

http://www.dhammadownload.com

ဟောရသလဲဆိုတော့ 'မဟာကရုဏာတော်ကြောင့်' လို့ဆိုပါတယ်။ တပည့်သာဝကတွေ အပြစ်ကို အပြစ်မှန်း သိစေလိုတဲ့ မဟာကရုဏာတော်ပါ။ အထူးသဖြင့် ဒီအကြောင်းကို ပါရာဇိကကဏ်အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

အချစ်ဆိုလို့ ပြောရပါဦးမယ်။ မြတ်စွာဘုရားက သဂါထာဝဂ် သံယုတ်ပါဠိတော်မှာ " ပိယသုတ္တန် " ဆိုပြီး ဟောထားတာရှိပါတယ်။ မြန်မာလို ပြန်ရင်တော့ "အချစ်သုတ္တန်" ပေါ့လေ။ ပါဠိရှိတဲ့အတိုင်း "ပိယသုတ္တန်" လို့ ဟောရင် ဘာမှမပြောကြပေမယ့် မြန်မာလို 'အချစ်သုတ္တန်' လို့ ဟောရင်တော့ ဝေဖန်ကြမှာပါ။ အဓိပ္ပာယ်ကတော့ အတူတူပါပဲ။

တကယ်တော့ လူသားတွေရှိနေသရွေ့ အချစ်ဆိုတာ ရှိနေကြဦးမှာပါ။ အချစ်ဆိုတာရှိနေသရွေ့ လူသားတွေလည်း ရှိနေဦးမှာပါ။ လူသားတွေမှာ အချစ်ရှိနေသေးသရွေ့တော့ အချစ်အကြောင်းတွေလည်း ဟောနေပြောနေ ရေးနေရဦးမှာပါ။ လူသားတွေမှာ အချစ်မရှိတော့ရင်တော့ တစ်မျိုးပေါ့လေ။ အနာဂါမ်ဖြစ်မှပဲ အချစ်ဆိုတာ မရှိတော့မှာပါ။ အချစ်ရှိနေတဲ့ လူသားတွေအတွက် . . . အချစ်အကြောင်း ဟောပြ ရေးပြတာ တကယ်တော့ ကျေးဇူးတင်

http://www.dhammadownload.com

စရာပါ။

အချစ်အကြောင်း မရေးပါနဲ့လို့ တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် အဲဒီ တစ်စုံတစ်ယောက်ကို မေးခွန်းတစ်ခုတော့ ပြန်မေးရပါလိမ့်မယ်။ အဲဒါကတော့ "သင့်မှာအချစ်မရှိဘူးလား" ဆိုတဲ့ မေးခွန်းပါပဲ။ အဲဒီအခါကျရင် ပြုံးပြုံးကြီးနဲ့ "ရှိပါတယ်ဘုရား" လို့ပြန်ဖြေမှာ မြင်ယောင်မိပါသေးတယ်။

ပဌာန်းသဘောတရားအရ . . . ဒီအချစ်ကိုပဲ အကြောင်းပြုပြီး ဒါန သီလ ဝိပဿနာတွေဖြစ်၊ အဲဒီကနေ တစ်ဆင့်တက်ပြီး နိဗ္ဗာန်အထိ ရောက်သွားနိုင်ပါတယ်။ ရောက်သွားတဲ့ သာဓကဝတ္ထုတွေလည်း အများကြီးပါ။

ဒီလိုပါပဲ၊ ဆန့်ကျင်ဘက်အနေနဲ့ ပြောမယ်ဆိုရင်လည်း ဒီအချစ်ကိုပဲ အကြောင်းပြုပြီး စာမေးပွဲကျသွားတာ၊ ထောင်ကျသွားတာ၊ ငရဲကျသွားတာ စတဲ့ သာဓကဝတ္ထုတွေ အများကြီးပါ။ ကိုယ်က သူတစ်ပါးရဲ့ အမှားကို နည်းယူ၊ သံဝေဂယူရမှာပါ။ အပြစ်တစ်ခုအဖြစ် ထိုင်ဝေဖန်နေရမှာ မဟုတ်ပါဘူး။

အမှန်တော့ စာဖတ်တယ်ဆိုတာ စာတစ်အုပ်လုံး အကုန်ဖတ်ရပါ့မယ်။ ကွက်ကျော်ဖတ်သွားရင် စာရေးဆရာ

http://www.dhammadownload.com

ပြောချင်တဲ့ တကယ့်အနှစ်ကို ကျော်သွားတတ်ပါတယ်။ ဥပမာ - 'ငါ့ကိုမချစ်ပါနဲ့' ဆိုတဲ့စာအုပ်ဆိုရင် ခေါင်းစဉ်ပဲကြည့်ပြီး ဆုံးဖြတ်လို့ ဘယ်ရမလဲ၊ စာတစ်အုပ်လုံးကို အကုန်ဖတ်ရမှာပေါ့။ အဲဒီအထဲကမှ တကယ့်အနှစ်ကို ထုတ်ယူနိုင်ရမှာပါ။

"မချစ်တတ် မမုန်းတတ်တဲ့သူ" တရားထဲမှာ စာရေးသူ ဒီနေ့အထိ သတိရနေတဲ့ စာပိုဒ်လေးတစ်ပိုဒ် ပါပါတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။

စာရေးသူမှာ နေရာသစ်ကို ရောက်စမှာပဲ အာရုံတစ်ခုကို အမှီပြုပြီး စိတ်ဖိစီးမှုဝေဒနာတစ်ခုကို မသိမသာလေး ခံစားနေရပါတယ်။ အဲဒီအာရုံနဲ့ တွေ့လိုက်တိုင်း, အဲဒီအာရုံကို တွေးလိုက်တိုင်း စိတ်ညစ်သလိုလို ခံစားရပါတယ်။

"မချစ်တတ် မမုန်းတတ်တဲ့သူ" တရားထဲမှာ လူတွေရဲ့ အားနည်းချက်၊ အားသာချက်နဲ့ ပတ်သက်လို့ "သဘာဝဟာ သဘာဝပါ" ဆိုတဲ့စကားလုံးလေးကို နှလုံးသွင်းဖို့ တိုက်တွန်းထားပါတယ်။

စာရေးသူမှာ . . . အဲဒီတရား နာပြီးကတည်းက အထက်က ပြောခဲ့တဲ့ စိတ်ညစ်စရာအာရုံကို တွေ့မိတိုင်း, တွေးမိတိုင်း "သဘာဝဟာ သဘာဝပါ" လို့ စိတ်ထဲက တိုး

http://www.dhammadownload.com

တိုးလေး ရွတ်လိုက်ပါတယ်။ အဲဒီအခါမှာ စိတ်ညစ်စရာလေးလည်း အလိုလိုပျောက်သွားသလို . . အာရုံအပေါ်ကိုလည်း "သဘာဝဟာ သဘာဝပါ" ဆိုပြီး အလိုလို ခွင့်လွှတ်ပြီးသား ဖြစ်သွားပါတယ်။ သဘာဝတရားကို ခွင့်လွှတ်တတ်တာ အကောင်းဆုံးပါ။ ခွင့်မလွှတ်တတ်ရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာပါ။

တကယ်တော့ . . စာတစ်အုပ်, တရားတစ်ပုဒ်မှာ အကုန်လုံးကောင်းဖို့ မလိုပါဘူး။ ကောင်းလည်း မကောင်းနိုင်ပါဘူး။ ကိုယ့်အတွက် အသုံးတည့်စရာတစ်ခုခု ပါဖို့ပါ။ တစ်ခုတော့ ရှိပါတယ်။ ဖတ်ပြီး နာပြီးရင် ကိုယ့်ရဲ့ လက်တွေ့ဘဝထဲမှာ အသုံးချကြည့်ဖို့တော့ လိုပါတယ်။ ဒါမှလည်း ဖတ်ရနာရတာ တန်တာပါ။

* * *

ဒီ "မချစ်တတ် မမုန်းတတ်တဲ့သူ" ဆိုတဲ့တရားက ရန်ကင်း၊ ဘောက်ထော်မှာ ဟောတာပါ။ စာရေးသူက ကျောက်ကျွန်းမှာ နေပေးနေရတာဆိုတော့ တရားဟောတဲ့ညက သွားပြီး နာဖြစ်လိုက်ပါတယ်။ တရားမဟောခင် ဖုန်းဆက်ဖြစ်ရင်း "ဘယ်နှနာရီဟောမှာလဲ" လို့ မေးလျှောက်ကြည့်တော့ "တစ်နာရီပဲ" တဲ့။ ဘာဖြစ်လို့လဲဆိုတော့ . . .

http://www.dhammadownload.com

မင်္ဂလာဒုံဘက်က ဇွတ်လာပင့်လို့ ဒီကအပြီး အဲဒီကို သွား ဟောပေးရဦးမယ်တဲ့။

ဘောက်ထော်နဲ့ မင်္ဂလာဒုံက အတော်လေး လှမ်း တော့ "တစ်နာရီပဲ ဟောတာ ကောင်းပါတယ်"လို့ ပြန် လျှောက်လိုက်မိပါသေးတယ်။

ဒါပေမဲ့ တကယ်တမ်းလည်း ဟောရော နှစ်နာရီ ကြာသွားပါတယ်။ ဟောရင်းနဲ့ အာတွေ့သွားပုံရပါတယ်။ တရားနာရတဲ့သူတွေလည်း နှစ်နာရီနာလိုက်ရတော့ တော် တော်လေး ကျေနပ်သွားပုံရပါတယ်။

နာရီကြည့်လိုက်တော့ ညဆယ်နာရီနီးနေပါပြီ။ မင်္ဂ လာဒုံကိုလည်း ကူးရဦးမှာပါ။ တရားပွဲပြီးတော့ စာရေးသူ နေတဲ့ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာကို ခဏဝင်ပြီး သင်္ကန်း ပြန်ပြင်ရုံပါတယ်။ သင်္ကန်းပြန်ပြင်ရုံတယ် ဆိုတာထက် . . . သင်္ကန်း ဝင်ခါတယ်လို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။

ဖြစ်ပုံက ဒီလိုပါ။

တရားပွဲမှာ လူပုဂ္ဂိုလ်တွေချည်း လာနာကြတာ မဟုတ်ပါဘူး။ ပုရွက်ဆိတ်ကလေးတွေလည်း လာနာကြပါ တယ်။ တရားနာတဲ့အခါမှာလည်း ဆရာတော် အရှင်ဆန္ဒာ ဓိကကို နီးနီးကပ်ကပ် ဖူးချင်လို့ ထင်ပါတယ်၊ ပလ္လင်ပေါ်

http://www.dhammadownload.com

အထိ တက်နာကြပါတယ်။ ဒါတွင်မကပါဘူး။ ပုရွက်ဆိတ် ကလေးတွေက 'ဆရာတော်အရှင်ဆန္ဒာဓိက ပလ္လင်ပေါ်မှာ တင်ပျဉ်ခွေထိုင်နေရတာ ညောင်းနေမှာပဲ၊ ငါတို့ကြုံတုန်း ကုသိုလ်ယူလိုက်ဦးမှ' ဆိုပြီး သူတို့ရဲ့ အစွယ်လေးတွေနဲ့ နေရာမျိုးစုံကို ဝိုင်းနှိပ်နယ်ပေးကြပါတယ်။ ဝတ်ပြုပေးကြ တယ်ပေါ့။

ပုရွက်ဆိတ်လေးတွေက သဒ္ဓါတရားနဲ့ အစွယ် လေးတွေနဲ့ ဝိုင်းနှိပ်နယ်ပေးနေကြပေမယ့် တရားဟောရင်း အနှိပ်ခံနေရတဲ့ ဆရာတော်မှာတော့ မသက်သာလှပါဘူး။ ပုရွက်ဆိတ်ကလေးတွေ သူတို့ရဲ့ အစွယ်ကလေးတွေနဲ့ နှိပ် နယ်ပေးနေတာကို သည်းခံရင်း ပလ္လင်ပေါ်မှာ နှစ်နာရီကျော် လောက် . . . ဓမ္မဒါနကုသိုလ်နဲ့ ခန္တီပါရမီကို တစ်ပြိုင်နက် ကျင့်သုံးလိုက်ရပါတယ်။

ဒါကြောင့် ဘောက်ထော်တရားပွဲအပြီးမှာ စာရေး သူ ကျောင်းကို ခဏဝင်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ပုရွက်ဆိတ်ကလေးတွေက မင်္ဂလာဒုံအထိ လိုက်ပြီး တရားနာရင်း ဝေယျာဝစ္စပြုပေးချင်လို့ ဆိုပြီး သင်္ကန်းမှာ ခိုပြီး လိုက်ခဲ့လို့ပါ။

စာရေးသူကျောင်း ရောက်တော့ . . ဆရာတော်

http://www.dhammadownload.com

အရှင်ဆန္ဒာဓိက က မင်္ဂလာဒုံအထိ လိုက်မယ့် သူ့ရဲ့ သာဝက ပုရွက်ဆိတ်ကလေးတွေကို 'မင်္ဂလာဒုံအထိတော့ မလိုက်ပါနဲ့၊ အပြန်မှာ ပြန်ပို့ပေးဖို့ ကားအခက်အခဲရှိလို့ပါ' ဆိုပြီး စာရေးသူရဲ့ ကျောင်းမှာပဲ တောင်းတောင်းပန်ပန်နဲ့ ထားခဲ့ရပါတယ်။

တကယ်တော့ ပုရွက်ဆိတ်ကလေးတွေ ဝတ်ပြုတဲ့အထဲမှာ ဆရာတော်အရှင်ဆန္ဒာဓိကတွင် မကပါဘူး။ စာရေးသူကိုလည်း ဝတ်ပြုပေးပါတယ်။ ပုရွက်ဆိတ်ကလေးတွေ ဝတ်ပြုပေးနေတာကို ငြိမ်ပြီး သည်းခံပေးနေရပါတယ်။ ကိုယ်က ပလ္လင်ရှေ့ကလည်းဖြစ်၊ တရားနာပရိသတ် ရှေ့ကလည်းဖြစ်ဆိုတော့ ဟိုလှုပ်ဒီလှုပ် လုပ်နေရင် "ဒီကိုယ်တော် တရားနာတာ ဣန္ဒြေကို မရဘူး" လို့ နောက်ကနေ အပြစ်တင်နေကြမှာပါ။

အမှတ်တရတွေထဲက အမှတ်တရတစ်ခုပါပဲ။

* * *

တချို့က စာရေးသူကို မေးကြပါတယ်။ အရှင်ဆန္ဒာဓိက ဘာဖြစ်လို့ အထင်ကရဖြစ်ရတာလဲတဲ့။ ဒီတော့ စာရေးသူက "ရွှေပါရမီကြောင့်" လို့ဖြေတော့ သူတို့က ချက်ချင်း သဘောမပေါက်ဘဲ "ဟင် . . . " ဆိုပြီး မေးခွန်း ပြန်

http://www.dhammadownload.com

မေးတဲ့သဘော ဖြစ်နေတာနဲ့ "ကံကြောင့်၊ အတိတ်ဘဝတွေက ဖြည့်ကျင့်ခဲ့တဲ့ ကံကြောင့်" လို့ ထပ်ဖြေလိုက်မှ သဘောပေါက်သွားပါတယ်။

စာရေးသူဘဝမှာ အကြောက်ဆုံးကတော့ 'ကံ' တရားပါပဲ။ စာသိပဲဖြစ်ဖြစ် ကိုယ်တွေ့သိပဲဖြစ်ဖြစ် သိတိုင်းလည်း မပြောသင့်ပါဘူး။ ကိုယ့်အပေါ် ကျေးဇူးများတဲ့သူ၊ ကိုယ့်အပေါ် ယုံကြည်တဲ့သူ၊ အဲဒီလိုလူမျိုးလောက်ပဲ ပြောသင့်ပါတယ်။

ဒီအကြောင်းလေးတွေကို ကိုယ့်အပေါ် ကျေးဇူးများတဲ့ ဒကာဒကာမတချို့ကိုတော့ ပြောပြဖြစ်ပါတယ်။ ကံပါရမီကောင်းနေတဲ့သူကို လှူရင် ပိုအကျိုးများတယ်ဆိုတဲ့ အကြောင်းပါ ။

ဥပမာ - စာရေးသူကိုလှူတာနဲ့ ဆရာတော် အရှင်ဆန္ဒာဓိကကို လှူတာမှာ ဆရာတော် အရှင်ဆန္ဒာဓိကကို လှူတာက ပိုအကျိုးများတယ်ပေါ့လေ။

ဒီလိုပါပဲ၊ အပြန်အားဖြင့် ပြောမယ်ဆိုရင်လည်း စာရေးသူကို ပြစ်မှားတာနဲ့ ဆရာတော်အရှင်ဆန္ဒာဓိကကို ပြစ်မှားတာမှာ ပြစ်မှားတာချင်း တူပေမယ့် ဆရာတော် အရှင်ဆန္ဒာဓိကကို ပြစ်မှားတာက ပိုအပြစ်ကြီးပါတယ်။

http://www.dhammadownload.com

အဋ္ဌကထာမှာ ဂုဏ်ရှိတဲ့သူကို ပြစ်မှားရင် ပိုအပြစ်ကြီးကြောင်း တသီးတခြားကို ဖွင့်ပြထားလို့ပါ။

တကယ်တော့ ကံဆိုတာ ပြုပြီးရင် ပြောက်သွားတာပါ။ ဘာမှ ပြန်လုပ်လို့ မရတော့ပါဘူး။ စာစကားနဲ့ ပြောရင် ကံတစ်ခုကို ပြုလိုက်တိုင်း ဥပါဒ်,-ဌီ,-ဘင်=ဖြစ်, တည်, ပျက်ဆိုပြီး ချုပ်ချုပ်သွားပါတယ်။ ချုပ်ပြီး ဘာလေးတွေ ကျန်ခဲ့သလဲဆိုတော့ ကမ္မသတ္တိလေးတွေ ကျန်ခဲ့ပါတယ်။ အဲဒီ ကမ္မသတ္တိလေးတွေက ကာလတစ်ခုမှာ မုချကေန် အကျိုးပေးတော့မှာပါ။

ကာလတစ်ခုဆိုတော့ ဒီဘဝလည်း ဖြစ်ချင်ဖြစ်မယ်။ နောက်ဘဝလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် နှစ်ခုမြောက်ဘဝ၊ သုံးခုမြောက်ဘဝလည်း ဖြစ်ချင်ဖြစ်မယ်။ ကာလတစ်ခုမှာတော့ ကေန်မုချ အကျိုးပေးမှာပါ။ ကောင်းကံပြုခဲ့ရင် ကောင်းကံအားလျော်စွာ၊ မကောင်းကံပြုခဲ့ရင် မကောင်းကံအားလျော်စွာပေါ့။

အခု ချစ်တဲ့စာဖတ်ပရိသတ်ကြီးကိုတော့ တခြားသူတွေကို ပြောမပြဖြစ်တဲ့ စကားတချို့ ပြောပြလိုက်ပါတယ်။ ကံပြုခါနီးမှာ 'ကံဆိုတာ ပြုပြီးရင် ပြောက်သွားတာပဲ၊ ဘာမှ ပြန်လုပ်လို့ မရတော့ဘူး' ဆိုတဲ့ အတွေးလေး ဝင်ဖြစ်ခဲ့ရင်

http://www.dhammadownload.com

တော့ ဒီအမှာစာ ရေးရကျိုးနပ်ပါပြီ။

* * *

လူဆိုတာ တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့ မရပါဘူး။ အများနဲ့ နေကြရတာပါ။ ဒါလည်း သဘာဝ တစ်ခုပါ။ ပုထုဇဉ်တွေ စုနေကြရတဲ့ လောကကြီးထဲမှာ ပုထုဇဉ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားတွေကတော့ သဘာဝဖြစ်စဉ်တစ်ခုအနေနဲ့ အစဉ်ထာဝရ ဖြစ်နေကြမှာပါ။

အဲဒီ သဘာဝဖြစ်စဉ်တွေထဲမှာ ကိုယ်ကျေနပ်တာလည်း ပါမယ်။ မကျေနပ်တာလည်း ပါမယ်။ ကျေနပ်စရာဆိုရင် ပျော်မယ်၊ မကျေနပ်စရာဆိုရင် ဝမ်းနည်းမယ်၊ နာကြည်းမယ်။ အဲဒီလို သဘာဝဖြစ်စဉ်တစ်ခုအပေါ် ကို ကိုယ့်ရဲ့ စိတ်က လိုက်ပြီး ယိမ်းယိုင်နေမယ်ဆိုရင် ကိုယ်ပဲ နစ်နာမှာပေါ့။

စိတ်အနှောင့်အယှက်ဖြစ်စရာ အာရုံတစ်ခုနဲ့ တွေ့ကြုံလာရတဲ့အခါမှာ အဲဒီအာရုံအပေါ် ကို ကိုယ့်ရဲ့ သတိဉာဏ်ကို တည့်တည့်စိုက်ချလိုက်ပြီး "သဘာဝဟာ သဘာဝပါ" လို့ နှလုံးသွင်းလိုက်ရင် ကိုယ့်အတွက် အမြတ်ထွက်သွားတာပါပဲ။

ဘာပဲပြောပြော စာရေးသူကတော့ ဆရာတော်

ဦးဇောတိက၊ ဆရာတော် ဦးဆောကိန္ဒ၊ ဆရာတော် အရှင်ဆန္ဒာဓိက ဆိုတဲ့ အင်္ဂါသား(၃)ပါး သာသနာမှာ မရှေးမနှောင်း ပေါ်ထွန်းလာတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူး။ အင်္ဂါသား(၃)ပါးကို အမှီပြုပြီး . . . ဘဝပုံစံ ပြောင်းသွားတဲ့ လူသားတွေလည်း သောင်းသိန်းမကတော့ပါဘူး။

အင်္ဂါနဲ့ နီးတဲ့ ဗုဒ္ဓဟူးသား စာရေးသူကတော့ နေ့နံ နီးရုံတွင် မဟုတ်ဘဲ "စိတ်ဓာတ်နဲ့ အသိ" ပါ နီးအောင် အတော်လေး ကြိုးစားရဦးမှာပါ။ ။

**ရဝေနွယ်(အင်းမ)**

၂၂-၇-၂၀၀၄

နံနက် (၈) နာရီ (၁၀) မိနစ်



http://www.dhammadownload.com

http://www.dhammadownload.com



# အေးမြသောမေတ္တာရိပ်

ဆရာတော်အရှင်ဆန္ဒာဓိကဘုရား . . .

ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

တပည့်တော်မသည် နယ်မှ အလုပ်လာလုပ်နေသူ တစ်ဦးပါဘုရား။ ရန်ကုန်ရောက်မှ ဆရာတော်၏ စာအုပ်များကို စုံလင်စွာ ဖတ်ခဲ့ရပါတယ် ဘုရား။

တပည့်တော်ရဲ့ အမေထံကိုလည်း စာအုပ်များ၊ တိပ်ခွေများ ဝယ်ပြီး ပို့ပေးပါတယ်။ ပြန်တိုင်းလည်း တရား အတူနာပြီး၊ တရားအသိ ဖလှယ်ကြပါတယ်။ ပြန်စဉ်တစ်ခါ က အမေပြောလိုက်တဲ့စကားကြောင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရ

http://www.dhammadownload.com

ပါတယ်ဘုရား။

အမေက ပြောပါတယ်။ သူ နေမကောင်းဖြစ်ချိန်မှာ ဆရာတော်ရဲ့ 'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား' နဲ့ 'ကြာလိုလူ' စာအုပ်ဖတ်ပြီး နှလုံးသွင်းတဲ့အတွက် ရောဂါသုံးမျိုးနှစ်မျိုး သက်သာသွားတယ်လို့ ပြောပါတယ်။ ဒါကြောင့် ဆရာတော်ကို ကျေးဇူးတင်ကြောင်း ပြောပေးဖို့ အထပ်ထပ် မှာပါတယ်ဘုရား။

တပည့်တော်မှာ ငယ်စဉ်ကတည်းက အမေ့ကို အေးချမ်းစွာ နေထိုင်စေလိုတဲ့ဆန္ဒ ပြင်းပြစွာ ရှိခဲ့ပါတယ်ဘုရား။ ဆရာတော်ရဲ့ စာအုပ်များဖတ်ပြီး နောက်ပိုင်းမှာ အမေဟာ အေးချမ်းစွာ နေထိုင်တတ်လာပါတယ်။

တပည့်တော်တို့ သားအမိနှစ်ဦးရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ဆရာတော်ကို နေ့စဉ် ဆုတောင်းမေတ္တာများ ပို့သပေးနေပါတယ်ဘုရား။ တပည့်တော် တန်ဖိုးထားတဲ့ ချွေးနှဲစာလေးနဲ့ 'လခဦးအလှူ' လာလှူရင်း အမေမှာခဲ့တဲ့ စကားလေးကို လျှောက်ထားခွင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်လှပါတယ်ဘုရား။

တပည့်တော် နယ်ကပြန်လာတော့ ဆရာတော်ကို ကပ်ဖို့ ဟာလဝါလေး ဝယ်ခဲ့ပါတယ်။ တက်လမ်းမှ မိတ်ဆွေ

http://www.dhammadownload.com

တစ်ဦးကို ကပ်ပေးဖို့ အကူအညီတောင်းပြီး ထားခဲ့ပါတယ်။ နောက်တစ်ပတ်အကြာမှာ တပည့်တော် နေမကောင်းဖြစ်ပါတယ်ဘုရား။ ရင်တွေတုန်ပြီး ထတောင် မထိုင်နိုင်ပါဘူး။

အဆောင်က မိတ်ဆွေတွေကလည်း . . . အကြီးအကျယ်ဖြစ်တယ် မထင်လို့ ရုံးသွားကြပါတယ်။ ဗိုက်ဆာဆာနဲ့ပဲ လှဲနေရပါတယ်။ အဲဒီအချိန်မှာ ဆရာတော်ကို ဟာလဝါလေး ကပ်ခဲ့တဲ့ ပီတိကလေးကို ပြန်အမှတ်ရမိပါတယ်။

မကြာခင်မှာပဲ လမ်းကြုံလို့ ဝင်လာတဲ့ သူငယ်ချင်းက ဆေးတွေရော၊ မုန့်တွေရော ဝယ်ပေးသွားပါတယ်။ တပည့်တော်မရဲ့ ရင်ထဲမှာ မိမိပြုလုပ်ခဲ့သော ကောင်းမှုကံသာလျှင် မိမိရဲ့ အားကိုးရာအစစ် ဖြစ်တယ်ဆိုတာကို နက်ရှိုင်းစွာ ယုံကြည်လာမိပါတယ် ဘုရား။

ဆရာတော်ဟောကြားတဲ့ 'ဘယ်လောက်ဝေးဝေး နီးနီးလေး' တရားတော်ထဲမှ ရေမေတ္တာပို့နည်းလေးကို ချက်ချင်း ကျင့်သုံးခဲ့တဲ့အတွက် အကျိုးထူးရခဲ့ပုံလေးကို လျှောက်ထားပါရစေ ဘုရား။

ဆရာတော် ဟောကြားပြီး နောက်နေ့ မနက်မှာပဲ တပည့်တော်ကို စိတ်ဆိုးနေတဲ့ နယ်က အစ်မထံကို ရေမေတ္တာ စပို့ပေးပါတယ်။ ရေချိုးနေစဉ်မှာ ယုံယုံကြည်ကြည်

http://www.dhammadownload.com

နဲ့ စူးစူးစိုက်စိုက် ပြုလုပ်ခဲ့ပါတယ်။ အမှန်တကယ်ပဲ အစ်မထံကို မေတ္တာတွေ ရောက်ရှိသွားပြီလို့ ယုံကြည်နေပါတယ်။

စိတ်၏ ငြိမ်းအေးခြင်း၊ ကျေနပ်ဝမ်းမြောက်ခြင်း ပီတိတွေကိုလည်း ခံစားရပါတယ် ဘုရား။ အစ်မဆီက သတင်းတစ်ခုခု ကြားရတော့မယ်ဆိုတာကိုလည်း စိတ်ထဲမှာ သိနေသလိုလို ခံစားရပါတယ်။

နောက်နှစ်ရက်အကြာမှာ တပည့်တော်ကို စိတ်ဆိုးနေတဲ့ အစ်မဆီက ဖုန်းလာပါတယ် ဘုရား။ တပည့်တော် ဘွဲ့ယူဖို့ သူ အကုန်စီစဉ်ထားတဲ့အကြောင်းနဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့ မှာပါတယ်။ တပည့်တော် အရမ်း ဝမ်းသာမိခဲ့ပါတယ်ဘုရား။ ခုနောက်ပိုင်းမှာတော့ သတ္တဝါအားလုံးကို ရေမေတ္တာ ပို့ပေးနေပါတယ်ဘုရား။

'စိတ်အားဖြည့်မွေသံစဉ်' စာအုပ်လေးထဲက အရုပ်ပုံလေးတွေဟာ အသက်ဝင်ပြီး အဓိပ္ပာယ်များစွာ ရှိပါတယ်။ တပည့်တော်တို့လို လူငယ်တွေအတွက် အသိအလင်းပေးတဲ့ ပုံတွေထဲမှာ 'သူ့အားကိုးရင် ကိုယ့်အားညှိုးမယ်' ဆိုတဲ့ ခေါင်းစဉ်အောက်က စာသားနဲ့ ငှက်ပုံလေးရယ်၊ 'ယာယီကို တာရှည် မထင်ပါနဲ့' ဆိုတဲ့ ခေါင်းစဉ်အောက်က စာသားနဲ့ ဒေါက်ဖိနပ်ပုံလေးတွေဟာ မှန်ကန်သော အသိအလင်းတွေ

http://www.dhammadownload.com

ပေးနေတဲ့ပုံလေးတွေဆိုတာကို ခံစားလို့ရပါတယ်။ သတိရ တိုင်းလည်း နှလုံးသွင်းဆင်ခြင်နေမိပါတယ် ဘုရား။

'လိုတရနှလုံးသား' ဖတ်ပြီးနောက်ပိုင်းမှာ ဗုဒ္ဓါနုဿ တိကို သတိရတိုင်း ပွားပါတယ်ဘုရား။ ထူးခြားချက်ကတော့ ဘုရားရှင်ကို ပိုပြီး ကြည်ညိုလာမိပါတယ်။ စိတ်တွေ ပိုပြီး နူးညံ့လာသလို ခံစားရပါတယ်။ ပွားနေစဉ်မှာ မြတ်စွာဘုရား ရှင်ရဲ့ အေးချမ်းတဲ့အရိပ်ကို ခိုလှုံနေရသည့်အလား ငြိမ်းချမ်း ခြင်းတွေကို ခံစားရပါတယ်။ အထူးခြားဆုံးကတော့ လိုချင် မှု၊ မကျေနပ်မှုတွေ လျော့ပါးသွားပြီး ပစ္စုပ္ပန်ကျကျ နေတတ် လာတာကို သတိပြုမိပါတယ် အရှင်ဘုရား။

ဆရာတော်ရဲ့ တရားစခန်းမှအပြန် မေတ္တာပို့ခြင်း ကို သတိရတိုင်း ပွားပါတယ်ဘုရား။ ထိုမေတ္တာစိတ်ကြောင့် စိတ်က ကြည်လင်နေပြီး မိမိပြောသော စကားသံ၊ မိမိပြု သော အပြုအမူများကို တစ်ဖက်သားက ခံစားရတဲ့အတွက် သူ့ဒေါသအရှိန် လျော့သွားတဲ့အဖြစ်မျိုးနဲ့လည်း ကြုံခဲ့ရဖူး ပါတယ်။ မိမိ အခက်အခဲကြုံက ကူညီမည့်သူများ ပေါ် ပေါက်လာခြင်း၊ မိမိနှင့် မသိသော်လည်း ကူညီစောင့်ရှောက် သွားခြင်း စသော အကျိုးထူးများ ရလာပါတယ်ဘုရား။

အဲဒီမေတ္တာစိတ်ရဲ့ အစွမ်းကြောင့်ပဲလား မသိပါ

http://www.dhammadownload.com

ဘုရား။ ငယ်စဉ်ကတည်းက ဆေးထိုးအပ် အထိုးခံရမှာ အလွန်ကြောက်တတ်တဲ့ တပည့်တော်ဟာ . . သွေးလှူခြင်း ကုသိုလ်ကို ပြုလုပ်ရခဲ့ပါတယ်ဘုရား။ မေတ္တာစိတ်ရဲ့ အင်အားကြီးမားပုံကို အနည်းငယ်သော ဖြစ်ရပ်များနဲ့ ကိုယ်တွေ့ခံစားလာရပါတယ်ဘုရား။

ဆရာတော်ဆုံးမတဲ့ အဆုံးအမထဲက အတိုဆုံးနဲ့ အနှစ်သာရ အပြည့်ဝဆုံးဖြစ်တဲ့ 'ဖြစ်တိုင်းသိ' ဆိုတဲ့ အဆုံးအမလေးဟာ တပည့်တော်မအတွက် အနှိုင်းမဲ့ရတနာပါဘုရား။ လောကဓံတွေနဲ့ ရင်ဆိုင်ရလေလေ အလွန်တန်ဖိုးရှိတာကို သိလာလေလေပါပဲ အရှင်ဘုရား။

ဆရာတော်ရဲ့ကျေးဇူးတရားသိတတ်ပုံကို 'သာသနာ့အာဇာနည် ရွှေပါရမီ' ဆိုတဲ့ စာအုပ်ထဲမှာ ဖတ်ခဲ့ရပါတယ်။ တပည့်တော်မ ကြည်ညိုလေးစားမိပါတယ်ဘုရား။ ကိုယ်တိုင်လည်း အဲဒီအချိန်ကတည်းက စပြီး ကျေးဇူးသိတတ်အောင်၊ ဆပ်နိုင်အောင် ကြိုးစားလေ့ကျင့်ပါတယ်ဘုရား။ အဲဒီနောက်ပိုင်းမှာ ကျေးဇူးတရားသိတတ်တဲ့ ခင်တတ်ခံတူ မိတ်ဆွေများ ရလာပါတယ်ဘုရား။

'နှိုနှစ်လုံးဖိုးလုံးကျေပါတယ်' စာအုပ်ထဲက ရှေ့ပိုင်း ဓမ္မမိတ်ဆွေသုံးဦးရဲ့ စာထဲမှ ကောင်းမြတ်တဲ့ စိတ်ထားများ

http://www.dhammadownload.com

ကို အတုယူလေးစားမိပါတယ်။ တစ်ဦးချင်းဆီမှ မွန်မြတ်သော ဓမ္မအသိများကိုလည်း မိမိနှလုံးသားထဲမှာ မိတ္တူကူးယူထားပါတယ်။

ဆရာတော်ရဲ့ စာအုပ်များကို ဖြစ်မြောက်အောင် မွန်မြတ်သော စိတ်စေတနာများဖြင့် ဆောင်ရွက်ပေးနေကြတဲ့ ဆရာတော်ရဲ့ ပါရမီဖြည့်ဘက်များ အားလုံးကိုလည်း မေတ္တာပို့ပေးနေပါတယ် ဘုရား။

ဆရာတော်ရဲ့ စာအုပ်များ ဖတ်ပြီးနောက်ပိုင်းမှာ စိတ်ရဲ့အင်အား တိုးတက်လာပါတယ်။ လောကကောင်းကျိုး၊ အများကောင်းကျိုးကို တစ်ထောင့် တစ်နေရာက ဆောင်ရွက်ပေးလိုစိတ်တွေ ဖြစ်လာခဲ့ပါတယ်။

ဆရာတော်ရဲ့ သင်္ကြန်တရားစခန်းပွဲ ပိတ်ခါနီးမှာ 'ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေထက် လင်းပါစေ' လို့ အရှေ့က ကြွေးကြော်နေတဲ့ ဘာဘရဲ့ အောင်မြင်ခံ့ညားပြီး နှလုံးသားက ထွက်ပေါ်လာတဲ့ အသံကို ကြားရချိန်မှာ ကြက်သီးဖြန်းဖြန်းထပြီး အားမာန်အပြည့် ဝင်ရောက်လာပါတယ်။

'သာသနာတော်ကြီး တည်တံ့ခိုင်မြဲဖို့ တို့တစ်တွေမှာ တာဝန်ရှိတယ်။ သူတော်ကောင်းတရားတွေ မပျောက်ပျက်အောင် ရောက်ရာနေရာကနေ ကာကွယ်စောင့်ရှောက်

http://www.dhammadownload.com

ပေးမယ်။ ဆရာတော်ရဲ့ ကျေးဇူးတရားတွေကို ပြန်လည်တုံ့ပြန်ရမယ်' ဆိုတဲ့ ပဲ့တင်သံများ နှလုံးသားမှာ ကျယ်လောင်စွာ မြည်ဟည်းနေပါတယ်ဘုရား။

အများအပေါ် မေတ္တာထားပြီး သာသနာ့အကျိုးကို သယ်ပိုးနေတဲ့ ဆရာတော်ရဲ့ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် မိမိကိုယ်တိုင် တရားတော်တွေကို လိုက်နာကျင့်သုံးပါတယ်။ မိမိပတ်ဝန်းကျင်မှ မိတ်ဆွေများကိုလည်း ဆရာတော်ရဲ့ အလင်းတရားတွေကို လက်ဆင့်ကမ်းဖြန့်ဝေရင်း အလင်းစေတမန်ဖြစ်အောင် ကြိုးစားနေပါတယ်ဘုရား။

တိုတောင်းလှတဲ့ လူ့ဘဝရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အကျိုးရှိရှိ အသုံးချတတ်အောင် မီးရှူးတန်ဆောင်ကဲ့သို့ လမ်းပြပေးနေတဲ့ ဆရာတော်အရှင်ဆန္ဒာဓိက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။ သာသနာပြုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ပါစေ လို့ ဆုတောင်းမေတ္တာပို့သလျက် . . . ။

ကြည်ညိုလေးစားစွာဖြင့်

**မကေဇင်သန်း**

စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

http://www.dhammadownload.com

■ နည်းနည်းချစ်ရင်
နည်းနည်းပူလောင်ရတယ်။
များများချစ်ရင်
များများပူလောင်ရတယ်။
လုံးဝမချစ်ရင်
လုံးဝမပူလောင်ရတော့ဘူး။
ဘယ်သူ့ကိုမှ
ဘယ်အရာကိုမှ
မချစ်လိုက်ပါနဲ့။

■ နည်းနည်းမုန်းရင်
နည်းနည်းဆင်းရဲရတယ်။
များများမုန်းရင်
များများဆင်းရဲရတယ်။
လုံးဝမမုန်းရင်
လုံးဝမဆင်းရဲရတော့ဘူး။
ဘယ်သူ့ကိုမှ
ဘယ်အရာကိုမှ
မမုန်းလိုက်ပါနဲ့။

http://www.dhammadownload.com

# မချစ်တတ် မမုန်းတတ်တဲ့သူ

ပုမှန်းသိရင် မထိနဲ့

အခု တရားနာပရိသတ်များက ချစ်တတ်မုန်းတတ်တဲ့သူတွေလား၊ မချစ်တတ် မမုန်းတတ်တဲ့သူတွေလား။

'ချစ်တတ်မုန်းတတ်တဲ့သူတွေပါဘုရား'

ချစ်တတ်မုန်းတတ်တဲ့သူ။ ဘယ်လိုတွေ ချစ်တတ်ပြီးတော့၊ ဘယ်လိုတွေ မုန်းတတ်တာတုံး။ ချစ်တတ် မုန်းတတ်တယ်ဆိုတော့ ကောင်းသလား၊ မကောင်းဘူးလား။

'မကောင်းပါဘူးဘုရား'

မကောင်းဘူးဆိုရင် ဘာဖြစ်လို့ လက်ခံထားရတာတုံး။ 'မချစ်ရင် မနေနိုင်တာက လွဲလို့' လား။

'ချစ်တတ်မုန်းတတ်တဲ့သူ' ဆိုတာ မကောင်းတဲ့

http://www.dhammadownload.com

ဘက်က ယူရင် မကောင်းဘူးပေါ့။ ကောင်းတဲ့ဘက်က ယူရင်တော့ ကောင်းတယ်ပေါ့။

တချို့မိဘတွေကို ပြောလေ့ရှိတယ်လေ။

'သူတို့က သားသမီးတွေကို မချစ်တတ်ဘူး။ ချစ်တော့ ချစ်တာပဲ။ သိပ်အလိုလိုက်လွန်းတယ်။ ပြောသင့်ဆိုသင့်တာလည်း မပြောမဆို၊ ဆုံးမသင့် ဆုံးမထိုက်တာလည်း မဆုံးမ။ အလိုလိုက်ပြီးတော့ လွှတ်ထားတာပဲ'

'မဆုံးမ မသွန်သင်တတ်တော့ သားသမီးတွေက မိုက်ရိုင်းတယ်၊ ဆိုးနေကြတယ်။ မလိမ္မာကြဘူး။ သားသမီးကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေကြတယ်'

သားသမီးတွေကို မချစ်တတ်တဲ့ မိဘတွေကို 'သူတို့မချစ်တတ်ဘူး' လို့ မပြောကြဘူးလား။ ပြောကြတယ်။ အဲဒီလိုဆိုတော့ ချစ်တတ်တာနဲ့ မချစ်တတ်တာ ဘယ်ဟာက ကောင်းတုံး။ ချစ်တတ်တာက ကောင်းတာပေါ့။ သားသမီးအပေါ်မှာ ဉာဏ်နဲ့ စနစ်တကျ ချစ်တတ်တယ် ဆိုတာ . . ကောင်းတာပေါ့။

ခုနက တပည့်တော်တို့က ချစ်တတ်မှုန်းတတ်တဲ့သူတွေပါဘုရား ဆိုတော့ ကောင်းတဲ့နည်းနဲ့ ချစ်တတ်တာလား၊ မကောင်းတဲ့နည်းနဲ့ ချစ်တတ်တာလား။ ကောင်းတဲ့နည်းနဲ့

http://www.dhammadownload.com

ချစ်တတ်တာ။

ဘယ်လိုနည်းနဲ့ ချစ်နေကြတာတုံး။ ချစ်နည်းလေး ပြောပါဦး။ ဦးဇင်းတို့လည်း ချစ်ကြည့်ချင်လို့လေ။

တဏှာနဲ့ မချစ်တတ်တဲ့သူ၊ ဒေါသနဲ့ မမုန်းတတ်တဲ့သူ။ တဏှာနဲ့ ချစ်တတ်တာ၊ ဒေါသနဲ့ မုန်းတတ်တာ ဆိုရင်တော့ ချစ်တတ်မုန်းတတ်တာ မကောင်းဘူး။ မချစ်တတ် မမုန်းတတ်တာ ကောင်းတာပေါ့။

တဏှာရဲ့ ဆန့်ကျင်ဘက် ကောင်းတဲ့တရားတစ်ခု၊ ဒေါသရဲ့ ဆန့်ကျင်ဘက် ကောင်းတဲ့တရားတစ်ခုနဲ့ ချစ်တတ်မုန်းတတ်တာဆိုရင်တော့ . . . မချစ်တတ် မမုန်းတတ်တာ မကောင်းဘူး။ ချစ်တတ်မုန်းတတ်တာ ကောင်းတယ်။ ရှေ့က ဘာစကားရှိတယ်ဆိုတဲ့အပေါ်မှာ မူတည်တယ်နော်။

တဏှာနဲ့ မချစ်တတ်တဲ့သူဖြစ်အောင် ကြိုးစားရမယ်။ ဒေါသနဲ့ မမုန်းတတ်တဲ့သူဖြစ်အောင် ကြိုးစားရမယ်။ တဏှာနဲ့ မချစ်တတ်ရုံနဲ့လည်း မပြီးသေးဘူး၊ ဒေါသနဲ့ မမုန်းတတ်ရုံနဲ့လည်း မပြီးသေးဘူး။ တခြားတရားတစ်ခုခုနဲ့ ချစ်တတ်ဖို့၊ တခြားတရားတစ်ခုခုနဲ့ မုန်းတတ်ဖို့လည်း လိုပါသေးတယ်။

တဏှာနဲ့ ချစ်တတ်တဲ့သူနဲ့ တဏှာနဲ့ မချစ်တတ်တဲ့

http://www.dhammadownload.com

သူ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်သင့်သလဲ။ တဏှာနဲ့ ကျတော့ မချစ်တတ်တဲ့သူ ဖြစ်သင့်တယ်။ မချစ်တတ်တဲ့သူဖြစ်အောင် ကြိုးစားရမှာ။ ဒါဆိုရင် တဏှာနဲ့ ချစ်ခြင်းရဲ့ အပြစ်တွေ ဆင်ခြင်စဉ်းစားလိုက်ရုံပဲပေါ့။

အခု တရားနာပရိသတ်က တရားပါးဝပြီးသားတွေ မဟုတ်လား။ တရားပွဲတွေ နေရာတကာ လိုက်-နာ၊ တရားတိပ်ခွေတွေလည်း နာ၊ တရားစခန်းတွေလည်း ဝင်၊ တရားစာအုပ်တွေလည်း ဖတ်ဆိုတော့ တရားပါးဝပြီ မဟုတ်လား။

လူပါးဝတာနဲ့ တရားပါးဝတာ . . . ဘယ်ဟာက ကောင်းတုံး။ အခု ဒီပရိသတ်က လူပါးဝတဲ့သူတွေလား၊ တရားပါးဝတဲ့သူတွေလား။

'တရားပါးဝတဲ့သူတွေပါဘုရား'

တရားပါးဝတဲ့သူတွေဆိုတော့ ဟောစရာ မလိုတော့ဘူး။ သိနေပြီပဲ။ တရားပါးတွေ ဖောင်းနေပြီပဲ။

တဏှာနဲ့ ချစ်တာ၊ ရာဂနဲ့ ချစ်တာ၊ လောဘနဲ့ ချစ်တာ၊ နန္ဒီနဲ့ ချစ်တာ၊ သံယောဇဉ်နဲ့ ချစ်တာ၊ အဲဒါတွေဟာ မကောင်းဘူးဆိုတာ ဥပမာ၊ ဥပမေယျအမျိုးမျိုးနဲ့ ကိုယ်သိပြီးသားအတိုင်းပဲ နှလုံးသွင်းဆင်ခြင်လိုက်ပေါ့။

တဏှာယ ဇာယတီ သောကော - တဏှာကြောင့်

http://www.dhammadownload.com

သောကဖြစ်ရတယ်။ တဏှာဆိုလို့လည်း ဖိုမအာရုံ ကာမ ဂုဏ်ကို တပ်မက်တာကိုမှ တဏှာလို့ခေါ်တာ မဟုတ်ဘူး။ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာ အမျိုးမျိုး၊ အတွေ့အထိအမျိုးမျိုး။ အာရုံငါးပါး တွယ်တာ တပ်မက်တာမှန်သမျှ တဏှာပဲ။

တဏှာကြောင့် သောကဖြစ်ရတယ်။ ဒါကို မနေ့က ဟောတဲ့ 'သောကဘဏ်တိုက်' တရားမှာလည်း ပြောခဲ့ပြီး သားနော်။ 'ချစ်' ဆိုတဲ့ စကားလုံး တိုက်ရိုက်ပါအောင် ပြော မယ်ဆိုရင်တော့ 'ပိယတော ဇာယတိ သောကော' ဆိုတဲ့ ဓမ္မ ပဒဂါထာရှိပါတယ်။

ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

ချစ်ခြင်းကြောင့် စိုးရိမ်သောကဖြစ်ရတယ်၊ စိတ်ပူ ပန်ရတယ်၊ ဝမ်းနည်းရတယ်၊ လွမ်းဆွေးရတယ်၊ ငိုကြွေးရ တယ်။ ချစ်ခြင်းကြောင့်ပဲ ဘေးရန်အန္တရာယ်အမျိုးမျိုး၊ ဆင်း ရဲဒုက္ခအမျိုးမျိုး ဖြစ်ရတယ်။ ချစ်ခြင်း မရှိတော့ဘူးဆိုရင်၊ ချစ်ခြင်းကနေ လွတ်ထွက်သွားပြီဆိုရင် ပူပန်သောကတွေ

http://www.dhammadownload.com

လည်း မရှိတော့ဘူး၊ ဘေးရန်ဒုက္ခတွေလည်း မရှိတော့ဘူး။

ဒီအဆုံးအမလေးလောက် နှလုံးသွင်းလိုက်ပြီ ဆိုရင်လည်း ချစ်ခြင်းကင်းဖို့ အထောက်အပံ့မရဘူးလား။ ရပါတယ်။

'အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ - ကာမဂုဏ်ချမ်းသာမှန်သမျှ သာယာမှုက နည်းနည်းလေးပဲ။ ဆင်းရဲခြင်းက များတယ်၊ ပင်ပန်းခြင်းက များတယ်'ဆိုတဲ့ ကာမဂုဏ်ရဲ့ အပြစ်စကားလေးကလည်း ချစ်ခြင်းကင်းဖို့ တဏှာရှင်းဖို့၊ ရာဂနည်းပါးဖို့၊ လောဘခေါင်းပါးဖို့အတွက် အထောက်အပံ့ရပါတယ်။

ကာမဂုဏ်နဲ့ ပတ်သက်လို့ရှိရင် ဦးဇင်းတို့ ခဏခဏ ပြောနေတာပဲ။ ကာမဂုဏ်ချမ်းသာ မှန်သမျှ ဘာနဲ့တူသတဲ့တုံး။ 'အသားမစပ်၊ အညှီဟပ်သဖြင့်၊ ခွေးငတ်မလွှတ်နိုင်သော၊ အမဲရိုးနှင့် တူလှလေ၏'။ ဒါက မြတ်စွာဘုရားကိုယ်တော်တိုင်ပေးထားတဲ့ ဥပမာနော်။ ရှိုင်းတယ်လို့ မထင်လိုက်ပါနဲ့။ 'ရလေလိုလေ-ဒါပေမဲ့-တဒင်္ဂလေးတွေ' တရားမှာ အကျယ်ရှင်းပြထားပြီးသားပါ။

အဲဒီလိုအားဖြင့်ပေါ့။ တဏှာနဲ့ မချစ်တတ်တဲ့သူဖြစ်ဖို့အတွက် ဆင်ခြင်စဉ်းစားစရာ တရားတွေ အများကြီး။

http://www.dhammadownload.com

စာထဲက ပါတဲ့တရား၊ ဟောတဲ့တရားထဲက ပါတဲ့တရားဆိုတာ အသာထား။ ကိုယ့်လက်တွေ့ဘဝထဲမှာ တစ်စုံတစ်ယောက်ကို ချစ်မိလို့ တစ်စုံတစ်ခုကို ချစ်မိလို့ ဖြစ်ရတဲ့ စိုးရိမ်မှုတွေ၊ ပူလောင်မှုတွေ၊ ပင်ပန်းဆင်းရဲမှုတွေ လက်တွေ့မရှိဘူးလား။ လက်တွေ့တွေ တော်တော်များနေပြီနော်။

အဲဒီလက်တွေ့တွေကို ပြန်စဉ်းစားကြည့်လိုက်ပေါ့။ ချစ်ခြင်းကြောင့် ဘယ်လိုသောကတွေ ဖြစ်ရသလဲ။ ဘယ်လောက်တောင် စိတ်ပူလောင်ရသလဲ။ အဲဒါကို သိပြီဆိုရင် မချစ်တော့နဲ့ပေါ့။ မချစ်တတ်တဲ့သူဖြစ်ဖို့ ခက်ရဲ့လား။ မခက်ဘူး။ ချစ်ခြင်းကြောင့်ဖြစ်ခဲ့တဲ့ ကိုယ့်ရဲ့ ကိုယ်တွေ့ ဆိုးကျိုးလေးတွေကို ပြန်စဉ်းစားရုံပဲ။

ဦးဇင်းတို့ ပြီးခဲ့တဲ့ ကံမြင့်ကျောင်းတိုက်တရားပွဲမှာလည်းပဲ ငယ်ငယ်တုန်းက ကျောင်းသားဘဝတုန်းက ချစ်ခြင်းကြောင့်ဖြစ်တဲ့ ဝေဒနာလေးတွေ ဟောခဲ့ဖူးတယ် မဟုတ်လား။ အဲဒီအခွေကို ပြန်နားထောင်ကြ။ ဒီမှာတော့ မဟောတော့ဘူးနော်။

တစ်စုံတစ်ယောက်ကို ချစ်ရင်၊ တစ်စုံတစ်ခုကို ကြိုက်ရင် စိတ်ပူလောင်ရတယ်၊ စိတ်ပင်ပန်းရတယ်၊ စိတ်ဆင်းရဲရတယ် ဆိုတာကို အလေးအနက် သဘောပေါက်ဖို့

http://www.dhammadownload.com

အရေးကြီးပါတယ်။ သာမန်ချစ်ရုံ၊ သာမန်ကြိုက်ရုံဆိုရင် ပူလောင်တဲ့သဘော သိပ်မထင်ရှားပေမယ့် လွန်လွန်ကဲကဲ ချစ်ပြီ၊ စွဲစွဲလမ်းလမ်း ကြိုက်ပြီဆိုရင်တော့ ပူလောင်တဲ့သဘော ထင်ရှားပါတယ်။

ပူလောင်တာ မထင်ရှားဘူးပဲထား . . ၊ တစ်စုံတစ်ယောက်ကို ချစ်လို့ အဲဒီတစ်စုံတစ်ယောက်ကို အမြဲသတိရနေတာ၊ တစ်စုံတစ်ခုကို ကြိုက်လို့ အဲဒီတစ်စုံတစ်ခုကို အမြဲသတိရနေတာကိုက ကိုယ့်ဘက်က ရှုံးနေပါပြီ။ ကိုယ့်စိတ်ကို အဲဒီတစ်စုံတစ်ယောက်၊ အဲဒီတစ်စုံတစ်ခုဆီ ပေးထားလိုက်ရပြီလေ။ ကိုယ့်စိတ်ကို ကိုယ်မပိုင်တော့တာကိုက ကြီးကျယ်သော ဆုံးရှုံးခြင်း၊ ကြီးကျယ်သော ဆင်းရဲခြင်းပါပဲ။

ဒါ့ကြောင့် 'မြင့်မြတ်သူတို့၏စံအိမ်' တရားတော်မှာ ဦးဇင်းတို့ ပြောခဲ့ဖူးပါတယ်။ 'လူတစ်ယောက်ကို ချစ်တယ်ဆိုတာ . . . အဲဒီလူကို ဒူးထောက်လက်မြှောက်ပြီး အရှုံးပေးလိုက်တာပါပဲ' . . . လို့။

သမီးရည်းစားချင်း ချစ်တာ၊ ဇနီးခင်ပွန်းချင်း ချစ်တာကိုသာ ဆိုလိုတာ မဟုတ်ပါဘူး။ မိသားစုချင်း ချစ်တာ၊ မိတ်ဆွေချင်း ချစ်တာ စသည်အားဖြင့် သက်ရှိပုဂ္ဂိုလ်အချင်းချင်း တစ်ဦးနဲ့တစ်ဦး ချစ်တာမှန်သမျှကို ဆိုလိုပါတယ်။

http://www.dhammadownload.com

အပေါ်ယံကြည့်လိုက်ရင် အချစ်ဝတ္ထုစာသားလိုလို ထင်ရပေမယ့် အတွင်းကျကျကြည့်ရင် ဒီစာသားဟာ အင်မတန် လေးနက်တဲ့ စာသား၊ ဘုရားဟောနဲ့ တစ်ထပ်တည်းကျတဲ့ စာသား၊ ကိုယ့်ရဲ့ လက်တွေ့ဘဝမှာ တကယ်နှလုံးသွင်းပြီး လိုက်နာကျင့်ကြံရမယ့် စာသားပါ။ ကိလေသာတိုးစေမယ့် စာသား မဟုတ်ပါဘူး၊ ကိလေသာငြိမ်းစေမယ့် စာသားပါ။

သက်ရှိကိုပဲ ချစ်ချစ်၊ သက်မဲ့ကိုပဲ ချစ်ချစ်၊ ချစ်စိတ်ထင်ရှားပြီဆိုတာနဲ့ တစ်ပြိုင်နက် ပူလောင်မှုဆိုတာလည်း ထင်ရှားလာတော့တာပါပဲ။ သတိမရှိလို့ မသိကြရင်သာပါ။

ပူလောင်ရုံနဲ့ ပြီးရောလား ဆိုတော့ မပြီးသေးပြန်ပါဘူး။ ကိုယ်ချစ်တဲ့ သက်ရှိ၊ သက်မဲ့ကို ပိုင်ဆိုင်ဖို့အတွက် ပင်ပန်းဆင်းရဲမှုတွေနဲ့ ရင်းနှီးရပြန်ပါတယ်။

ပိုင်ဆိုင်ခံစားနေရတဲ့ အချိန်မှာ စိတ်ချမ်းသာတယ်လို့ ထင်ရပေမယ့် ခံစားခွင့်ရတဲ့အချိန်ကလေးက မပြောပလောက်တဲ့ မဖြစ်စလောက်လေးပါ။

ခံစားခွင့် ပျက်ပြယ်သွားတဲ့အချိန်၊ ပိုင်ဆိုင်ခွင့် ဆုံးရှုံးသွားတဲ့အချိန်မှာ ရင်ဆိုင်ရတဲ့ ပူလောင်မှုနဲ့ ပင်ပန်းဆင်းရဲမှုတွေကလည်း ခံစားရတဲ့ချမ်းသာနဲ့ မကာမိလောက်အောင်

http://www.dhammadownload.com

တနင့်တပိုး ကြီးမားလွန်းလှပါသေးတယ်။

လုံးဝ မချစ်ဘဲ မနေနိုင်လို့ ချစ်တယ်ပဲထား၊ 'ချစ်စရာ မှန်သမျှ သာယာခွင့် နည်းနည်း၊ ပူလောင်ခွင့် များများ' ဆိုတာကို နှလုံးသွင်းပြီး အချစ်လျှော့သွားမယ်ဆိုရင် ဘယ်သက်ရှိ ဘယ်သက်မဲ့ကိုမှ စွဲစွဲလမ်းလမ်း ချစ်မိတော့မှာ မဟုတ်ပါဘူး။

ပုထုဇဉ်နယ်ပယ်မှာတော့ . . ဘယ်သက်ရှိ ဘယ်သက်မဲ့ကိုမှ စွဲစွဲလမ်းလမ်း တမ်းတမ်းတတ မဖြစ်ဘူး ဆိုရင်ကိုပဲ 'မချစ်တတ်တဲ့သူ' လို့ ခေါ်နိုင်ပါတယ်။ 'လုံးဝမချစ်တတ်တဲ့သူ' မဖြစ်တောင် 'စွဲစွဲလမ်းလမ်း မချစ်တတ်တဲ့သူ' ဖြစ်ရင်ကိုပဲ စိတ်အပူတွေ၊ ဘဝအမောတွေ သက်သာပြီး အတော်လေး စိတ်အေးချမ်းနေပါပြီ။

■

http://www.dhammadownload.com

## နာမှန်းသိရင် မငြိနဲ့

မုန်းတယ်ဆိုတာ ဒီနေရာမှာ ဒေါသကို ပြောတာပါပဲ။ ဒေါသရဲ့ သဘောတရားတွေကတော့ စိတ်ဆိုးတာ၊ စိတ်ကောက်တာ၊ စိတ်ညစ်တာ၊ စိတ်ပျက်တာ၊ ရန်ငြိုးဖွဲ့တာ၊ ကလဲ့စားချေတာ၊ ဝမ်းနည်းတာ၊ ပူဆွေးတာ၊ လွမ်းဆွတ်တာ၊ ကြောက်ရွံ့တာ၊ ဒါတွေအကုန်လုံး ဒေါသတွေချည်းပဲ။ ဒါ အဘိဓမ္မာတက်ထားဖူးတဲ့သူတွေဆိုရင် သိတယ်။

လူတွေက ဒေါသ လို့ဆိုရင် ဝုန်းဒိုင်းကြဲပေါက်ကွဲတာကိုမှ ဒေါသလို့ ထင်ကြတယ်။ စိတ်ထဲမှာ ကြိတ်ပြီးတော့ ဝမ်းနည်းနေတာလည်း ဒေါသပဲ။ တစ်စုံတစ်ယောက်ကို သတိရတမ်းတပြီးတော့ လွမ်းဆွတ်နေတာလည်း ဒေါသပဲ။ သရဲကြောက်တာလည်း ဒေါသပဲ။ အအေးတိုက်ထဲ မသွားရဲ

http://www.dhammadownload.com

တာလည်း ဒေါသပဲ။ ကြောက်တာမှန်သမျှ ဒေါသပဲနော်။

ဒါပေမဲ့ လူတွေက ကြောက်တာကို ဒေါသလို့ မထင်ဘူး။ ကြောက်တယ်ဆိုတာလည်း ဒေါသပဲလို့ပြောရင် ကိုယ့်သဘောနဲ့ကိုယ် စွတ်ပြောတယ်ထင်နေတာ။ ဘုရားဟော ပိဋကတ်မှာကို တိုက်ရိုက်ပါတာ။ ဒေါသကြီးတဲ့သူက ပိုပြီးတော့ ကြောက်တတ်ပါတယ်။

အဲဒီတော့ 'မချစ်တတ်မမုန်းတတ်တဲ့သူ' မှာပါတဲ့ 'မမုန်းတတ်တဲ့သူ'ဆိုတာ ဒေါသ ကင်းရှင်းတဲ့သူ၊ အမျက်မထွက်တတ်တဲ့သူ၊ စိတ်မဆိုးတတ်တဲ့သူ၊ စိတ်မကောက်တတ်တဲ့သူ၊ စိတ်မညစ်တတ်တဲ့သူ၊ စိတ်မပျက်တတ်တဲ့သူ၊ ဝမ်းမနည်းတတ်တဲ့သူ၊ မလွမ်းဆွေးတတ်တဲ့သူ၊ မကြောက်ရွံ့တတ်တဲ့သူ။ အဲဒါတွေ အားလုံးကို ခြုံငုံပြီး မမုန်းတတ်တဲ့သူလို့ ပြောတာ။

မုန်းတတ်တာ နဲ့ မမုန်းတတ်တာ . . ဘယ်ဟာက ကောင်းတုံး။ မမုန်းတတ်တာ ကောင်းတယ်။ အခုယောဂီတို့က မုန်းတတ်တဲ့သူတွေလား၊ မမုန်းတတ်တဲ့သူတွေလား။ မုန်းတတ်တဲ့သူတွေ။ ဩော် . . တော်တော်ဒေါသကြီးတဲ့သူတွေပဲနော်။

ဒေါသနဲ့ မမုန်းတတ်တဲ့သူဖြစ်အောင် ကြိုးစားရ

မယ်။ ဒေါသရဲ့ အပြစ်တွေ ဦးဇင်းတို့ရဲ့ အန္တိုင်းမဲ့အပြစ် ဆောင်းပါး၊ ငြိမ်းအေးသောဘဝပိုင်ရှင်စာအုပ်တွေမှာလည်း ပဲ ပါဖူးတယ်။ တခြား ဆရာတော်ဘုရားတွေလည်း ဟော နေကြတာပါပဲ။

လောဘရဲ့ ပူလောင်မှုထက် ဒေါသရဲ့ ပူလောင်မှု က ပိုပြီးတော့တောင် ထင်ရှားပါတယ်။ လောဘတို့ တဏှာ တို့သာ တစ်နေ့တစ်နေ့ မထင်ရှားရင်နေမယ်၊ ဒေါသက တော့ ထင်ထင်ရှားရှား မဖြစ်ကြဘူးလား။ ဖြစ်ကြတယ်။ သိပ်အထင်ရှားကြီးမဖြစ်တောင် စိတ်ထဲမှာ ကြိတ်ပြီးတော့ ဖြစ်တတ်ကြတယ်။

ဒေါသဖြစ်နေတဲ့အခိုက် ဒေါသရဲ့ ပူလောင်မှု သဘောလေး၊ ဒေါသကြောင့် စိတ်ပင်ပန်းဆင်းရဲတဲ့သဘော လေးကို ကြည့်ပြီးတော့ 'ဒေါသဟာ မကောင်းပါလား' လို့ သဘောပေါက်လို့ရှိရင်လည်း မမုန်းတတ်တဲ့သူ၊ ဒေါသ မထွက်တတ်တဲ့သူ ဖြစ်အောင်ကြိုးစားဖို့ သိပ်အခက်အခဲ ရှိမှာ မဟုတ်ပါဘူး။

ဒကာကြီးဦးလှမော်တို့ အိမ်မှာ တစ်ယောက်ဒေါသ ထွက်ရင် တခြားတစ်ယောက်က ဘယ်လိုအော်တုံး။

'အမျက်ပါရင် နှစ်ဖက်နာမယ်ပါဘုရား'

http://www.dhammadownload.com

ဟုတ်တယ်၊ အမျက်ပါရင် နှစ်ဖက်နာမယ်တဲ့။ 'ငြိမ်းအေးသောဘဝပိုင်ရှင်' စာအုပ်ထဲမှာ ဒေါသနဲ့ ပတ်သက်တဲ့ ခေါင်းစဉ်လေး အဲဒီလို ပေးထားတယ်။

ဒေါသဖြစ်ရင် ကိုယ်လည်း နာမယ်၊ စိတ်လည်းနာမယ်။ ကိုယ့်အကျိုးလည်း နာမယ်၊ သူတစ်ပါးအကျိုးလည်း နာမယ်။ လောကီအကျိုးလည်း နာမယ်၊ လောကုတ္တရာအကျိုးလည်း နာမယ်။ ပစ္စုပ္ပန်အကျိုးလည်း နာမယ်၊ သံသရာ အကျိုးလည်း နာမယ်။ နှစ်ဖက်နှစ်ဖက် နစ်နာသွားတာပေါ့ - နော်။

လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို သိသိသာသာ ကျဆင်းစေတာ ဒေါသပါ။ ယဉ်ကျေးသိမ်မွေ့သူ၊ တရားရှိသူလို့ အများသတ်မှတ်ခံထားရသူတစ်ယောက် တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် ဒေါသထွက်ပြလိုက်တာဟာ 'ကျွန်ုပ် ယဉ်ကျေးသိမ်မွေ့သူ မဟုတ်သေးပါဘူး၊ ကျွန်ုပ် တရားရှိသူ မဟုတ်သေးပါဘူး' လို့ သွယ်ဝိုက်သောအားဖြင့် ထုတ်ဖော်ဝန်ခံလိုက်တာပါပဲ။

ဒေါသကြီးတဲ့သူ၊ ဒေါသကို ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ထင်ရှားပြတတ်တဲ့သူကို ဘယ်သူကမှ တရင်းတနှီး မပတ်သက်ချင်ကြပါဘူး။ မလွှဲသာလို့ ပတ်သက်ရ

http://www.dhammadownload.com

တောင်မှ အလုပ်သဘောအရ အပေါ်ယံပဲ ဖြစ်ပါလိမ့်မယ်။ အတွင်းက မေတ္တာစိတ် အပြည့်အဝ ပါလာမှာ မဟုတ်ပါဘူး။

ကိုယ့်အပေါ် ထားရှိတဲ့ ပတ်ဝန်းကျင်ရဲ့ မေတ္တာတရားကို ဆုံးရှုံးစေတာ ဒေါသပါ။ ကိုယ့်ကို ကူညီစောင့်ရှောက်နေသူတွေရဲ့ ကမ်းလက်ကို ပုတ်ချလိုက်တာ ဒေါသပါ။ ကိုယ့်ကို သူတော်ကောင်းတစ်ယောက်အဖြစ် သတ်မှတ်ထားသူတွေရဲ့ ယုံကြည်မှုကို ဖျက်ဆီးပစ်တာ ဒေါသပါ။

ပတ်ဝန်းကျင်က ရရှိမယ့် ကောင်းကျိုးတွေ ဆုံးရှုံးတာထက် ကိုယ့်စိတ်ရဲ့ အေးချမ်းမှု ဆုံးရှုံးတာက ပိုပြီး နစ်နာပါတယ်။ ဒေါသဖြစ်နေဆဲလူတစ်ယောက်ရဲ့ စိတ်ဟာ . . အလွန်ပူလောင်ပါတယ်။ အလွန်တင်းကျပ်ပါတယ်။ အလွန်တရာ ပင်ပန်းဆင်းရဲလွန်းလှပါတယ်။

ဒေါသဟာ ကျန်းမာရေးကိုလည်း ထိခိုက်စေပါတယ်။ ဒေါသကြောင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာ၊ အစာအိမ်နာစတဲ့ ရောဂါအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ ခံနိုင်ရည်ပေါ်တော့ မူတည်တာပေါ့လေ။

တချို့ ဒေါသကြောင့် အဖုအပိမ့်တွေ ပေါက်လာတာမျိုးလည်း ရှိပါတယ်။ တချို့ ဒေါသကြောင့် ဦးနှောက်

http://www.dhammadownload.com

သွေးကြောပြတ်ပြီး ရုတ်တရက်ချက်ချင်း သေသွားတာမျိုး လည်း ရှိပါတယ်။

စိတ်မှာ ဒေါသလွှမ်းမိုးနေပြီဆိုရင် . . မပြောရဲတဲ့ စကား၊ မလုပ်ရဲတဲ့ အလုပ်ဆိုတာလည်း မရှိတော့ပါဘူး။ ဒေါသကြောင့်ဖြစ်သွားတဲ့ အပြောမှား၊ အပြုမှားတွေကြောင့် ပစ္စုပ္ပန်ကောင်းကျိုး၊ သံသရာကောင်းကျိုးတွေ အကြီးအကျယ် ဆုံးရှုံးသွားနိုင်ပါတယ်။

အမေရင်း အဖေရင်းတွေကိုတောင် သတ်ရဲဖြတ်ရဲတဲ့အထိ ဒေါသဟာ ကြောက်မက်ဖွယ် ကောင်းလှပါတယ်။ ဒေါသသာ ဝင်လာလို့ကတော့ ကိုယ့်အပေါ် ဘယ်လောက်ကျေးဇူးရှိရှိ နှုတ်နဲ့ ပြစ်မှားဖို့လည်း ဝန်မလေး၊ ကိုယ်ထိလက်ရောက် စော်ကားဖို့လည်း ဝန်မလေးတော့ပါဘူး။

အဲဒီလို စသည်အားဖြင့် ဒေါသရဲ့ သဘောလေးတွေ၊ ဒေါသရဲ့ အပြစ်လေးတွေကို ဆင်ခြင်လိုက်မယ် ဆိုရင်လည်း မမုန်းတတ်တဲ့သူ ဖြစ်နိုင်တာပါပဲ။

တဏှာနဲ့ မချစ်တတ်တဲ့သူ၊ ဒေါသနဲ့ မမုန်းတတ်တဲ့သူဖြစ်အောင် ကြိုးစားရမယ်။ မြတ်စွာဘုရားရှင်က သတ္တဝါဝေနေယျတွေ အကုန်လုံးကို တဏှာနဲ့ မချစ်တတ်တဲ့သူ၊ ဒေါသနဲ့ မမုန်းတတ်တဲ့သူ ဖြစ်စေချင်ပါတယ်။

http://www.dhammadownload.com

## ရွှေစိတ်ရှိမှ ရွှေချစ်ပါ

တဏှာနဲ့ မချစ်ရုံ၊ ဒေါသနဲ့ မမုန်းရုံနဲ့ ပြီးပြီလား ဆိုတော့ မပြီးသေးဘူး။ တဏှာမဟုတ်တာနဲ့ ချစ်တတ်ဖို့၊ ဒေါသမဟုတ်တာနဲ့ မုန်းတတ်ဖို့ လိုပါသေးတယ်။ မချစ်တတ်၊ မမုန်းတတ်ရုံနဲ့ မပြီးသေးဘူး။ ချစ်တတ်၊ မုန်းတတ်ဖို့လည်း လိုသေးတယ်။

တဏှာနဲ့ ချစ်တတ်တာရဲ့ ဆန့်ကျင်ဘက်ဆိုတော့ သဒ္ဓါမေတ္တာနဲ့ ချစ်တတ်ရမယ်။ ပညာနဲ့ ချစ်တတ်ရမယ်၊ ဉာဏ်နဲ့ ချစ်တတ်ရမယ်လို့ ပြောရင်လည်း မှန်ပါတယ်။ ဒါပေမဲ့ ချစ်တဲ့သဘော ပေါ်လွင်ထင်ရှားအောင် သဒ္ဓါမေတ္တာနဲ့ ချစ်တတ်ရမယ်လို့ပဲ ပြောကြပါစို့။

http://www.dhammadownload.com

သက်မဲ့ပစ္စည်းဝတ္ထုဆိုရင်တော့ သဒ္ဓါနဲ့ ချစ်တတ်ရမယ်။ သက်ရှိပုဂ္ဂိုလ်တွေ ဆိုရင်တော့ သဒ္ဓါရော၊ မေတ္တာရော နှစ်မျိုးလုံးနဲ့ ချစ်တတ်ရမယ်။

သဒ္ဓါမေတ္တာနဲ့ မချစ်တတ်တဲ့သူ ဖြစ်သင့်သလား။ မဖြစ်သင့်ဘူးနော်။ သဒ္ဓါမေတ္တာနဲ့ ဆိုရင်တော့ ချစ်တတ်တဲ့ သူဖြစ်အောင် ကြိုးစားရမယ်။

သက်မဲ့ဝတ္ထုပစ္စည်းတွေဆိုရင် သဒ္ဓါနဲ့ ချစ်တတ်ရမယ်။ ဥပမာ ရွှေပဲ ဆိုကြပါစို့။ အခုတရားပွဲကလည်း 'ရွှေနန်း၊ ရွှေဝါနန်း' မဟုတ်လား။ ဟောတဲ့ ဘုန်းကြီးကလည်း 'ရွှေပါရမီ'။ အဲဒီတော့ ရွှေကို မချစ်ကြဘူးလား။ ချစ်ကြတယ်။ ရွှေကို ချစ်လို့ ရွှေလေးနဲ့ နာမည်ပေးထားတာပေါ့။

လူဝတ်ကြောင်ပုဂ္ဂိုလ်တွေ ဆိုရင်တော့ တကယ့်ရွှေအစစ်ကိုလည်း ချစ်ရမှာပေါ့လေ။ ရွှေရှိမှ အဆင်ပြေမှာ မဟုတ်လား။ ဦးဇင်းတို့ ဘုန်းကြီးကျတော့ တကယ့်ရွှေအစစ်ကို သွားချစ်လို့ ဖြစ်ပါ့မလား။ မဖြစ်ဘူး။ ဒါပေမဲ့လို့လည်း ရွှေဆိုတဲ့ စကားလုံးလေးကိုတော့ ချစ်လို့ ရတာပေါ့။ ရွှေဆိုတဲ့ နာမည်လေးကိုက အင်မတန် အေးချမ်းလွန်းလို့၊ အင်မတန် ကျက်သရေ ရှိလွန်းလို့၊ အင်မတန် မြန်မာဆန်လွန်းလို့။ ဒါကို 'ရွှေကောင်းမှုနဲ့ ရွှေတောင်းဆု' မှာ ဟောခဲ့ပြီးသားပါ။

http://www.dhammadownload.com

ရွှေချစ်လို့ ရွှေပါရမီလို့ နာမည်ပေးထားတာ။

ရွှေပါရမီဆိုလို့ ဟိုဒကာမကြီးတစ်ယောက် ဖတ်သလိုမျိုးတော့ မဖြစ်စေနဲ့ပေါ့။ ဒကာမကြီးတစ်ယောက်၊ လာတာကတော့ အုပ်စုလိုက်ပေါ့လေ။ နှိမ်ချတာတော့ မဟုတ်ဘူးပေါ့။ ကျေးလက်တောရွာက လာကြတာပေါ့။ တောကနေ အုပ်စုလိုက် လာကြတယ်။ စာလည်းပဲ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပုံ မပေါ်ပါဘူး။ စာတတ်ရင်တောင်မှ စာကို သိပ်မဖတ်ဘူး ထင်ပါတယ်။ စာဖတ်အားနည်းမှာပေါ့လေ။ အဲဒါ တောင်ပေါ်ကို တက်လာကြတယ်။

ဦးဇင်းကတော့ ညှော့ချိန်မဟုတ်သေးလို့ မတွေ့သေးဘူးပေါ့။ ကျောင်းထဲမှာပဲ ကိုယ်လုပ်စရာရှိတာကို လုပ်နေတယ်။ အပြင်မှာရောက်လာတဲ့အုပ်စုထဲက တစ်ယောက်က ဆိုင်းဘုတ်ဖတ်တယ်။ ကျောင်းအဝင်ဝ ဆင်ဝင်အောက်မှာလည်းပဲ ရွှေပါရမီတောရကျောင်းဆိုတဲ့ ဆိုင်းဘုတ်လေး ချိတ်ထားတာကိုး။

သူက ဘယ်လိုဖတ်သလဲဆိုတော့ တစ်လုံးချင်းဖတ်နေတာ။ ရွှေ . . . ပါ . . . ရ . . . မည် . . . တဲ့။ ဒီကျောင်းကို လာတဲ့ ပုဂ္ဂိုလ် ရွှေပါရမည် တဲ့။ သူပြောတဲ့ အတိုင်းဆိုတော့ ဒီဘုန်းကြီး ရွှေမက်သလို ဖြစ်မနေဘူးလား။

http://www.dhammadownload.com

ဖြစ်နေတယ်နော်။ ရွှေပါရမည်။ ရကို ရကောက်သံ အတိ အကျကြီး ဖတ်လိုက်တာ။

ဘာပဲပြောပြော လူတွေက ရွှေကို မချစ်ကြဘူး လား။ ချစ်ကြတယ်။ ဒါပေမဲ့ သဒ္ဓါနဲ့ ချစ်တာရယ်၊ တဏှာနဲ့ ချစ်တာရယ်လို့ နှစ်မျိုးရှိတယ်။ တဏှာနဲ့ ချစ်တဲ့သူတွေက ဒီရွှေတွေနဲ့ ကြွားမယ်၊ ဝါမယ်၊ ခံစားမယ်၊ သုံးဆောင်မယ် ပေါ့။

သဒ္ဓါနဲ့ ချစ်တဲ့ပုဂ္ဂိုလ်ကျတော့ ရွှေတွေ စုထားတယ်၊ ရွှေတွေ သိမ်းထားတယ်။ လက်ဝတ်လက်စားအဖြစ်နဲ့လည်း သွားရင်းလာရင်း ဝတ်တယ်ပေါ့လေ။ ဒါပေမဲ့ ဘာရည်ရွယ် ချက်နဲ့လဲဆိုတော့ ဒီရွှေတွေနဲ့ ကုသိုလ်ကောင်းမှု ပြုမယ်။ ဘုရားဌာပနာတော်တွေနဲ့ ကြုံရင်လည်း လှူလိုက်မယ်။ ဒါမှ မဟုတ်လည်း ဒီရွှေတွေကို ထုခွဲရောင်းချပြီးတော့ ဆွမ်းလှူ မယ်၊ သင်္ကန်းလှူမယ်၊ ကျောင်းဆောက်လှူမယ်၊ ဆေးလှူ မယ် စသည်အားဖြင့်ပေါ့။

ဒီရွှေနဲ့ ကုသိုလ်ကောင်းမှု ပြုမယ်ဆိုရင်၊ ပြုမယ် ဆိုတဲ့ ရည်ရွယ်ချက်ရှိရင် တဏှာနဲ့ ချစ်တာလား၊ သဒ္ဓါနဲ့ ချစ်တာလား။ သဒ္ဓါနဲ့ ချစ်တာ။

အခုဒီပရိသတ် တရားပွဲလာတာ ရွှေတွေဘာတွေ

http://www.dhammadownload.com

မပါဘူးလား။ တဏှာနဲ့ ဝတ်လာတာလား၊ သဒ္ဓါနဲ့ ဝတ်လာတာလား။ အခုနေ ရွှေအလှူခံတဲ့လူနဲ့ တွေ့ရင် လှူမှာလား။ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားနော်။

ဦးဇင်းတို့ ဒကာရင်းတစ်ယောက်ပါပဲ။ သူက ရွှေတွေ ဘာတွေ ဝတ်လေ့ရှိတယ်။ တခြား ဒကာရင်း တစ်ယောက်က အဲဒီဒကာနဲ့ မရင်းနှီးခင်မှာ ကွယ်ရာမှာ နာမည်ပေးသတဲ့။ ရွှေကိုကိုတဲ့။ ရွှေတွေဝတ်လို့ ဆိုပြီးတော့ ရွှေကိုကိုလို့ နာမည်ပေးတာ။

ရွှေကိုကိုလို့ နာမည်ပေးလို့ စိတ်ညစ်စရာ မလိုဘူး၊ စိတ်ဆိုးစရာ မလိုဘူး။ သဒ္ဓါနဲ့ ဝတ်တာလား၊ တဏှာနဲ့ ဝတ်တာလား။ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပေါ့။ ငါ သဒ္ဓါနဲ့ ဝတ်တာဟ လို့ စိတ်ထဲက နှလုံးသွင်းထားပြီးသားဆိုရင်တော့ ဘယ်သူဘာပြောပြော စိတ်ညစ်စရာ မလိုဘူး။

ရွှေဝတ်သူတိုင်း ရွှေစိတ်ရှိဖို့ အရေးကြီးပါတယ်။ ရွှေစိတ်ဆိုတာ သဒ္ဓါစိတ်ကို ပြောတာပါ။ ရွှေလို တန်ဖိုးရှိတဲ့ သဒ္ဓါစိတ်နဲ့ ရွှေဝတ်မှ အဲဒီရွှေဝတ်သူ ကျက်သရေ ရှိပါတယ်။ ရွှေစိတ်နဲ့ ရွှေဝတ်တဲ့သူကို ရွှေလိုလူလို့ ခေါ်ရမှာပေါ့။

ရွှေလူသားဖြစ်ချင်ရင် ရွှေစိတ်နဲ့သာ ရွှေဝတ်ပါ။

■

http://www.dhammadownload.com

## စီးပွားတက်လေ ကုသိုလ်တိုးလေ

သဒ္ဓါနဲ့ ဝတ်တယ်ဆိုလို့လည်း . . ဒကာကြီးတစ်ယောက်ကို သတိရတယ်။ ညဉ့်ချိန်မှာ ဒကာ ဒကာမတွေက တောင်ပေါ်ကို လာပြီးတော့ ဖူးကြတယ်။ တချို့က သက်န်းတွေ ကပ်ကြ၊ တချို့က နဝကမ္မတွေ လှူကြနဲ့ ပါလာတာလေးတွေကို လှူကြတာပေါ့။

ဒကာကြီးတစ်ယောက်ကတော့ ဒီလိုလှူမယ့် ရည်ရွယ်ချက် မရှိဘူး။ ဖူးချင်လို့ ဆိုပြီးတော့ လာတာ။ သူများတွေ လှူတာတန်းတာတွေ့တော့ သဒ္ဓါစိတ်တွေ ကူးစက်သွားတာပေါ့။

အဲဒါနဲ့ လက်စွပ်ချွတ်ပြီးတော့ 'အရှင်ဘုရား၊ ဒီ

http://www.dhammadownload.com

လက်စွပ်ကို အရှင်ဘုရားရဲ့ ပစ္စည်းလေးပါးအတွက် လှူပါရစေ' တဲ့။ 'မလှူပါနဲ့၊ တောင်းပန်ပါတယ် ဒကာကြီး။ ဘုန်းကြီးဆိုတာ ရွှေလည်း အလှူမခံကောင်းပါဘူး။ မလှူပါနဲ့'။ အတန်တန် တားတယ်။ မရဘူး။ တပည့်တော် သဒ္ဓါတရား ထက်သန်နေတုန်း လှူပါရစေတဲ့။

'ဒီရွှေကနေ ဖြစ်ပေါ်လာမယ့် နဝကမ္မ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အရှင်ဘုရားကို လှူပါတယ်။ ကပ္ပိယဆီမှာ အပ်နှံပြီးတော့ လှူပါတယ်'

ဆိုပြီးတော့ ရွှေလက်စွပ်ကြီးကို ချွတ်ပြီးတော့ လှူခဲ့တယ်။ ဘယ်လိုမှ တားလို့ကို မရဘူး။ တားမရတော့လည်း ကပ္ပိယက လက်ခံထားလိုက်ရတာပေါ့။ ဒီနေ့ဒီအချိန်ထိ ရှိပါသေးတယ်။ မထုခွဲရသေးပါဘူး။

ဦးဇင်းတို့နဲ့ တိုက်ရိုက်ဆက်စပ်တဲ့ ဘုရားတစ်ဆူဆူများ တည်ဖြစ်မယ်ဆိုရင်တော့ အဲဒီဘုရားထဲမှာပဲ ဌာပနာလိုက်မယ်လို့ စိတ်ကူးထားပါတယ်။

အဲဒီတော့ အဲဒီဒကာကြီး ရွှေဝတ်လာတာ သဒ္ဓါနဲ့ ဝတ်လာတာလား၊ တဏှာနဲ့ ဝတ်လာတာလား။ သဒ္ဓါနဲ့ ဝတ်လာတာလို့ ပြောရတော့မှာ။ အစကတော့ တဏှာလည်း ပါချင်ပါမှာပေါ့။ ရွှေလက်စွပ်လေး မြတ်နိုးလွန်းလို့ ဝတ်လာ

http://www.dhammadownload.com

တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမဲ့လို့ သဒ္ဓါတရားကို ထုတ်ဖော်အသုံးပြုရမယ့် အဖြစ်အပျက်မျိုးနဲ့ ကြုံတွေ့လာတဲ့အခါမှာ ရင်ထဲက၊ နှလုံးသားထဲက သဒ္ဓါတရားလေးကို ထုတ်ဖော်ပြီးတော့ အသုံးပြုလိုက်တယ်ဆိုရင် အဲဒီရွှေဟာ သာမန်အားဖြင့် ကြည့်ရင် တဏှာနဲ့ ဝတ်လာတယ်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ သဒ္ဓါနဲ့ ဝတ်လာတာ။

ရွှေဆိုတာက သက်မဲ့ပစ္စည်းဝတ္ထုပေါ့။ ရွှေ၊ ငွေ၊ ပိုက်ဆံကို အခုတရားနာပရိသတ်တို့ မချစ်ဘူးလား။ ချစ်ရမှာပေါ့။ ပိုက်ဆံဆိုတာ ဒုတိယဘုရားသခင်ပဲ မဟုတ်လား။ ပိုက်ဆံရှိမှ ပိုက်ဆံနဲ့ဆိုင်တဲ့ လိုအင်ဆန္ဒတွေ၊ လိုအပ်ချက်တွေ ပြည့်စုံနိုင်မှာပေါ့။

ပိုက်ဆံကို တဏှာနဲ့ ချစ်မှာလား၊ သဒ္ဓါနဲ့ ချစ်မှာလား။ သဒ္ဓါနဲ့ ချစ်ရမှာ။ ဘုရားအဆုံးအမတွေနဲ့ ကြုံတွေ့နေတဲ့အခိုက်မှာ ကိုယ့်စိတ်ကိုလည်း ပြုပြင်ရမယ်။ စိတ်က အဓိကပဲပေါ့လေ။ ကိုယ့်ဘဝ၊ ကိုယ့်ခန္ဓာနဲ့ ဆက်စပ်နေတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို စိတ်နဲ့ ပြုပြင်ရမယ်။

ရွှေ၊ ငွေ၊ ရတနာ၊ ပစ္စည်းဥစ္စာ၊ ရာထူး၊ အာဏာ စသည်အားဖြင့် သက်မဲ့ပိုင်ဆိုင်မှုတွေ အကုန်လုံးကို ချစ်ရ

http://www.dhammadownload.com

မယ်။ တဏှာနဲ့ ချစ်ရမှာလား ဆိုတော့ မဟုတ်ဘူး၊ သဒ္ဓါနဲ့ ချစ်ရမှာ။ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်း စီးပွားဥစ္စာတွေကိုလည်း မချစ်ရဘူးလား။ ချစ်ရမယ်။ ဘာနဲ့ ချစ်ရမှာလဲ။ သဒ္ဓါနဲ့ ချစ်ရမှာ။

ပိုက်ဆံရှာတယ်ဆိုတာလည်း သဒ္ဓါနဲ့ ရှာတာနဲ့၊ တဏှာနဲ့ ရှာတာလို့ နှစ်မျိုးရှိပါတယ်။ ပိုက်ဆံရှာတယ်။ ရလာတဲ့ ပိုက်ဆံတွေနဲ့ ပေးမယ်၊ ကမ်းမယ်။ လှူမယ်၊ တန်းမယ်။ စွန့်မယ်၊ ကြဲမယ်။ ကုသိုလ်ကောင်းမှုတွေ ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှာတာဆိုရင် အဲဒီစီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ်လုပ်နေတာကို ဘေးလူတွေက လောဘသိပ်ကြီးတာပဲလို့ ပြောနေပေမယ့် လောဘကြီးတာ ဟုတ်ရဲ့လား။

မဟုတ်ဘူး။ လောဘနဲ့ စီးပွားရှာတာ မဟုတ်ဘူး။ အလောဘနဲ့ စီးပွားရှာတာ။ တဏှာနဲ့ စီးပွားရှာတာ မဟုတ်ဘူး၊ သဒ္ဓါနဲ့ စီးပွားရှာတာ။

ကိုယ့်စီးပွားရေးလုပ်ငန်းကိုလည်း ချစ်မြတ်နိုးတတ်ရမယ်နော်။ ဒါကလည်း သဒ္ဓါရှိမှ စီးပွားရှာရတာ ပျော်စရာကောင်းတာ။ တဏှာသက်သက်နဲ့ဆိုရင် စီးပွားရှာရတာ ပျင်းစရာကြီးနော်။

http://www.dhammadownload.com

မပြည့်စုံသေးခင်တော့ တစ်နေ့ ပြည့်စုံလိမ့်မယ်၊ တစ်နေ့ ပြည့်စုံလိမ့်မယ်။ ဘယ်တော့ ကားဝယ်မယ်၊ ဘယ်တော့ တိုက်ဆောက်မယ်နဲ့ မျှော်လင့်ချက်လေးနဲ့ ရှာနေရတာဆိုတော့ ပျော်စရာကောင်းတယ်။ တကယ်ပြည့်စုံသွားတဲ့အခါကျတော့ သဒ္ဓါသာ မရှိဘူးဆိုရင် ရှာနေရတာ အဓိပ္ပာယ်မဲ့သလိုပဲ။

စားစရာလည်း ပြည့်စုံနေပြီ၊ ဝတ်စရာလည်း ပြည့်စုံနေပြီ။ အသုံးအဆောင်ပစ္စည်းဝတ္ထုတွေကို အဆင့်မြင့်မြင့် အထက်တန်းကျကျ အသုံးပြုနေနိုင်ပြီ။ ရှေ့ဆက်ပြီးတော့ ခံစားစရာ ဘာမှ မကျန်တော့ဘူး။ ငွေတွေကလည်း ပုံလို့၊ လုပ်ငန်းတွေကလည်း ပုံလို့။ ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။

သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်ကျတော့ ရှိလေ ပျော်စရာကောင်းလေ။ လှူဒါန်းမယ်၊ ဒါနကောင်းမှုပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စီးပွားရှာမယ်ဆိုရင် ပိုက်ဆံ ဘယ်လောက်ဝင်တယ် ပြောပြော၊ တစ်နေ့ကို သိန်းတစ်ထောင်ပဲဝင်ဝင်၊ တစ်နေ့ကို သိန်းပေါင်းတစ်သိန်းပဲ ဝင်ဝင် လောက်တယ်လို့ ရှိရဲ့လား။ မရှိဘူး။

လှူမယ်တန်းမယ်ဆိုရင် လှူစရာနေရာဌာနတွေ အများကြီး မရှိဘူးလား။ ရှိတယ်။ လှူရတန်းရမယ့် ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေလည်း အများကြီး မရှိဘူးလား။ ရှိတယ်။ အဲဒီလိုဆို တော့ သဒ္ဒါနဲ့စီးပွားရှာရတာ ဘယ်လောက်ပျော်စရာကောင်း ထားတုံး။

ဆေးကုမ္ပဏီပိုင်ရှင် ဒကာမကြီးတစ်ယောက် . . (ဆရာဝန်ပါပဲ) ပြည်ပနိုင်ငံတစ်ခုမှာ စီးပွားတွေရှာနေတာ သူ့အတိုင်းအတာနဲ့သူ ချမ်းသာကြွယ်ဝပြီးသား။ ဒီ့ထက်ပိုပြီး တော့ တိုးတက်တဲ့နိုင်ငံမှာ စီးပွားရှာမယ်ဆိုရင်လည်း ဒီ့ထက် ပိုပြီးတော့ ချမ်းသာဦးမှာပဲ။

ဒါပေမဲ့ အဲဒီပြည်ပနိုင်ငံတွေမှာ မနေဘူး။ မြန်မာ ပြည်ကိုပဲ ပြန်လာပြီးတော့ ဆေးကုမ္ပဏီပဲ တည်ထောင်ထား တယ်။ သူ့ကုမ္ပဏီက ဖြန့်တဲ့ ဆေးတွေကို ဆရာတော်၊ သံဃာတော်တွေ၊ ပရိယတ်၊ ပဋိပတ်လုပ်နေတဲ့ ဆရာတော်၊ သံဃာတော်တွေကို လှူဒါန်းတယ်။

တစ်လတစ်လ အပါးနှစ်ရာနီးပါး ရှိပါတယ်။ တစ် ပါးတစ်ပါးကို လှူတဲ့ဆေးကလည်း အနည်းဆုံး တစ်သိန်းနီး ပါး ရှိတယ်။ တချို့ ဆေးများများသုံးရတဲ့ ဆရာတော်တွေကို လှူတဲ့ ဆေးဆို နှစ်သိန်းနီးပါး၊ နှစ်သိန်းကျော်တောင် ရှိပါ တယ်။

ကိုယ့်လုပ်ငန်းက ထွက်ပေါ်လာတဲ့ အကျိုးအမြတ်

http://www.dhammadownload.com

အကုန်လုံးဟာ သာသနာ့အကျိုးအတွက်၊ အများအကျိုး အတွက်လို့လည်း အဲဒီ ဒကာမကြီးက ခံယူထားပါတယ်။ ဆုံးဖြတ်ထားပါတယ်။

ဆရာတော်တစ်ပါးကို သိန်း ၂၅၀၀ ကျော်တန် လင်ခရူဆာကား လှူထားပေမယ့် ကိုယ်တိုင်ကတော့ ရိုးရိုး ဆလွန်းကားပဲ စီးပါတယ်။ 'စီးပွားရှာနေတာ ကိုယ်ခံစားဖို့ မဟုတ်ဘူး၊ သာသနာတော်ကို လှူဒါန်းဖို့' တဲ့လေ။

ကဲ - အဲဒီလိုဆိုတော့ စီးပွားရှာရတာ ပျင်းစရာ ကောင်းသေးလား၊ မကောင်းတော့ဘူး။ ပျော်စရာ သိပ် ကောင်းတာနော်။ ဒါ့ကြောင့် ချစ်တတ်မုန်းတတ်တဲ့သူ ဖြစ် အောင် ကြိုးစားရမယ်။ သက်မဲ့တို့ကို သဒ္ဓါနဲ့ ချစ်တတ်ရ မယ်။ သက်မဲ့ဆိုတော့ ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ၊ လုပ် ငန်းကိုင်ငန်း အကုန်လုံးပေါ့။

ကိုယ်ရှာလို့ ရသမျှ လှူမယ်, တန်းမယ်၊ ပေးမယ်, ကမ်းမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စီးပွားရှာနေတဲ့ ပုဂ္ဂိုလ်တစ် ယောက်အတွက်တော့ စီးပွားတက်လေ၊ ကုသိုလ်တိုးလေပါ ပဲ။ ဘာလို့လဲဆိုတော့ တက်လာသမျှ စီးပွားတွေက ကုသိုလ် အဖြစ် အသွင်ပြောင်းလဲသွားမှာကိုး။

■

http://www.dhammadownload.com

## မြင့်မြတ်သူတိုင်း ချစ်တတ်ကြသည်

သက်ရှိကျတော့ ဘာနဲ့ ချစ်တတ်ရမှာတဲ့တုံး။ သဒ္ဓါနဲ့ရော မေတ္တာနဲ့ရော ချစ်တတ်ရမှာ။ ကိုယ့်အိမ်မှာ အတူတူနေတဲ့ ဇနီးခင်ပွန်း ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်ဆွေက စပြီးတော့၊ အိမ်မှာမွေးထားတဲ့ ကြောင်လေး ခွေးလေးတွေ အဆုံး သက်ရှိပုဂ္ဂိုလ်တွေ အကုန်လုံးအပေါ်မှာ သဒ္ဓါနဲ့လည်း ချစ်၊ မေတ္တာနဲ့လည်း ချစ်တတ်ရမယ်။

ကိုယ့်သားသမီးကို နေ့စဉ်ကျွေးမွေးနေရတာကိုက အလှူဒါန ပြုနေရတာလို့ သဒ္ဓါတရားလေးနဲ့ နှလုံးသွင်းလိုက်မယ်။ ငါကျွေးလိုက်တဲ့ ထမင်းဟင်းစားပြီးတော့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ အစစအရာရာ အဆင်ပြေကြ

http://www.dhammadownload.com

ပါစေ။ ကိုယ်လုပ်ချင်တဲ့ ကုသိုလ်ကောင်းမှုအလုပ်တွေ လုပ်နိုင်ကြပါစေဆိုတဲ့ မေတ္တာစိတ်လေး ပို့လွှတ်ပြီးတော့ ကျွေးမယ်ဆိုရင် သားသမီးကျွေးတာဟာ သားကျွန်ခံရတာလား၊ ကုသိုလ်ပြုရတာလား။ ကုသိုလ်ပြုရတာ။

သံဝေဂရှုထောင့်က ကြည့်ရင်တော့လည်း သားကျွန်၊ မယားကျွန် ဆိုပြီးတော့ သံဝေဂဖြစ်အောင် နှလုံးသွင်းရတာပေါ့။ အဲဒါက တစ်ပိုင်းတစ်ကဏ္ဍ။

ဒါနကုသိုလ်ရှုထောင့်က ကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်အိမ်မှာရှိတဲ့ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုးမိတ်ဆွေ အားလုံးတို့ဟာ အလှူခံပုဂ္ဂိုလ်တွေချည်းပဲ။ သံသ-ရာခရီးလမ်းမကြီးက ဇရပ်တစ်ခုမှာ တွေ့ကြတဲ့ ဧည့်သည်တွေ။

ဧည့်သည်ကို ဧည့်ဝတ်ပြုတာဟာ ကုသိုလ်ကောင်းမှုပဲ မဟုတ်ဘူးလား။ ဟုတ်တယ်။ ဒါ့ကြောင့်လည်း ကျေးဇူးတော်ရှင် ယောဆရာတော်ဘုရားက သားသမီးကို ကျွေးမွေးနေတာလည်း နိဗ္ဗာန်ရောက်ကြောင်း၊ ကလေးပုခက် လွှဲနေတာလည်း နိဗ္ဗာန်ရောက်ကြောင်း၊ ထမင်းဟင်း ချက်နေတာလည်း နိဗ္ဗာန်ရောက်ကြောင်းတဲ့။

သဒ္ဓါ မပါဘူးဆိုရင် တစ်နေ့တစ်နေ့ ထမင်းဟင်း

http://www.dhammadownload.com

ချက်နေရတာကိုက ငြီးငွေ့စရာကြီးနော်။ တစ်နေ့လာလည်း ချက်ရ၊ တစ်နေ့လာလည်း ချက်ရနဲ့ သူတို့ စားဖို့သောက်ဖို့ ချက်နေရတာ၊ သူတို့ကျွန်ခံနေရတာ ဘယ်တော့မှ လွတ်ပါ့မလဲ မသိဘူး ဆိုပြီးတော့ ဒေါသ ဖြစ်နေရင် ဘယ်လောက် စိတ်ပင်ပန်းထားတုံး။

ရိပ်သာမှာ အလှူအတန်းတွေ ဘာတွေ လုပ်ပြီးတော့ ထမင်းဟင်းချက်နေရတာကျတော့ ကျွန်ခံရတယ်လို့ ထင်ရဲ့လား။ မထင်ဘူး။ ဝေယျာဝစ္စကုသိုလ် ယူရတယ်လို့ သတ်မှတ်ထားတာဆိုတော့ အိပ်ရေးပျက်ခံပြီးတော့ ဘယ်လောက်ပဲ ပင်ပင်ပန်းပန်း ချက်ရပြုတ်ရ ပျော်နေတာပါပဲ။ ကိုယ့်အိမ်က လူတွေ စားဖို့ချက်ရတာကျတော့ စိတ်တောင်သိပ် မပါချင်တော့ဘူးနော်။

ဒီထမင်း၊ ဒီဟင်းကို ချက်တာပဲ။ ဘာကွာသွားတုံး။ စိတ်ထား ကွာသွားတာနော်။ ဟိုဘုန်းကြီးကျောင်းမှာတို့၊ အလှူအတန်းမှာတို့၊ ကုသိုလ်ပွဲတွေမှာကျတော့ သဒ္ဓါတရားနဲ့ ချက်တာလေ။ ကိုယ့်အိမ်မှာကျတော့ ဝတ္တရားအရ ချက်တာ။ ဝတ္တရားအရဆိုတော့ စေတနာမပါဘူးပေါ့နော်။

စေတနာလေး ထည့်ချက်၊ သဒ္ဓါလေး ထည့်ချက်၊ မေတ္တာလေး ထည့်ချက်။ ထမင်းဟင်းချက်တာ ကိုယ်စားဖို့

http://www.dhammadownload.com

သောက်ဖို့ ချက်နေရတာဆိုရင်တော့ ပျင်းစရာကြီးပေ့ါ။ အိမ်သူအိမ်သားတွေ ကောင်းကောင်းမွန်မွန် စားကြသောက်ကြပါစေဆိုတဲ့ မေတ္တာလေးနဲ့ ချက်ရင်တော့ ပျော်စရာကြီးပေ့ါ။

မေတ္တာဆိုတာက စိတ်ထဲမှာ တစ်ချက်ကလေး မေတ္တာဓာတ်ဖြစ်ရုံသက်သက် မဟုတ်ဘူး။ ချက်ပြုတ်နေစဉ်ကာလတစ်လျှောက်လုံး စိတ်ထဲကနေ အထပ်ထပ် ပွားများနေရမှာ။

စိတ်ဆိုတာက အားချိန် အများကြီးရှိပါတယ်။ လူ ဘယ်လောက် အလုပ်ရှုပ်ရှုပ်၊ လက် ဘယ်လောက် အလုပ်ရှုပ်ရှုပ်၊ ပါးစပ် ဘယ်လောက် အလုပ်ရှုပ်ရှုပ်၊ စိတ်ကတော့ အားနေတာပဲ။ အဲဒီတော့ ထောင်းရင်း ထုရင်း၊ ချက်ရင်း ပြုတ်ရင်း၊ မွှေရင်း နယ်ရင်းနဲ့ စိတ်ထဲကနေ မေတ္တာလေး ပွားနေပေ့ါ။ 'အိမ်သူအိမ်သားတွေ ကောင်းကောင်းမွန်မွန် စားနိုင်ကြပါစေ။ အာဟာရ ပြည့်ဝကြပါစေ။ ကျန်းမာချမ်းသာကြပါစေ' စသည်အားဖြင့်ပေ့ါ။

အဲဒါဆိုရင် ကိုယ်ချက်လိုက်တဲ့ထမင်း သဒ္ဓါထမင်း၊ မေတ္တာထမင်း၊ ကိုယ်ချက်လိုက်တဲ့ ဟင်းက သဒ္ဓါဟင်း၊ မေတ္တာဟင်း။ ကိုယ်လျှော်လိုက်တဲ့ အင်္ကျီ လုံချည်ကလည်း သဒ္ဓါအင်္ကျီ သဒ္ဓါလုံချည်၊ မေတ္တာအင်္ကျီ မေတ္တာလုံချည်။

http://www.dhammadownload.com

ကဲ . . ဘယ်လောက်များ ကောင်းထားတုံးနော်။

ကိုယ်နဲ့ အနီးကပ် ပတ်သက်နေတဲ့ သက်ရှိပုဂ္ဂိုလ်တွေ အပေါ်မှာလည်း သဒ္ဓါနဲ့လည်း ချစ်၊ မေတ္တာနဲ့လည်း ချစ်ပါ။ အနီးကပ်မဟုတ်တဲ့ သတ္တဝါအားလုံးအပေါ်မှာလည်း သဒ္ဓါနဲ့လည်း ချစ်၊ မေတ္တာနဲ့လည်း ချစ်ပါ။

အကျယ်တဝင့်ကတော့ ကိုယ်ဘာသာကိုယ် ချဲ့ထွင်ပေါ့။ အခု တရားနာပရိသတ်က တရားပါး ဝပြီးသား မဟုတ်လား။ ဒါ့ကြောင့်ဆိုလိုက်ပါ။

သဒ္ဓါမေတ္တာ၊ ရှေးရှုကာ၊ ချစ်တာမြင့်မြတ်သည်။

သက်ရှိသက်မဲ့တွေအပေါ်မှာ သဒ္ဓါနဲ့ မေတ္တာနဲ့ချစ်ရင် အဲဒီချစ်ခြင်းဟာ မြင့်မြတ်သော ချစ်ခြင်းပါပဲ။ တရားက ပလ္လင်ပေါ်ရောက်မှ သေသေချာချာ ဟောရတာဆိုတော့ ဟောရင်းဟောရင်းနဲ့ ပေါ်ပေါ်လာတာနော်။ ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်လေးတွေက စကားစလေးရသွားပြီဆိုရင် ပေါ်လာတာပဲ။ အေးအေးဆေးဆေးသာ ဟောမယ် ဆိုရင် တရားက မကုန်နိုင်ဘူး။

ဒီနေ့က အေးအေးဆေးဆေး ဟောရမှာလား။ ခပ်သုတ်သုတ် ဟောရမှာလား။

'အေးအေးဆေးဆေးသာ ဟောပါဘုရား'

http://www.dhammadownload.com

တရားက ခပ်သုတ်သုတ် အကျဉ်းချုံးပြီး တစ်နာရီနဲ့ အပြီးဟောမယ်ဆိုလည်း ရတာပဲ။ အချိန်ကို အဓိကမထားဘဲ အေးအေးဆေးဆေး ပေါ်ရာပေါ်ရာ ခပ်ရှည်ရှည်ဟောသွားမယ်ဆိုလည်း ရတာပဲ။

အခုလို တရားဟောပလ္လင်ပေါ်ကနေ ပရိသတ်ကို တစ်ပါးတည်း တစ်ဖက်သတ် မရပ်မနား ဆက်တိုက်ဟောရတာထက် ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို အသံဖမ်းတာတွေမရှိဘဲနဲ့ အေးအေးဆေးဆေး ထိုင်ပြီးပြောရတာကို ဦးဇင်းတို့ပိုသဘောကျပါတယ်။

အဲဒီလိုပြောရင် စကားလုံးတစ်လုံးတစ်လုံး၊ တရားသဘော တစ်ခုတစ်ခုဆိုတာ ပြောလို့ကို မကုန်နိုင်ဘူး။ သူက ပြောလိုက်၊ ကိုယ်က ပြောလိုက်နဲ့ ပြောရင်း ပြောရင်း အချက်အလက်တွေက အများကြီး ဖြာထွက်လာတာ။

အခုလည်း 'ချစ်တာမြင့်မြတ်သည်' လို့ ပြောလိုက်တာနဲ့ စိတ်ထဲဘာပေါ်လာလဲဆိုတော့ ဘူးသီးတွေ ပေါ်လာတယ်။ ဘာတွေ ပေါ်လာလဲ။ ဘူးသီးတွေ ပေါ်လာတယ်။

သထုံကနေ ရန်ကုန်ကို လာပြီဆိုရင် ဘူးသီးပေါ်တဲ့ အချိန်ကျရင် လမ်းဘေးမှာ ဘူးသီးတွေ ပုံထားတာ။ ဟိုနေရာပုံလိုက်၊ ဒီနေရာပုံလိုက်နဲ့ နေရာတကာ တွေ့တာ

http://www.dhammadownload.com

ပေါ့။ တချို့လတွေကျတော့လည်း ခရမ်းသီးတွေ ပုံထား တာကို တွေ့ရတယ်၊ တချို့လတွေကျတော့လည်း ပြောင်းဖူး တွေ ပုံထားတာကို တွေ့ရတယ်။

ဦးဇင်းတို့ ရန်ကုန်ကို ကြွတော့မယ်ဆိုရင် ရန်ကုန် က ဦးဇင်းတို့ ကျောင်းဒကာကြီး ဦးရှိန်ဝင်းတို့အိမ်က ကားနဲ့ လာကြိုတာပေါ့။ တစ်ခါတစ်ရံ ဒကာကြီးဦးရှိန်ဝင်းလည်း ပါလာတယ်။ ဒကာမကြီး ဒေါ်ခင်ချိုဦးလည်း ပါလာတယ်။

ဘူးသီးပုံ တွေ့ပြီဆိုရင် ဟာ ဟိုမှာ ဘူးသီးပုံတွေ။ ကားရပ်ဆိုပြီးတော့ ဘူးသီးတွေ ဆင်းဝယ်ကြတယ်။ အများ ကြီးပါပဲ။ အိမ်စားဖို့လား၊ ဘုန်းကြီးကျောင်းပို့ဖို့လား။ ဘုန်း ကြီးကျောင်းပို့ဖို့နော်။

ဦးဇင်းတို့ ဒကာကြီး ဦးရှိန်ဝင်းကလည်း ဖား အောက်တောရမှာ လှူကြီးကိုး။ အဲဒီကျောင်းကလည်း သက် သတ်လွတ်ကျောင်း ဆိုတော့ အသီးအနှံ မြင်တာနဲ့ ဖား အောက်တောရကို သတိရတယ်။ ဘူးသီးတွေ့ ကားပေါ် ပြေးတင်။ ခဝဲသီးတွေ့ ကားပေါ် ပြေးတင်။ မြောက်ဥက္ကလာ ဘက်သွား ကန်စွန်းရွက် ခူးနေတာတွေ့ရင် ကန်စွန်းရွက် ဝယ်ပြီး ကားပေါ်တင်။ သူ့ရဲ့ လင်ခရူဇာက ကုန်ကားကြီးလို ဖြစ်လို့။

http://www.dhammadownload.com

တွေ့သမျှ ဘူးသီးခရမ်းသီး အကုန်လုံး လိုချင်နေတာပဲ။ ကိုယ့်အတွက်လား၊ သာသနာအတွက်လား။ သာသနာအတွက်။ ကိုယ်စားဖို့လား၊ အများစားဖို့လား။ အများစားဖို့။

သထုံနဲ့ ရန်ကုန်ခရီးဆိုရင် ကြားထဲမှာ ဒူးရင်းသီးပေါ်တဲ့အချိန် ဒူးရင်းသီးတွေလည်း ပေါတာပေါ့။ ဒူးရင်းသီးတွေလည်းပဲ လင်ခရူဇာကားပေါ် ဒကာကြီးဦးရှိန်ဝင်းတို့ အပြည့်တင်တာ။ တစ်ခါတစ်ရံကျတော့လည်း ကားက မဆံ့တော့ လင်ခရူဆာကို ငှဲ့ညှာပြီးတော့ ဟိုင်းလပ်ကဲ(စ်)နဲ့ အပြည့်တင်တယ်။

တင်ပြီးတော့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ လိုက်ဝေတယ်၊ ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေ လိုက်လှူတယ်။ ဒူးရင်းသီးကို မချစ်ဘူးလား။ ချစ်တယ်။ တဏှာနဲ့ချစ်တာလား၊ သဒ္ဓါနဲ့ ချစ်တာလား။ သဒ္ဓါနဲ့ ချစ်တာ။ ဒါ့ကြောင့် . . .

သဒ္ဓါမေတ္တာ၊ ရှေးရှုကာ၊ ချစ်တာမြင့်မြတ်သည်။

သဒ္ဓါ၊ မေတ္တာနဲ့ ချစ်တယ်ဆိုရင်တော့ အဲဒီအချစ်ဟာ မြင့်မြတ်တဲ့ အချစ်ပါပဲ။

အချစ်ဆိုတဲ့ စကားလုံးတွေ့တိုင်း ကိလေသာလို့

http://www.dhammadownload.com

မထင်နဲ့ပေါ့။ 'ချစ်' ဆိုတဲ့စကားလုံးတွေ့တိုင်း ကိလေသာ ညှိစော်နံတယ်လို့ ဝေဖန်ရင် မှားပါလိမ့်မယ်။ ဘာကို ချစ်တာလဲ၊ ဘယ်လို ချစ်တာလဲ ဆိုတာကို ထည့်မစဉ်းစားဘဲ ကိုယ်အားသန်ရာ ဆွဲတွေးပြီး မျက်စိမှိတ်ဝေဖန်ရင် မရိုးသားတဲ့ သဘော သက်ရောက်ပါတယ်။

သတ္တဝါအားလုံးကို ချစ်တာ၊ တရားဓမ္မကို ချစ်တာဟာ မြင့်မြတ်သူတွေရဲ့ လက္ခဏာ၊ သူတော်ကောင်းတွေရဲ့ လက္ခဏာပါ။

မြင့်မြတ်သူတိုင်း သတ္တဝါအားလုံးကို ချစ်တယ်။ ဘာနဲ့ ချစ်တာလဲ။ မေတ္တာနဲ့။ သူတော်ကောင်းတိုင်း တရားဓမ္မကို ချစ်တယ်။ ဘာနဲ့ ချစ်တာလဲ။ သဒ္ဓါနဲ့။ မြင့်မြတ်သူတိုင်း၊ သူတော်ကောင်းတိုင်း . . သတ္တဝါအားလုံး၊ တရားဓမ္မအားလုံးကို သဒ္ဓါ၊ မေတ္တာနဲ့ ချစ်တတ်ကြပါတယ်။

■

http://www.dhammadownload.com

## ပျက်တာများ မက်စရာလား

ပြီးတော့ . . . မုန်းတတ်တဲ့သူ ဖြစ်ရမယ်။ ဒေါသနဲ့ မုန်းတတ်တဲ့သူ မဖြစ်စေရဘူးဆိုတော့ ဘာနဲ့ကျတော့ မုန်းတတ်တဲ့သူ ဖြစ်ရမှာတုံး။

'သဒ္ဓါ၊ မေတ္တာနဲ့ မုန်းတတ်တဲ့သူ ဖြစ်ရပါမယ် ဘုရား'

ချစ်တာနဲ့ ပတ်သက်လို့လည်း သဒ္ဓါနဲ့ မေတ္တာ။ မုန်းတာနဲ့ ပတ်သက်လို့လည်း သဒ္ဓါနဲ့ မေတ္တာဆိုရင် တူနေမှာပေါ့။ အဲဒီလိုကြီးတော့ မလုပ်နဲ့လေ။

သဒ္ဓါနဲ့ မေတ္တာရဲ့ သဘောလေးတွေကလည်း ချစ်စရာပါ။ သဒ္ဓါ၊ မေတ္တာဆိုတဲ့ နာမည်လေးကြားရတာကိုက

http://www.dhammadownload.com

ချစ်စရာနော်။ သဒ္ဓါတို့ မေတ္တာတို့ရဲ့ သဘောသဘာဝကိုက လည်း ချစ်စရာကိုပဲ ကြည့်တာ။ ဘယ်အာရုံပဲ တွေ့တွေ့ ချစ်စရာအဖြစ်နဲ့ပဲ နှလုံးသွင်းနေတာ။

ဒါကြောင့်မို့လို့ သတိတို့ ဉာဏ်တို့ ပညာတို့နဲ့ ချစ်မယ်ဆိုရင်လည်း ရတယ်ဆိုပေမယ့် ချစ်တဲ့သဘောထင်ရှားတဲ့ သဒ္ဓါမေတ္တာကိုပဲ ခေါင်းတပ်ပြီးတော့ ပြောပါတယ်။ ကျန်တဲ့ သူတော်ကောင်းတရားတွေ အကုန် ပါပါတယ်။ သဒ္ဓါ၊ မေတ္တာကို ခေါင်းတပ်ပြီး ပြောပေမယ့် သူတော်ကောင်းတရားတွေ အကုန်လုံးနဲ့ ချစ်တတ်ရမယ်ပေါ့။

မုန်းတယ်ဆိုတော့ မုန်းတဲ့သဘောလေးနဲ့ ခပ်ဆင်ဆင် သူတော်ကောင်းတရားကျတော့ သတိဉာဏ်ပေါ့။ ခုန သဒ္ဓါမေတ္တာလို့ နှလုံးတွဲလိုက်တော့ ဒီမှာလည်း နှစ်လုံးတွဲမယ်ဆိုရင် သတိဉာဏ်နဲ့ မုန်းတတ်ရမယ်။ ဘာနဲ့ မုန်းတတ်ရမှာလဲ။ သတိဉာဏ်နဲ့ မုန်းတတ်ရမယ်။

သတိဉာဏ်နဲ့ မုန်းတယ်ဆိုတာက ဒေါသမုန်းသလိုမျိုး မုန်းတာ မဟုတ်ဘူးနော်။ သတိဉာဏ်နဲ့ သက်ရှိသက်မဲ့ ဘယ်အာရုံကိုမဆို သာယာခြင်း၊ နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ တွယ်တာခြင်း၊ စွဲလမ်းခြင်း၊ ကပ်ငြိခြင်း မရှိရဘူး။ ဒါကိုပဲ သတိဉာဏ်နဲ့ မုန်းတယ်လို့ ဆိုလိုပါတယ်။

ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး ဆိုပြီးတော့ ဉာဏ်စဉ်တွေရဲ့ အနှစ်ချုပ် သုံးမျိုး မရှိဘူးလား။ ရှိတယ်။ အဲဒီမှာ 'ဖြစ်ပျက်မုန်း' ဆိုတာ ဖြစ်ပျက်ကို မကျေမနပ်နဲ့ ဒေါသဖြစ်နေတာ ဟုတ်ရဲ့လား။ မဟုတ်ဘူး။

သတိဉာဏ်လေးနဲ့ ဖြစ်ပျက်ကို ကြောက်ရွံ့နေတာ။ သတိဉာဏ်လေးနဲ့ ဖြစ်ပျက်ကို အပြစ်မြင်နေတာ၊ သတိဉာဏ်လေးနဲ့ ဖြစ်ပျက်အပေါ်မှာ ငြီးငွေ့နေတာ။ သတိဉာဏ်လေးနဲ့ ဖြစ်ပျက်ကနေ လွတ်မြောက်ချင်နေတာ။ အဲဒါကိုပဲ ဖြစ်ပျက်ကို မုန်းတယ်လို့ ပြောတာပါ။

အဲဒီလိုပဲ သက်ရှိသက်မဲ့ အာရုံမှန်သမျှကို သတိဉာဏ်လေးနဲ့ မုန်းရမယ် ဆိုတာလည်း . . . အာရုံမှန်သမျှရဲ့ အပြစ်ကို မြင်ရမယ်။ အပြစ်ကို မြင်ပြီးတော့ အာရုံမှန်သမျှရဲ့ အပေါ်မှာ သာယာနှစ်သက် တပ်မက်စွဲလမ်းမှု မရှိစေရဘူး လို့ ပြောတာ။ သဘောပေါက်တယ် မဟုတ်လား။

ရုပ်တရား နာမ်တရားတွေကို ဖြစ်ခိုက် ဖြစ်ခိုက် ပစ္စုပ္ပန်ကျကျ ရှုမှတ်သွားလို့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်ကို မြင်သွားပြီဆိုရင် အဲဒီရုပ်နာမ်ပေါ်မှာ တွယ်တာမှု ရှိပါဦးမလား။ မရှိတော့ဘူး။ ရုပ်နာမ်ပေါ်မှာ တွယ်တာမှု မရှိတာကိုပဲ ရုပ်နာမ်ကို မုန်းတယ်လို့ပြောတာ။ ဖြစ်ပြီးပျက်နေမှုတော့ ချစ်ပါ

http://www.dhammadownload.com

ဦးမလား။ မချစ်တော့ဘူး။

အမျိုးသားတစ်ယောက်အနေနဲ့ . . . မိန်းမတစ်ယောက် ယူထားတယ်ပေါ့။ အဲဒီယူထားတဲ့ မိန်းမက ကွယ်ရာမှာ တိတ်တိတ်ကလေး တခြားယောက်ျားတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်။ မိန်းမက ဖောက်ပြန်ပျက်စီးနေတယ်ဆိုရင် အဲဒီမိန်းမအပေါ်မှာ အဲဒီယောက်ျား ချစ်တဲ့စိတ် ရှိပါဦးမလား။ မရှိတော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ပျက်စီးနေတာကိုး။ ပျက်စီးနေတဲ့ မိန်းမအပေါ်မှာ အချစ်တွေလျော့၊ အချစ်တွေ ပျက်သုဉ်းပြီး နောက်ဆုံးတော့ ကွာရှင်းပြတ်စဲတဲ့အထိကို ဖြစ်သွားတာ။ အပျက်ကို မြင်လို့ မုန်းသွားတာပေါ့။

ကိုယ့်ရဲ့ ရုပ်နာမ်ခန္ဓာ တစ်ဆက်တည်း တည်မြဲနေတာကို တွေ့တော့ မချစ်ဘူးလား။ ချစ်တယ်၊ သာယာတယ်၊ နှစ်သက်တယ်။ စွဲစွဲလမ်းလမ်း ခုံခုံမင်မင်ကြီးတော့ ဖြစ်ချင်မှ ဖြစ်မယ်။ ဒါပေမဲ့ သိမ်သိမ်မွေ့မွေ့လေးနဲ့တော့ သဘောကျနေတာပေါ့။

သတိဉာဏ်လေး အမြဲတမ်းရှိနေလို့ ဖြစ်ပျက်မြင်နေပြီဆိုရင်တော့ ကိုယ့်ရုပ်နာမ်ခန္ဓာလည်း မတွယ်တာတော့ဘူး။ မြင်မြင်သမျှ သက်ရှိသက်မဲ့အာရုံတွေအပေါ်မှာလည်း

http://www.dhammadownload.com

မတွယ်တာတော့ဘူး။ ဖြစ်ပျက်မြင်တဲ့ သတိဉာဏ် ရသွားပြီ ဆိုရင် ချစ်စိတ်ကုန်ပြီး မုန်းစိတ်ပေါ်လာတယ်။

အဓိကကတော့ ဉာဏ်ပေါ့လေ။ ဉာဏ်ဆိုပေမယ့် သတိလေးလည်း ရှိမှ။ သမာဓိ၊ ဝီရိယလည်း အကုန်ပါပါ တယ်။ သတိဉာဏ်ကို ခေါင်းတပ်ပြီးတော့ ပြောပေမယ့် သူတော်ကောင်းတရားတွေ အကုန်လုံး ပါပါတယ်။ အဲဒီ တော့ ဖြစ်ပျက်ကို မြင်တဲ့ ဝိပဿနာသတိဉာဏ်နဲ့လည်း မုန်း တတ်ရမယ်။

ဒီ့ထက်နည်းနည်းလေး ထပ်လျှော့လိုက်မယ်ဆိုရင် တော့ သံဝေဂသတိဉာဏ်နဲ့လည်း မုန်းတတ်ရမယ်။ မြင်မြင် သမျှ အကောင်းအဆိုး အာရုံအမျိုးမျိုးကို သံဝေဂဉာဏ်နဲ့၊ ကြောက်ရွံ့ ထိတ်လန့်တဲ့ ဉာဏ်လေးနဲ့ သဘောပေါက်ပြီး တော့ မုန်းတတ်ရမယ်။ မတွယ်တာ မစွဲလမ်းရဘူးလို့ ဆိုလို တာပေါ့လေ။

■

http://www.dhammadownload.com

## သဘာဝဟာ သဘာဝပါ

ဒီ့ထက် နည်းနည်းလေး လျှော့လိုက်မယ် ဆိုရင်တော့ . . . ယောနိသောသတိဉာဏ်။ ကြုံလာသမျှ အဖြစ်အပျက်တွေကို အဆင်ပြေသလို၊ သင့်တော်သလို နှလုံးသွင်းပြီးတော့ ဒေါသမဖြစ်အောင် မုန်းတတ်ရမယ်။

ဒေါသဖြစ်တယ်ဆိုရင် မုန်းတတ်တာ မဟုတ်ဘူးနော်။ ဒေါသနဲ့တော့ မုန်းတတ်တာပေါ့။ သတိဉာဏ်နဲ့တော့ မမုန်းတတ်သေးဘူး။

အဖြစ်အပျက်တွေဆိုတာက သိန်းနဲ့သန်းနဲ့ ကုဋေနဲ့ ချီပြီးတော့ အများကြီးရှိတာဆိုတော့ ဘယ်အဖြစ်အပျက်ကို ဘယ်လိုနှလုံးသွင်းရမလဲဆိုတာ မူသေပြောလို့ မရဘူး။ ကိုယ့်ရဲ့ ဗဟုသုတအပေါ်မှာ မူတည်တယ်၊ ကိုယ့်ရဲ့ ပင်ကိုဓာတ်ခံအပေါ်မှာ မူတည်တယ်၊ ကိုယ့်ရဲ့ ပင်ကို အသိဉာဏ်

http://www.dhammadownload.com

အပေါ်မှာ မူတည်တယ်၊ ကိုယ့်ရဲ့ ခံစားချက်အပေါ်မှာ မူတည်တယ်။

ကောင်းတဲ့အာရုံနဲ့ပဲ ကြုံကြုံ . . ၊ ဒေါသဖြစ်တယ်ဆိုတာကတော့ အများအားဖြင့်တော့ ဆိုးတဲ့အာရုံ ကြုံတဲ့အခါ ဖြစ်တာပေါ့လေ။ သိပ်ကို ဒေါသလွန်ကဲပြီးတော့ စိတ်ဖောက်ပြန်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒေါသဖြစ်စရာမဟုတ်တဲ့ အကောင်းအာရုံကိုတောင်မှ ကြံဖန်ပြီးတော့ ဒေါသဖြစ်တတ်သေးတယ်။

ဒါ့ကြောင့် ကောင်းတဲ့ အာရုံနဲ့ပဲ ကြုံကြုံ၊ ဆိုးတဲ့အာရုံနဲ့ပဲကြုံကြုံ၊ ကြုံလာတဲ့အာရုံ၊ ဖြစ်လာတဲ့ အဖြစ်အပျက်ပေါ်မှာ အဆင်ပြေသလို နှလုံးသွင်းလိုက်တဲ့ ယောနိသောသတိဉာဏ်နဲ့လည်း မုန်းတတ်ရမယ်။

ယောနိသော ဆိုတာက အမှန်က သံဝေဂလည်း ယောနိသောပါပဲ။ ဝိပဿနာလည်း ယောနိသောပါပဲ။ ဒါပေမဲ့ ဝိပဿနာနဲ့ သံဝေဂကို သီးခြားပြောလိုက်တဲ့အတွက် အဆင်ပြေသလို ဆင်ခြင်စဉ်းစားလိုက်တာကိုပဲ ယောနိ-သော လို့ခေါ်လိုက်တာပါပဲ။

သတိဉာဏ်နဲ့ မုန်းတတ်တဲ့သူ ဖြစ်အောင် ကြိုးစားရမယ်။ သက်မဲ့နဲ့ ပတ်သက်ရင်လည်း သတိဉာဏ်နဲ့၊ သက်ရှိ

http://www.dhammadownload.com

နဲ့ ပတ်သက်ရင်လည်း သတိဉာဏ်နဲ့ မှန်းတတ်ရမယ်။ တစ်ခု တည်း ခွဲထားခဲ့လို့ မရတော့ဘူး။ ခုန ချစ်တဲ့နေရာမှာ သက်မဲ့ ကျတော့ မေတ္တာပွားလို့ မရတဲ့အတွက် သဒ္ဓါတစ်လုံးတည်းနဲ့ ပဲ ချစ်ရမယ်။ အခု မှန်းနေတဲ့နေရာမှာတော့ သတိဉာဏ် နှစ်မျိုးလုံးနဲ့ မှန်းရမယ်။

သက်မဲ့ဆိုတာက ဥပမာဆိုပါတော့။ နွေရာသီမို့လို့ ရာသီဥတုက ပူတယ်။ အားအားရှိ ပူနေတာပဲ ဆိုပြီးတော့ ပူတဲ့သဘောလေးကိုပဲ ဒေါသ မထွက်ဘူးလား။ ထွက်တာပဲ။ ဆောင်းတွင်းအေးတယ်ဆိုရင်လည်း အေးလိုက်တာ လွန်ပါ ရော။

မိုးတွင်းရောက်တော့ မိုးကလည်း ရွာလိုက်တာ လွန်ပါရော။ အပြင်ထွက်မယ် လုပ်ခါမှ။ ခုနတုန်းကတော့ မရွာဘူး။ ငါအပြင်ထွက်တော့မယ်ဆိုမှ ရွာပြီ။ ဒီမိုးကဆိုပြီး တော့ မိုးကိုတောင် ဆဲတဲ့သူ မရှိဘူးလား။ ရှိတယ်။ ဒါ သက်မဲ့အပေါ်မှာ ဒေါသနဲ့ မှန်းနေတာနော်။

'သဘာဝဟာ သဘာဝပါ'လို့ နားလည်ရင် သတိ ဉာဏ်နဲ့ မှန်းတတ်သွားပါတယ်။ မိုးတွင်းမိုးရွာတာ သဘာဝပဲ မဟုတ်လား။ နွေရာသီ နေပူတာ သဘာဝပဲ။ ဆောင်းတွင်း အေးတာ သဘာဝပဲ။

http://www.dhammadownload.com

သံစဉ်ထည့်ရင်သာ သီချင်းဖြစ်တာပါ။ သံစဉ်မပါဘဲ စာသားကို တရားသဘောနဲ့ နှလုံးသွင်းတတ်လို့ရှိရင် သီချင်းစာသားတွေကလည်း တရားတွေချည်းပါပဲ။

သဘာဝဟာ သဘာဝပါဆိုတာ သီချင်းထဲပါဖူးလို့သာ သီချင်းစာသားလို့ သိနေတာ။ ဘယ်သီချင်းထဲကပါလား လို့ပြောနေတာ။ တကယ်တမ်းကျတော့ သီချင်းထဲမှာ မပါလည်းပဲ 'သဘာဝဟာ သဘာဝပါ' လို့ ပြောလို့မရဘူးလား။ ပြောလည်း ပြောနေကြတာပါပဲ။

ဒေါသမဖြစ်အောင် နှလုံးသွင်းတဲ့နည်းတွေ အများကြီးရှိတဲ့ထဲက ဒီနေ့ တစ်ခုပဲ မှတ်ပေါ့။ ဘယ်လို နှလုံးသွင်းမလဲ။ 'သဘာဝဟာသဘာဝပါ'။ အဲဒီလိုလေးသာ နှလုံးသွင်းလိုက်ရင် ဒေါသက ကင်းမသွားဘူးလား။ ကင်းသွားတယ်။

သက်မဲ့နဲ့ပတ်သက်လို့လည်း သဘာဝဟာသဘာဝပါပေါ့။ သက်ရှိနဲ့ ပတ်သက်လို့လည်း သဘာဝဟာသဘာဝပါပေါ့။ ဥပမာဆိုပါတော့။ ကိုယ့်ကို သူများက အပြစ်တင်လာတယ်၊ အပြစ်ပြောလာတယ်။ ကဲ့ရဲ့လာတယ်၊ ပုတ်ခတ်လာတယ်။ ထိပါးလာတယ်။ ဘယ်လို နှလုံးသွင်းမတုံး။ 'သဘာဝဟာ သဘာဝပါ' ပဲပေါ့။

ဘာသဘာဝတွေတုံး။

http://www.dhammadownload.com

ကဲ့ရဲ့တာ ဝါသနာပါတဲ့သူတွေက ကဲ့ရဲ့တာ သဘာဝပဲ မဟုတ်ဘူးလား။ သဘာဝပဲ။ အတင်းပြောတာ ဝါသနာပါတဲ့သူက အတင်းပြောတာ သဘာဝပဲ။ ပုတ်ခတ်တာ ဝါသနာပါတဲ့သူက ပုတ်ခတ်တာ သဘာဝပဲ။ ဩော် . . . သူ့စိတ်နဲ့သူ သူ့ဟာသူ ပြောဟာပဲ။ ဒါသဘာဝပဲလို့ နှလုံးသွင်းလိုက်ရင် ကဲ့ရဲ့ခံရတာတွေ၊ ပုတ်ခတ်ခံရတာတွေ ဘာများဆန်းသေးတုံး။ ဘာမှ မဆန်းတော့ဘူး။ ဒေါသဖြစ်စရာ ရှိသေးရဲ့လား၊ မရှိတော့ဘူး။

ဒါ့ကြောင့် ဒီနေ့တရား ဘာမှမမှတ်မိရင် နေပါစေ။ 'သဘာဝဟာ သဘာဝပါ' လို့ နှလုံးသွင်းတဲ့နည်းလေး မှတ်မိရင် ကျေနပ်ပါပြီ။ ဒီနေ့တရားက ဒီတစ်ခွန်းတည်းနဲ့တွင်တန်နေပါပြီ။ 'သဘာဝဟာ . . . သဘာဝပါ' . . . ။

'သဘာဝဟာ သဘာဝပါ'

လို့ နှလုံးသွင်းလိုက်တာဟာ ယောနိသော သတိဉာဏ်ပါပဲ။ သံဝေဂ သတိဉာဏ်မှာတော့ 'သဘာဝဟာ သဘာဝပါ' လို့ နှလုံးသွင်းတဲ့အပြင် အဲဒီသံဝေဂကို အခြေခံပြီး ဝိပဿနာသတိဉာဏ်အထိ တက်လှမ်းနိုင်အောင် ကြိုးစားရမယ်။ သစ်ရွက်လေးကြွေတာကို ကြည့်ပြီးတော့ သဘာဝဟာ သဘာဝပါ . . . ။ သစ်ရွက်ကြွေတာလည်း သဘာဝ

http://www.dhammadownload.com

ပဲ မဟုတ်လား။

နုရာကရင့်၊ သစ်ရာကဟောင်း၊ ဝေရာကကြွေတာ သဘာဝပဲ ဆိုပြီးတော့ သံဝေဂယူရုံသက်သက်ပဲ ဖြစ်ရမှာ မဟုတ်ဘူး။ အဲဒီကနေ သံဝေဂဉာဏ်ယူပြီးတော့မှ ကိုယ့်ရုပ် နာမ်ခန္ဓာရဲ့ ဖြစ်ပျက်၊ သို့မဟုတ်လည်း ပြင်ပ ဗဟိဒ္ဓက ရုပ် နာမ်အာရုံတွေရဲ့ ဖြစ်ပျက်ကို မြင်အောင် ရှုရမှာ။ အဲဒါဆိုရင် သံဝေဂသတိဉာဏ်ကနေ တစ်ဆင့်တက်ပြီးတော့ ဝိပဿနာ သတိဉာဏ်အထိ ရောက်သွားတယ်။

ဖြစ်ပျက်နေတဲ့သဘောတွေ၊ အမြဲတမ်းပြောင်းလဲ နေတဲ့သဘောတွေကို မြင်သွားပြီဆိုရင် အဲဒီအာရုံတွေပေါ် မှာ တွယ်တာစွဲလမ်းတဲ့စိတ် မရှိတော့ဘူး။ မတွယ်တာ၊ မစွဲ လမ်းတော့တာကိုပဲ မုန်းတယ်လို့ ပြောတာ။

ဒါ့ကြောင့် ဆိုလိုက်ပါ။

သတိဉာဏ်ယှဉ်၊ မုန်းတတ်လျှင်၊ ဝဋ်ခွင်လွတ် မြောက်မည်။

ပထမဆောင်ပုဒ်လေးနဲ့ တွဲဆိုကြည့်ပါဦး။

သဗ္ဗါမေတ္တာ၊ ရှေးရှုကာ၊ ချစ်တာမြင့်မြတ်သည်။

သတိဉာဏ်ယှဉ်၊ မုန်းတတ်လျှင်၊ ဝဋ်ခွင်လွတ် မြောက်မည်။

http://www.dhammadownload.com

## ကိုယ်သာမည်းစေ၊ စိတ်မမည်းစေနဲ့

မချစ်တတ် မမုန်းတတ်တဲ့သူ။ ဒီခေါင်းစီးလေး ကြည့်ပြီးတော့ အထိုက်အလျောက် အနည်းငယ် ကြိုတင် မိတ်ဆက်စကားလေး ပြောတာပေါ့။ တရားက မစရသေး ဘူးနော်။ အခုမှ စမှာ။ ဦးဇင်းတို့ အခုပြောခဲ့တဲ့ အကြောင်း အရာတွေက ဓမ္မဓဇဇာတ်တော်လို့ခေါ်တဲ့ ဇာတ်တော်တစ်ခု ကို အာရုံပြုပြီးတော့ ပြောနေတာပါ။

လူတွေက ဇာတ်တော်ဆိုရင် ကလေးဆုံးမတဲ့ တရားလို့ ထင်နေတာနော်။ ကလေးတွေကိုဟောတဲ့ တရား လို့ ထင်နေတာ။ မြတ်စွာဘုရားက ဇာတ်တော်ကို ကလေး တွေကို ဟောခဲ့တာ ဟုတ်ရဲ့လား။ မဟုတ်ဘူး။ လူကြီးတွေ ကို ဟောခဲ့တာ။ လူကြီးရော ကလေးရော အကုန်ပေါ့လေ။

http://www.dhammadownload.com

ဇာတ်တော်ကလည်း သာမန်အရပ်ထဲမှာ ပြောနေကြတဲ့ လိမ္မာယဉ်ကျေးမှုမျိုးလောက်နဲ့ လိမ္မာယဉ်ကျေးအောင် ဟောထားတာလည်း မဟုတ်ဘူး။ ဇာတ်တော်တိုင်း၊ ဇာတ်တော်တိုင်းဟာ ရဟန္တာဖြစ်တဲ့အထိ ဟောထားတာချည်းပါပဲ။ ဘယ်ဇာတ်တော်မဆို ရဟန္တာဖြစ်တဲ့အထိ ဟောထားတာပါ။ ကလေးတွေ လိမ္မာယဉ်ကျေးရုံလောက် ဟောထားတာ မဟုတ်ပါဘူး။

ဦးဇင်းတို့ ဗာရာဏသီမှာ ယသပါဏိ လို့ခေါ်တဲ့ ရှင်ဘုရင်ကြီးတစ်ပါး အုပ်ချုပ်ခဲ့ဖူးတယ်။ သူ့ရဲ့ စစ်သူကြီးက ကာဠက။ ပုရောဟိတ်က ဓမ္မဓဇ။ ဦးဇင်းတို့ ဘုရားလောင်းက ဓမ္မဓဇ လို့ခေါ်တဲ့ ပုရောဟိတ်ပေါ့။

တစ်နေ့ကျတော့ ဓမ္မဓဇ ပုရောဟိတ်က နန်းတော်ကို ရှုံးတက်ဖို့ လာတယ်။ လာတဲ့အချိန်မှာ လူအုပ်ကြီးက ဝိုင်းအုံပြီးတော့ ကယ်တော်မူပါ။ ကယ်တော်မူပါ။ အသင်တို့လို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရှိနေပါလျက်နဲ့ အခုလို တရားဥပဒေမစိုးမိုးတာ မသင့်တော်ပါဘူး။

ဘာလို့လဲဆိုတော့. . . ကာဠကစစ်သူကြီးက အစတုန်းက တရားသူကြီးရာထူးပါ ယူထားတာကိုး။ ယူထားပေမယ့် သူက လာဘ်စားပြီးတော့၊ တံစိုးလက်ဆောင်တွေ

http://www.dhammadownload.com

ယူထားပြီးတော့ ပိုင်ရှင်မဟုတ်တဲ့သူကို ပိုင်ရှင်လုပ်တယ်။ ပိုင်ရှင်ဟုတ်တဲ့သူကို ပိုင်ရှင် မဟုတ်အောင် လုပ်တယ်။ ရှုံးရမယ့်သူကို အနိုင်ပေးတယ်၊ နိုင်ရမယ့်သူကို အရှုံးပေးတယ်။ လာဘ်စားတယ်ပေါ့။ လာဘ်စားပြီးတော့ တရားအမှုကို မမျှမတ စီရင်တယ်။

စီရင်တော့ တရားရှုံးတဲ့ပုဂ္ဂိုလ်တွေက စုပြီးတော့ ဓမ္မဓဇပုရောဟိတ်ဆီကို ပြေးလာကြတာပေါ့။ ပြေးလာပြီးတော့ အသင်တို့လို သူတော်ကောင်းပုဂ္ဂိုလ် ရှိပါလျက်နဲ့ တရားရှုံးရတယ်ဆိုတာ သဘာဝမကျပါဘူး။ ကျွန်တော်တို့ရဲ့ အမှုကို စီရင်ပေးပါ ဆိုတော့ ဓမ္မဓဇပုရောဟိတ်က ကဲ - ပြစမ်း။ ဘာအမှုတွေလဲ ဆိုပြီး တရားဆုံးဖြတ်တဲ့ နေရာ၊ တရားရုံးသွားပြီးတော့ အမှုတွေ စစ်ဆေးတယ်။

စစ်ဆေးပြီးတော့မှ ပိုင်ရှင်ကို ပိုင်ရှင်၊ ပိုင်ရှင်မဟုတ်တဲ့သူကို ပိုင်ရှင်မဟုတ်။ ဒါပိဋကတ်တော်စာအတိုင်း ပြောတာပေါ့။ နိုင်ရမယ့်သူကို အနိုင်၊ ရှုံးရမယ့်သူကို အရှုံး၊ မှန်မှန်ကန်ကန် တိတိကျကျ ဆုံးဖြတ်ပေးလိုက်တယ်။

ဆုံးဖြတ်ပေးလိုက်တော့ အမှန်အတိုင်း တရားနိုင်သွားတဲ့ပုဂ္ဂိုလ်တွေက ဝမ်းသာကြတာပေါ့။ ဝမ်းသာတော့ ကောင်းချီးသြဘာတွေ ပေးကြတယ်။ အော်ကြ ဟစ်ကြ၊

http://www.dhammadownload.com

လက်ခေါက်တွေ မှုတ်ကြ၊ ဦးထုပ်တွေဘာတွေ အပေါ်ကို ပစ်လွှတ်ကြ စသည်အားဖြင့် ဝမ်းမြောက်ဝမ်းသာနဲ့ ကောင်းချီးပေးကြတယ်။ အသံက သိပ်ကို ဆူညံသွားတယ်။

အဲဒီတော့ ရှင်ဘုရင်ကြီးက အနီးအနားမှာရှိတဲ့သူကို မေးတာပေါ့။ ဆူဆူညံညံနဲ့ ဘာဖြစ်နေတာတုံး။ ဓမ္မဓဇက အမှုကို အမှန်အတိုင်း စီရင်ပေးလိုက်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ကောင်းချီးပေးနေကြတာပါ။

အဲဒီလိုပြောတော့မှ ရှင်ဘုရင်ကြီးကလည်း ဒီနေ့ ဒီအချိန်ကစပြီးတော့ ဓမ္မဓဇကိုပဲ တရားသူကြီးရာထူး ခန့်အပ်တော့မယ်။ သူက တရားဥပဒေနဲ့အညီ အမှုစီရင်တယ်ဆိုတော့ တိုင်းသူပြည်သားတွေအားလုံးလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာကြတယ်။ ငါ့ရဲ့ တိုင်းပြည်လည်း သာယာဝပြောတယ်။ တရားဥပဒေစိုးမိုးတဲ့အတွက်ကြောင့် ငါ့ရဲ့တိုင်းပြည်လည်း ဂုဏ်သိက္ခာရှိတယ်။

ဟုတ်တာပေါ့။ တရားဥပဒေ မစိုးမိုးတဲ့ တိုင်းပြည်ဟာ ဂုဏ်သိက္ခာ မရှိဘူး။ ဓမ္မဓဇဟာ တရားဥပဒေစိုးမိုးအောင်လုပ်တဲ့ပုဂ္ဂိုလ်ပဲ။ ဒီနေ့ကစပြီးတော့ တရားသူကြီး ရာထူးပေးလိုက်မယ် ဆိုပြီးတော့ တရားသူကြီးရာထူးကို ပေးလိုက်တာပေါ့။

http://www.dhammadownload.com

ကာဠကစစ်သူကြီးက တရားသူကြီးရာထူး ပြုတ်သွားတယ်။ ပြုတ်သွားတော့ မကျေနပ်ဘူး။ ကာဠကဆိုတာ မြန်မာလိုဆိုရင်တော့ ဦးမဲ။ သူက နာမည်ကလည်း မည်း၊ စိတ်ကလည်း မည်း။ သူက တရားမစီရင်ရတော့ လာဘ်လာဘတွေ မရတော့ဘူးပေ့ါ။ တံစိုးလက်ဆောင်တွေ မရတော့ဘူးပေ့ါ။

အဲဒီတော့ ဓမ္မဓဇအပေါ်မှာ ရန်ငြိုးဖွဲ့တယ်။ ရန်ငြိုးဖွဲ့ပြီဆိုတာနဲ့ ကုန်းတိုက်တယ်ဆိုတာ လာတော့တာပဲပေ့ါ။

ကုန်းတိုက်တယ် ဆိုတာ စိတ်မည်းသူတွေရဲ့ အလုပ်ပါ။ စိတ်ဖြူသူတွေရဲ့ အလုပ် မဟုတ်ပါဘူး။ အသားဖြူပေမယ့် စိတ်မည်းရင် ကုန်းတိုက်တတ်ပါတယ်။ အသားမည်းပေမယ့် စိတ်ဖြူရင် ကုန်းမတိုက်တတ်ပါဘူး။ အသားလည်း မည်း၊ စိတ်လည်းမည်းဆိုရင်တော့ အသားဖြူသူတွေထက် လေးငါးဆယ်ဆ ကုန်းတိုက်တတ်ပါတယ်။

အသားမည်းရင် မည်းပါစေ၊ စိတ်ကိုတော့ ဘယ်တော့မှ မမည်းပါစေနဲ့။

အခုကာဠကစစ်သူကြီးကတော့ အသားကလည်း မည်း၊ စိတ်ကလည်း မည်းဆိုတော့ ယုတ်မာမှုအပေါင်း သရဖူဆောင်းပြီး ကောင်းကောင်းကြီး ကုန်းတိုက်တော့တာပါပဲ။

http://www.dhammadownload.com

## လူကံကြီးရင် နတ်ဖြည့်ဆည်းပေးရတယ်

အဲဒါနဲ့ ရှင်ဘုရင်ကြီးကို ကုန်းတိုက်တယ်။ ဓမ္မဓဇ က လူစုနေတယ်။ ရှင်ဘုရင်ကြီးရဲ့ အာဏာကို လုယူတော့ မယ်။ မင်းကြီးကလည်း ထိတ်လန့်သွားတာပေါ့။ အဲဒါနဲ့ မင်း က ဟုတ်ရဲ့လားကွာ။ ဓမ္မဓဇက သူတော်ကောင်းပါ။ အသင် မင်းကြီး မယုံရင် ဒီမှာကြည့်ဆိုပြီးတော့ ပြတင်းပေါက် ဖွင့်ပြီး တော့ အပြင်ကို ကြည့်ခိုင်းတယ်။

အဲဒီအချိန်ကလည်း နန်းတော်ကို ရုံးတက်တဲ့အချိန် ပေါ့။ ရုံးတက်ခါနီး တရားမဏ္ဍပ်မှာ - တရားမဏ္ဍပ်ဆိုတာ က တရားဟောတဲ့ မဏ္ဍပ်ကို ပြောတာ မဟုတ်ဘူး။ အမှု စီရင်တဲ့ မဏ္ဍပ်ကို ပြောတာပါ။ တရားမဏ္ဍပ် . . .။ တစ် နည်းပြောရင် တရားသူကြီးရုံးပေါ့လေ။

http://www.dhammadownload.com

ရုံးဆိုပေမယ့် ပတ်ပတ်လည် ကာထားတာ မဟုတ်ဘူး။ မဏ္ဍပ်ကြီးလို ဖြစ်နေတာ။ အဲဒီတော့ လူတွေ စုစုစုစုနဲ့ အများကြီး ဝိုင်းအုံနေတာပေါ့။ ဟိုမှာတွေ့လား။ ခမ္ဘဇေ လူစုနေတာ။ ပရိသတ်တွေကလည်း နည်းတာမဟုတ်ဘူး။ ဒီလောက် လူအင်အားတောင့်တင်းရင်တော့ အရှင်မင်းကြီးရဲ့ အာဏာကို လုမှာပဲ။

အဲဒီတော့ . . . . မင်းကြီး ထိတ်လန့်သွားတယ်။ ကာဠကရေ . . . ငါဘယ်လိုလုပ်ရမလဲ။ ကာဠကက စိတ်ထားဆိုးယုတ်တဲ့ပုဂ္ဂိုလ်ဆိုတော့ မကောင်းတဲ့အကြံပဲ ပေးတာပေါ့။ ဒီကောင့်ကို အပြတ်ရှင်းပစ်လိုက်ပါ အရှင်မင်းကြီး။

ဒီအတိုင်းကြီး အပြတ်ရှင်းပစ်လိုက်လို့ ဘယ်သင့်တော်ပါ့မလဲ။ ဘာအကြောင်းပြချက်မှမရှိဘဲ အသားလွတ်ကြီး သတ်ပစ်လိုက်လို့ မဖြစ်ဘူး။ ထင်ရှားတဲ့ အပြစ်တစ်ခုခုတော့ ပြနိုင်မှ သတ်လို့ ဖြစ်မှာပေါ့။

အဲဒါနဲ့ ကာဠကစစ်သူကြီးက အဲဒါများ မခက်ပါဘူး။ ဒီလိုလုပ်ပါ။ သူ့ကို မနက်ဖြန်တစ်ရက်တည်းနဲ့ ဥယျာဉ်ကြီးတစ်ခု တည်ဆောက်ခိုင်းလိုက်ပါ။ အသီးအပွင့် ဝေဝေဆာဆာ၊ ရေကန်တွေ ဘာတွေနဲ့၊ အုတ်တံတိုင်းတွေ ဘာတွေနဲ့၊ ပြည့်စုံတဲ့ ဥယျာဉ်ကြီးတစ်ခုဆိုတာ သုံးလေးနှစ်

http://www.dhammadownload.com

လောက် လုပ်ရတာ။ အပင်တွေ ကြီးလာအောင်လည်း စောင့်ရတာပေါ့။ တစ်ရက်တည်းနဲ့ ဥယျာဉ်ကြီးတစ်ခု ဖန်တီးဖို့ဆိုတာ မလွယ်ဘူး။

အဲဒီတော့ သူ့ကို မနက်ဖြန် ဥယျာဉ်သစ်ကြီးတစ်ခု ဖန်တီးခိုင်းလိုက်ပါ။ မပြီးရင် သတ်မယ်လို့ အမိန့်ထုတ်လိုက်ပါ။ ကောင်းပြီဆိုပြီးတော့ ရှင်ဘုရင်ကြီးက ဓမ္မဓဇကို ခေါ်လိုက်တယ်။

ဓမ္မဓဇ . . . ငါ ဥယျာဉ်အဟောင်းတွေမှာပဲ ပျော်ပါးရတာ ငြီးငွေ့နေပြီ။ မနက်ဖြန် ဥယျာဉ်သစ်ကြီးမှာ ပျော်ပွဲစား ထွက်ချင်တယ်၊ ကစားထွက်ချင်တယ်။ ဒီတော့ မနက်ဖြန်အပြီး ဥယျာဉ်သစ်ကြီးတစ်ခု တစ်နေရာမှာ ငါ့ကို တည်ဆောက်ပေးစမ်းပါ . . . ။ တည်ဆောက်မပေးနိုင်ရင်တော့ အသက်ရှင်ခွင့်ရမှာ မဟုတ်ဘူး။ မဖြစ်နိုင်တာကို ခိုင်းလိုက်တာပေါ့။ မဖြစ်နိုင်တာ ခိုင်းပြီးတော့မှ ဖြစ်မလာတဲ့ အပြစ်ကို ပြပြီးတော့ သတ်မယ်။

အဲဒါနဲ့ ဓမ္မဓဇကလည်း 'စွမ်းနိုင်ရင်တော့ ဖြစ်လာပါလိမ့်မယ်'။ သူတော်ကောင်းပုဂ္ဂိုလ်ဆိုတော့ စိတ်မပူလောင်ဘူး၊ စိတ်ပျာယာမခတ်ဘူး၊ တည်တည်ငြိမ်ငြိမ်ပဲ။ ဒါနဲ့ အိမ်ပြန်သွားပြီးတော့ စားကောင်းသောက်ဖွယ်တွေကို စား။ ခု

http://www.dhammadownload.com

တင်ပေါ်မှာ ခဏလေး လဲလျောင်းနေတယ်။ အကြံထုတ်တာပေါ့လေ။

အဲဒီလို လဲလျောင်းနေတဲ့အချိန်မှာပဲ သိကြားမင်းရဲ့ ကျောက်ဖျာက တင်းသွားတယ်။ သူတော်ကောင်းပုဂ္ဂိုလ် အခက်အခဲကြုံတဲ့အချိန်မှာ သိကြားမင်းကျောက်ဖျာ တင်းသွားတယ်။ အခု တရားနာပရိသတ်တွေရော အခက်အခဲကြုံနေလား။ သိကြားမင်း ကျောက်ဖျာကလည်း တင်းကို မတင်းသေးဘူး ထင်တယ်နော်။

သိကြားမင်းကျောက်ဖျာ တင်းပြီးတော့ ဆင်းလာ။ ဓမ္မဇရဲ့အခန်းထဲမှာ ဘွားခနဲပေါ့။ အသင်ဘယ်သူလဲ။ ကျွန်ုပ် သိကြားမင်းပါ။ သင့်ကို ကူညီချင်လို့ လာတာပါ။ သင့်မှာ ဘာအခက်အခဲ ရှိနေလို့ မှိုင်နေရတာလဲ။

ဒီလိုဒီလိုပါပဲ လို့ ပြောပြတော့ သိကြားမင်းကြီးက မပူပါနဲ့။ ကျွန်ုပ် နန္ဒဝန်ဉယျာဉ်ကြီးလိုမျိုး အလွန်လှပတင့်တယ်တဲ့ ဉယျာဉ်မျိုး ဖန်ဆင်းပေးပါ့မယ်။ ဘယ်နေရာ ဖန်ဆင်းပေးရမလဲကိုသာပြော ဆိုတော့ ဓမ္မဇက ဉယျာဉ်ဆောက်မယ့် နေရာလေးကို ပြောပြတာပေါ့။

နောက်တစ်နေ့ မနက်လည်းလင်းရော ဉယျာဉ်ကြီးက ဆောက်ပြီးသား ဖြစ်နေပြီ။ တံတိုင်းအကာအရံတွေက

http://www.dhammadownload.com

လည်း လှလှပပနဲ့၊ အတွင်းထဲမှာလည်း အသီးပင်တွေက အသီးတွေ ဝေဆာပွတ်ခဲနေတယ်။ ပန်းပင်တွေကလည်း ပန်းတွေဝေလို့၊ ပန်းမျိုးစုံ ဖူးပွင့်လို့။ ကျေးငှက်သာရကာမျိုးစုံ ကလည်း အသံသာသာလေးတွေနဲ့ သီဆိုတွန်ကျူးလို့၊ ယုန် လေးတွေ၊ သမင်လေးတွေကလည်း ခုန်ပေါက်ပျော်မြူးလို့၊ အင်မတန် သာယာတဲ့ဥယျာဉ်ကြီးတစ်ခု ဖြစ်သွားတယ်။

အဲဒါနဲ့ ဓမ္မဇလည်း ရှင်ဘုရင်ဆီ သွားပြီးတော့ အရှင်မင်းကြီး . . . အရှင်မင်းကြီး ပျော်ပွဲစားထွက်ဖို့ ဥယျာဉ်အသစ်ကြီး တည်ဆောက်ပြီးပါပြီ။ သွားကြည့်လိုက် တော့ ဥယျာဉ်ကြီးက ခမ်းနားလိုက်တာ။

ကာဌက . . . တို့ ဘယ်လိုလုပ်မလဲ။ မပူပါနဲ့ အရှင်မင်းကြီး။ အခုလို ဥယျာဉ်ကြီးကို တစ်ရက်တည်း တစ် ညတည်း အပြီးဆောက်နိုင်နေမှတော့ အရှင်မင်းကြီးရဲ့ အာ ဏာကို မလုဘဲ ဘယ်နေပါ့မလဲ။ ဒီတော့ မြန်မြန်ရှင်းမှ ဖြစ် မယ်။ ဒီလိုလုပ်ကြစို့။ အဲဒီဥယျာဉ်ကြီးထဲမှာ ရေကန်ကြီး တစ်ခု တစ်ရက်တည်းနဲ့ တည်ဆောက်ခိုင်းကြစို့။

အဲဒါနဲ့ ဓမ္မဇကို ခေါ်ပြီးတော့ ဓမ္မဇ . . . ဒီ ဥယျာဉ်ကြီးနဲ့ လိုက်ဖက်တဲ့ ရေကန်ကြီးတစ်ခု မနက်ဖြန် ငါ မြင်ချင်တယ်။ အဲဒါ တစ်ရက်တည်း၊ တစ်ညတည်းနဲ့

http://www.dhammadownload.com

ပြီးအောင် လုပ်ပါ။ မလုပ်နိုင်ရင်တော့ အသက်ချမ်းသာရာရမှာ မဟုတ်ဘူး။

အဲဒီလိုပြောလိုက်တော့လည်း စွမ်းနိုင်ရင် ဖြစ်လာပါလိမ့်မယ်။ အိမ်ပြန်သွား။ စားသောက်ပြီး အိပ်။ ကျောက်ဖျာ တင်း။ ရေကန်ကြီး ဖန်ဆင်းပေးပေ့။

နောက်တစ်နေ့ကျတော့ ရေကန်ကြီးက အကွေ့အကောက်ပေါင်း တစ်ထောင်နဲ့၊ ရေဆိပ်ပေါင်း တစ်ရာနဲ့။ ကြာမျိုးငါးပါးကလည်း ဖူးပွင့်လို့၊ မွှေးကြိုင်လို့။ ရေဘဲလေးတွေ၊ ဟင်္သာလေးတွေကလည်း မြူးပျော်လို့။ အင်မတန်သာယာလှပတဲ့၊ ကြည်လင်အေးမြတဲ့ ရှုမငြီးဖွယ် ရေကန်ကြီးဖြစ်နေတယ်။

ကာဠက တို့ဘယ်လိုလုပ်ကြမလဲ။ ဒီကောင်တော့ ရေကန်ကြီး တည်ဆောက်ပြီးပြီ။ အရှင်မင်းကြီး မပူပါနဲ့။ သူ့ကို ဆင်စွယ်နန်းတော် ဆောက်ခိုင်းရအောင်။ ဆင်စွယ်ဆိုတာက အလွန်ကို ရှားတာ။ အဆောက်အအုံတစ်ခုလုံး ဆင်စွယ်အတိပြီးတဲ့ နန်းတော်ကြီး တည်ဆောက်ခိုင်းပါ။

အဲဒါနဲ့ ဓမ္မဓဇကို ခေါ်ပြီးတော့ . . . ဓမ္မဓဇ . . . ဒီဥယျာဉ်ကြီး၊ ဒီရေကန်ကြီးနဲ့ လိုက်ဖက်တဲ့ ဆင်စွယ်နန်းတော်ကြီး တည်ဆောက်ပေးပါ။ ထုံးစံအတိုင်း သိကြားမင်း

http://www.dhammadownload.com

ဘာ ဖန်ဆင်းပေးလိုက်တော့ ဆင်စွယ်နန်းတော်ကြီးလည်း ဖြစ်သွားတယ်။

ကာဠက က အကြံပေးပြန်တယ်။ ဒီဆင်စွယ်နန်းတော်ကြီးထဲမှာ မီးထွန်းစရာ မလိုဘဲနဲ့ အမြဲတမ်းလင်းနေတဲ့ ပတ္တမြားရတနာကြီးလည်း ပြုလုပ်ခိုင်းပါဦး။

ရှင်ဘုရင်ကလည်း ဓမ္မဓဇကို ခေါ်ပြော။ သိကြားမင်းရဲ့ အကူအညီနဲ့ နေ့ရောညရော လင်းနေတဲ့ ပတ္တမြားကြီးလည်း ဆင်စွယ်နန်းတော်ထဲမှာ ရှိသွားတယ်။

အဲဒီလိုနဲ့ ဘယ်လိုမှ ကြံစည်လို့မရတော့ ကာဠက စစ်သူကြီးက ပြောတယ်။ အရှင်မင်းကြီး ဒီဓမ္မဓဇမှာတော့ လိုတရနတ် တစ်ပါးပါးရှိနေတာ သေချာပြီ။ အာလာဒင်များ သူ့မှာ ရှိနေလား မသိဘူးပေါ့။

သူဖြစ်ချင်တာ မှန်သမျှကို လုပ်ပေးနေတဲ့ နတ်တစ်ပါးပါးတော့ ရှိနေတာ သေချာပြီ။ ဒီတော့ ရုပ်ဝတ္ထုတွေ တည်ဆောက်ခိုင်းရင်တော့ သူ့နတ်က ဖန်ဆင်းပေးတော့မှာပဲ။ ဒီတော့ နတ်ဖန်ဆင်းလို့ မရတဲ့ဟာ ခိုင်းကြစို့။

ဒီဥယျာဉ်ထဲမှာ စောင့်ရှောက်ဖို့ ဥယျာဉ်စောင့် တစ်ယောက် ရှာဖွေခိုင်းလိုက်ပါ။ အဲဒီဥယျာဉ်စောင့်က အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥယျာဉ်စောင့် ဖြစ်ရမယ်။

http://www.dhammadownload.com

## စိတ်နိုင်ရင် ဘဝနိုင်ပါတယ်

နောက်တစ်နေ့ကျတော့ ရှင်ဘုရင်ကြီးက ဓမ္မဓဇကိုခေါ်ပြီးတော့ မင်းရဲ့ ဥယျာဉ်ကြီးကလည်း ကောင်းလိုက်တာကွာ။ ရေကန်ကြီးကလည်း ကောင်းလိုက်တာ၊ နန်းတော်ကြီးကလည်း ကောင်းလိုက်တာ၊ ပတ္တမြားကြီးကလည်း ကောင်းလိုက်တာ။

ဒီဥယျာဉ်၊ ရေကန်၊ နန်းတော်၊ ပတ္တမြားတွေကို စောင့်ရှောက်ဖို့အတွက် အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥယျာဉ်မှူးကောင်းကောင်းတစ်ယောက် သင်မနက်ဖြန် ရှာပေးပါ။ ဘာအင်္ဂါရပ်လို့ ပြောလိုက်တာလည်း မဟုတ်ဘူး။ သိလည်း သိတာမဟုတ်ဘူး။

http://www.dhammadownload.com

အဲဒါနဲ့ ဓမ္မဇေကလည်း ထုံးစံအတိုင်း ပြန်သွား။ စားကောင်းသောက်ဖွယ်တွေ စားပြီးတော့ အိပ်ရာပေါ်မှာ လှဲအိပ်နေ။ အဲဒီနေ့ကျတော့ သိကြားမင်းကလည်း မလာတော့ဘူး။ သူက ဖန်ဆင်းလို့မှ မရတာကိုး။

သိကြားမင်းကို စောင့်ရင်းစောင့်ရင်းနဲ့ သူက အိပ်ပျော်သွားတာ။ မနက် အရုဏ်တက်ခါနီးကျတော့ နိုးလာတယ်။ နိုးလာပေမယ့် သိကြားမင်းကလည်း မလာ။ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥယျာဉ်မှူးကလည်း မရှိတော့ . . .

ဒီအတိုင်းဆိုရင်တော့ ငါ့ကို ဒီနေ့သတ်တော့မှာပဲ။ မင်းဆိုးမင်းညစ်ရဲ့ လက်ထဲမှာ အသတ်ခံပြီးတော့ သေရတာထက်စာရင်တော့ . . . တောထဲမှာ တစ်ယောက်တည်း အထီးကျန် အစာရေစာ ငတ်ပြတ်ပြီးတော့ သေတာကမှ မြတ်သေးတယ်။

မင်းဆိုးမင်းညစ်ရဲ့ လက်ထဲမှာတော့ အသက်အသေမခံနိုင်ဘူး။ တောထဲမှာပဲ တစ်ယောက်တည်း အသေခံတော့မယ်ဆိုပြီးတော့ တစ်ခါတည်း တောထဲကို ပြေးတော့တာပဲ။ တောခိုသွားတယ် ပြောရမှာပေါ့နော်။

အဲဒါနဲ့ တောထဲသွား သစ်ပင်တစ်ပင်အောက်မှာ ထိုင်ရင်းနဲ့ သူတော်ကောင်းတရား တစ်ခုကို ဆင်ခြင်နေ

http://www.dhammadownload.com

တယ်။ ဘာသူတော်ကောင်းတရားတစ်ခုလဲဆိုတော့ . . .

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။

'ဘုရားအစရှိတဲ့ သူတော်ကောင်းပုဂ္ဂိုလ်တွေရဲ့ စိတ်တွေဟာ လောကဓံရှစ်ပါး ဘာနဲ့ပဲ ကြုံကြုံ မတုန်လှုပ်ကြဘူး'။ သူတော်ကောင်းပုဂ္ဂိုလ်တွေ လောကဓံနဲ့ ကြုံလို့ရှိရင် မတုန်လှုပ်တတ်တဲ့ သဘောလေးကို ဆင်ခြင်ပြီးတော့ နေတယ်။

တောထဲကို ပြေးတယ်ဆိုပေမယ့် ကြောက်လို့ပြေးတာ မဟုတ်ဘူး။ အမိပ္ပာယ်မဲ့ သေခြင်းမျိုးနဲ့ မသေချင်လို့ ထွက်ပြေးတာ။ သူတော်ကောင်းတွေ လောကဓံတရားကြောင့် စိတ်မတုန်လှုပ်တာကို ဆင်ခြင်ပြီးတော့ သူလည်း စိတ်မတုန်လှုပ်အောင် ဆောက်တည်ထားတာ။

သူတော်ကောင်းဆိုတာ အကောင်းလောကဓံတွေနဲ့ ကြုံလည်း မတုန်လှုပ်ဘူး၊ စိတ်ခိုင်တယ်။ အဆိုးလောကဓံတွေနဲ့ ကြုံလည်း မတုန်လှုပ်ဘူး၊ စိတ်ခိုင်တယ်။ စိတ်ခိုင်တော့ ဘဝခိုင်တာပေါ့။

အကြောင်းမညီညွတ်လို့ ဘဝအခြေအနေ ဘယ်လိုပဲ ယိုင်ယိုင်၊ စိတ်မယိုင်ဘူး၊ စိတ်ခိုင်နေတယ်ဆိုရင် ကိုယ့်ရဲ့ ယိုင်နေတဲ့ဘဝကို ခိုင်အောင်လုပ်ပေးမယ့်သူ၊ ခိုင်အောင်

http://www.dhammadownload.com

လုပ်ပေးမယ့် အခြေအနေဆိုတာ မလွဲမသွေ ပေါ်ပေါက်လာမှာပါပဲ။ စိတ်ခိုင်နေရင် ဘဝယိုင်တာ ခေတ္တခဏပါ။ စိတ်ခိုင်ရင် ဘဝခိုင်ပါတယ်။

အဲဒီအချိန်မှာပဲ သိကြားမင်းက မုဆိုးယောင်ဆောင်ပြီးတော့ ရောက်လာတယ်။

သင့်ကို ကြည့်ရတာ နူးညံ့သိမ်မွေ့လိုက်တာ။ ရုပ်ကလေးကလည်း ချောမောလှပလိုက်တာ။ ချမ်းချမ်းသာသာနဲ့ ကြီးပြင်းလာတဲ့ပုံပါပဲ။ ဘာဖြစ်လို့ တောထဲမှာ တစ်ယောက်တည်း သူဆင်းရဲတစ်ယောက်လို မှိုင်တွေနေရတာလဲ။

အဲဒီတော့မှ ဓမ္မဓဇ က သူ့အဖြစ်အပျက်တွေကို ပြောပြ။ အဲဒီအခါကျတော့ သိကြားမင်းက သင့်ကို ရေကန်တွေ၊ ဥယျာဉ်တွေ၊ နန်းတော်တွေ၊ ပတ္တမြားတွေ ဖန်ဆင်းပေးတဲ့ သိကြားမင်းက ကျွန်ုပ်ပါပဲ။

ဒါပေမဲ့ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဥယျာဉ်မှူး လူသားကိုတော့ ကျွန်ုပ်ဖန်ဆင်းမပေးနိုင်ဘူး။ ဒါပေမဲ့ ဘယ်သူဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်ဆိုတာကိုတော့ ညွှန်ကြားပေးနိုင်ပါတယ်။

ရှေးသုံးနဲ့ ပြောမယ်ဆိုရင်တော့ ရှင်ဘုရင်ကြီးရဲ့

http://www.dhammadownload.com

ဆတ္တာသည်။ ခုခေတ်လို ပြောမယ်ဆိုရင်တော့ ဆံသပညာရှင်ပေါ့။ ဆံပင်တွေဘာတွေ ပြုပြင်ပေးရတယ်။ မုတ်ဆိတ်တွေ ဘာတွေ ရိတ်ပေးရတယ်။ မျက်နှာနဲ့ ဦးခေါင်းကို အလှပြုပြင်ပေးရပါတယ်။ ဦးခေါင်းအလှဖန်တီးရှင် လို့ ပြောချင်လည်း ပြောပေါ့။

ဦးခေါင်းအလှဖန်တီးရှင် . . ဆတ္တာသည် 'ဆတ္တပါဏိ' ဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံပါတယ်။ အဲဒီတော့ 'ဆတ္တပါဏိ' ကို ခေါ်ပြီးတော့ ရှင်ဘုရင်ဆီကို သွားရင် အဆင်ပြေပါလိမ့်မယ်။

အဲဒါနဲ့ တစ်ခါတည်း အိမ်ကို ခပ်သုတ်သုတ်လေးပြန်။ ရေမိုးချိုး၊ အဝတ်အစား လဲပြီးတော့ နန်းတော်ကို ခါတိုင်းထက် စောပြီးတော့ ထွက်လာခဲ့တယ်။

ဆတ္တပါဏိကလည်း ဘုရင်မင်းကြီးဆီ သွားပြီးတော့ အလှပြင်ပေးရတာဆိုတော့ နန်းတော်ကို ရောက်လာ။ လက်ဆွဲပြီးတော့ နေပါဦး။ တစ်ခုမေးစရာရှိလို့။ မိတ်ဆွေကြီးက အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်ဆို။

ကျွန်ုပ်မှာ အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်လို့ သင့်ကို ဘယ်သူက ပြောလိုက်တာတုံး။ သိကြားမင်းကြီးက ပြောလိုက်တာပါ။ ဘာအကြောင်းကြောင့် ပြောလိုက်တာလဲ။ ဒီ

http://www.dhammadownload.com

လို ဒီအကြောင်းတွေကြောင့်ပါပဲ ဆိုတော့ ဆတ္တပါဏိက လည်း ကျွန်တော်မျိုး ကူညီပါ့မယ်။ အဲဒါနဲ့ ဆတ္တပါဏိရဲ့ လက်ဆွဲပြီးတော့ ရှင်ဘုရင်ကြီးဆီကို သွား။

အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ ဦးခေါင်းကို အလှူ ဆင်ပေးနေတဲ့ ဆံသပညာရှင် ဒီဆတ္တပါဏိဟာ အင်္ဂါလေး ပါးနဲ့ ပြည့်စုံပါတယ်။

မဖြစ်နိုင်ဘူးထင်လို့ အကောက်ကြံတာ၊ အခု အင်္ဂါ လေးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို တွေ့လာတယ်။ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ရှာခဲ့လို့သာ ပြောတာ။ ဘာအင်္ဂါလေးပါး မှန်းလည်း သူမသိဘူး။

ဆတ္တပါဏိ . . . မင်းက အင်္ဂါလေးပါးနဲ့ ပြည့်စုံ တယ်ဆို။ မှန်လှပါ အရှင်မင်းကြီး။ အသင်ပြည့်စုံတဲ့ အင်္ဂါ လေးပါးကို ပြောစမ်းပါဦး။

ဒီဇာတ်တော်ကို ဒီတရားနာပရိသတ်များ ကြားဖူး တယ် မဟုတ်လား။ အင်္ဂါလေးပါး ဘာတွေတဲ့တုံး။ လည်တဲ့ သူဆိုရင်တော့ သိပြီပေါ့။ တရားခေါင်းစဉ်မှာကိုက မချစ် တတ်မမုန်းတတ်တဲ့သူလို့ ခေါင်းစဉ်တပ်ထားတာဆိုတော့ နှစ်ပါးတော့ မရဘူးလား။

အင်္ဂါလေးပါးနဲ့ ပြည့်စုံတယ်ဆိုတော့ ဘာတွေတုံး၊

http://www.dhammadownload.com

ပြောစမ်းပါဆိုတော့ . . .

ကျွန်ုပ်ဟာ ဘယ်သူ့အပေါ်မှာမှ မငြူစူတတ်တဲ့သူ၊ မမဲ့ရွဲ့တတ်တဲ့သူ ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ အရက်သေစာကို လုံးဝ မသောက်စားတတ်တဲ့သူ ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ဘယ်သူ့ကိုမှ မချစ်ခင် မတပ်မက်တတ်သူ ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ဘယ်သူ့အပေါ်မှာမှ အမျက်မထွက်တတ်တဲ့သူ၊ မမုန်းတီးတတ်တဲ့သူ ဖြစ်ပါတယ်။

စကားလုံး ကျစ်ကျစ်လျစ်လျစ်နဲ့ ပြောမယ်ဆိုရင်တော့ ကျွန်ုပ်ဟာ မမဲ့တတ်၊ မသောက်တတ်တဲ့သူပါ။ မချစ်တတ်၊ မမုန်းတတ်တဲ့သူပါ။

စကားလုံးကျဉ်းအောင် တွဲပြောတာပေါ့။ တစ်ခုချင်း ပြောရင်တော့ မမဲ့တတ်တဲ့သူ၊ မသောက်တတ်တဲ့သူ၊ မချစ်တတ်တဲ့သူ၊ မမုန်းတတ်တဲ့သူ။

အဲဒီအင်္ဂါလေးပါးက မကောင်းဘူးလား။ အင်မတန် ကောင်းတယ်နော်။ အင်္ဂါရပ်ရဲ့ နာမည်လေး ကြားရရုံနဲ့ကို အရမ်းစိတ်ချမ်းသာဖို့ ကောင်းတယ်။ ဆတ္တပါဏိက အဲဒီအင်္ဂါလေးပါးနဲ့ ပြည့်စုံပါတယ်။

■

http://www.dhammadownload.com

ဟိုကဖြင့် ချစ်လိုက်ရတာ

ဟဲ့ - ဒီအင်္ဂါလေးပါးနဲ့ ဘယ်လိုလုပ် ပြည့်စုံတာလဲ။ ပြောစမ်းဆိုတော့မှ အတိတ်အကြောင်းလေးတွေနဲ့ ပြန်ပြောပြတယ်။ သူက အတိတ်ဘဝတွေကို မှတ်မိတဲ့ ဇာတိဿရ ဉာဏ်ရထားတဲ့ပုဂ္ဂိုလ်။ အဲဒီတော့ မမဲ့ရခြင်းရဲ့ အကြောင်းကို စပြောမှာပေါ့။

ဘဝတစ်ခုမှာ ဒီဗာရာဏသီပြည်မှာပဲ ရှင်ဘုရင်ဖြစ်ခဲ့ဖူးတယ်။ အဲဒီရှင်ဘုရင်ဖြစ်ခဲ့စဉ်တုန်းက ကျွန်ုပ်မှာ မိဖုရားပေါင်း တစ်သောင်းခြောက်ထောင်ရှိပါတယ်။ အဲဒီထဲက မိဖုရားကြီးက တစ်နေ့ကျတော့ . . . ညနေခင်း လေသာဆောင်မှာ အေးအေးဆေးဆေး လေညင်းခံနေရင်းနဲ့ ဘုရင်

http://www.dhammadownload.com

ကြီးနဲ့ စကားစမည် ပြောဆိုကြတယ်။

မိဖုရားကြီး၊ သင့်ကို ကျွန်ုပ်အင်မတန် ချစ်ပါတယ်၊ အင်မတန် မြတ်နိုးပါတယ်၊ ချစ်လွန်းလို့ ဆုတစ်ဆုတောင်းပါ။ သင်လိုချင်တဲ့ ဆုတစ်ဆုတောင်း။ ကျွန်ုပ်ပေးမယ်။

အဲဒီလိုဆိုတော့ မိဖုရားကြီးက ဆုတောင်းတယ်။ တခြားဘာဆုမှ မလိုချင်ပါဘူး။ ဒီနေ့ ဒီအချိန်က စပြီးတော့ ကျွန်မတစ်ယောက်တည်းကလွဲရင် ဘယ်မိဖုရားနဲ့မှ မအိပ်ပါနဲ့။ သူတစ်ယောက်ကလွဲရင် ဘယ်မိဖုရား၊ ဘယ်နန်းတွင်းသူနဲ့မှ မအိပ်ရဘူးတဲ့။ နားနဲ့မနာ၊ ဖဝါးနဲ့နာပေါ့လေ။ သူ့တစ်ယောက်တည်းနဲ့ပဲ ကာမဂုဏ်ခံစားပါ။ သူကလွဲရင် ဘယ်သူနဲ့မှ ကာမဂုဏ် မခံစားရဘူး။ အဲဒီဆုပဲ လိုချင်ပါတယ်တဲ့။

ဒါနဲ့ ရှင်ဘုရင်ကြီးက ဟာ . . . ဒါတော့ မဖြစ်နိုင်ဘူး။ မပေးပါရစေနဲ့။ တစ်သောင်းခြောက်ထောင်လေ။ နှမြောစရာကြီး။ တခြားဆု တောင်းစမ်းပါ။ မိဖုရားကလည်း တခြားဆု ဘာမှ မလိုချင်ဘူး။ ကျွန်မတစ်ယောက်တည်းကလွဲရင် ဘယ်သူနဲ့မှ မအိပ်ပါဘူးဆိုတဲ့ ဆုပဲပေး။

မိဖုရားကြီးက ဒီဆုကိုပဲတောင်းတော့ နောက်ဆုံးတော့ မင်းကြီးက ပေးလိုက်တယ်။ အဲဒီနေ့ကစပြီး ဒီမိဖုရားကြီးကလွဲရင် ဘယ်မိဖုရားလေးနဲ့မှ ကာမဂုဏ်မခံစားရတော့

ဘူး။

တစ်နေ့ကျတော့ တိုင်းစွန်ပြည်ဖျားမှာ သူပုန်ထကြွတယ်။ တိုင်းပြည်မငြိမ်မသက်ဖြစ်တယ်ပေါ့လေ။ အဲဒီမှာရှိတဲ့ စစ်သားတွေက ရန်သူကို သုံးကြိမ်တိုင်တိုင် နှိမ်နင်းတာ မစွမ်းနိုင်တာနဲ့ ရှင်ဘုရင်ဆီကို စာဆက်သတယ်။ ကျွန်တော်မျိုးတို့ ဘယ်လိုမှ နှိမ်နင်းလို့ မရတော့ပါဘူး။ အသင် မင်းကြီးကိုယ်တိုင် ထွက်ပြီးတော့ နှိမ်နင်းမှ ရပါတော့မယ်။

အဲဒါနဲ့ မင်းကြီးကလည်း သူကိုယ်တိုင် စစ်ထွက်ဖို့ပြင်ရတော့တာပေါ့။ ဒါနဲ့ မိဖုရားကြီးကို မှာတယ်။ မိဖုရားကြီး ကျွန်ုပ်စစ်ထွက်ရတော့မယ်။ ရပ်စွန်ရပ်ဖျားမှာ မငြိမ်မသက် ဖြစ်နေလို့ နှိမ်နင်းရတော့မယ်။ စစ်တိုက်တယ်ဆိုတော့ နိုင်တာနဲ့ ရှုံးတာ တစ်ခုခုပဲ။ နိုင်မလား၊ ရှုံးမလားတော့မသေချာဘူး။

ရှေ့တန်း စစ်မြေပြင်ကို မိဖုရားကြီး ခေါ်သွားဖို့လည်း မသင့်တော်ဘူး။ ဒီတော့ နန်းတော်မှာပဲ လိမ်လိမ်မာမာနဲ့ နေရစ်ပါ။ မိဖုရားကြီးကလည်း လိုက်ခဲ့မယ်။ ရှေ့တန်းမှာ မောင်တော်ဘုရားသေရင် သူလည်းပဲ အတူတူ သေမယ်ပေါ့။ မောင်တော်ဘုရားနဲ့ မခွဲနိုင်ပါဘူး။

မောင်တော်ဘုရားကို ချစ်လွန်းလို့ပဲ တခြားမိဖုရား

http://www.dhammadownload.com

တွေနဲ့ မပျော်ပါးဘဲနဲ့ ကိုယ့်တစ်ယောက်တည်းနဲ့ပဲ ပျော်ပါးဖို့ ဆုတောင်းခဲ့တာပဲ။ မခွဲပါရစေနဲ့။ အတန်တန်ပြော။ ဟိုက လည်း မဖြစ်နိုင်ပါဘူး။ စစ်မြေပြင်ကို အမျိုးသမီးလိုက်လို့ မသင့်တော်ပါဘူး။ နန်းတော်မှာပဲ နေခဲ့ပါ။

ဒါဆိုရင် ဒီလိုလုပ်ကြစို့။ မလိုက်နဲ့ဆိုရင်လည်း မ လိုက်တော့ပါဘူး။ ဒါပေမဲ့ တစ်ယူဇနာရောက်တိုင်းရောက် တိုင်း သူ့ဆီကို မင်းချင်းယောကျ်ားတစ်ယောက် စေလွှတ်ပါ၊ သတင်းစကားပါးပါ။ အရှင်မင်းကြီး ကျန်းမာပါတယ်၊ ချမ်း သာပါတယ်၊ အစစအရာရာ အဆင်ပြေပါတယ် . . . ဆိုတဲ့ အကြောင်း၊ ပြီးတော့လည်း နှမတော်ရဲ့ မာကြောင်း သာ ကြောင်း အခြေအနေလေးတွေလည်း . . . အဲဒီမင်းချင်း ယောကျ်ားနဲ့ပဲ ပြန်ပြီးတော့ အကြောင်းပြန်လိုက်ပါမယ်။

အသင်မင်းကြီးရဲ့ အခြေအနေကိုလည်း ကျွန်ုပ်ဆီ အကြောင်းကြားပါ။ ကျွန်ုပ်ရဲ့ အခြေအနေကိုလည်း အသင် မင်းကြီးဆီ အကြောင်းကြားပါမယ်။ ဟိုခေတ်ကတော့ တယ် လီဖုန်းတွေဘာတွေ မရှိသေးလို့ပေါ့။ တယ်လီဖုန်းတွေဘာ တွေ ပေါ်ပြီဆိုရင်တော့ နေ့တိုင်း ဖုန်းဆက်ပါ။ နေ့တိုင်း ဖက်(စ်)ပို့ပါ။ နေ့တိုင်း အီးမေး(လ်)ပို့ပါပေါ့။ အဲဒီခေတ်က အီးမေး(လ်)တွေ၊ ဖုန်းတွေမရှိတဲ့အတွက် မင်းချင်းယောကျ်ား

http://www.dhammadownload.com

နဲ့ပဲ အကြောင်းပြန်ရတယ်။

အဲဒါနဲ့ ရှင်ဘုရင်ကြီးကလည်း ကတိပြုပြီးတော့ စစ်ချီထွက်သွားတာပေ့ါ။ တစ်ယူဇနာခရီး ရောက်တိုင်း ရောက်တိုင်း မင်းချင်းယောက်ျားတစ်ယောက်တစ်ယောက် စေလွှတ်လိုက်တယ်။ ကျန်းမာပါတယ်၊ ချမ်းသာပါတယ်၊ အစစအရာရာ အဆင်ပြေပါတယ် စသည်အားဖြင့် ရေးပေးလိုက်တယ်။ မိဖုရားကြီးကို ဘယ်လောက်သတိရတယ် ဆိုတာတွေလည်း ပါမှာပေ့ါနော်။

အဲဒါနဲ့ မိဖုရားကြီးဆီရောက်။ စာလေးဆက်သ။ မင်းချင်းယောက်ျားကို မိဖုရားကြီးက မေးတယ်။ သင် ကျွန်ုပ်ဆီလာတာ ဘာအတွက်လာတာတုံး။ မိဖုရားကြီး အဆင်ပြေမပြေ အရှင်မင်းကြီးဆီ အကြောင်းပြန်ဖို့ လာတာပါ။ မိဖုရားကြီး နောက်တန်းနန်းတော်မှာ အဆင်ပြေမပြေ သိချင်လို့ လာတာပါ။

အဆင်ပြေတာနဲ့ မပြေတာ ဘာ ဖြစ်စေချင်တုံး။ ကိုယ့်မိဖုရားကြီး အဆင်ပြေတာပဲ ဖြစ်စေချင်ပါတယ်။ ကဲ အဆင်ပြေတာပဲ မြင်ချင်တယ်ဆိုရင် အိပ်ရာပေါ် တက် ဆိုပြီးတော့ အဲဒီမင်းချင်းယောက်ျားနဲ့ ဖောက်ပြန်တယ်။ ဟိုက မင်းချင်းယောက်ျားကလည်း မိဖုရားကြီးအမိန့် ဆိုတော့

http://www.dhammadownload.com

လိုက်လျှောရတာပေါ့။

အဲဒါနဲ့ အဲဒီ မင်းချင်းယောက်ျားကို ပြန်လွှတ်ပေါ့လေ။ နောက်တစ်ခါ တစ်ယူဇနာကျတော့လည်း နောက်တစ်ယောက်လွှတ်။ အဲဒီနောက် တစ်ယောက်နဲ့လည်း အဲဒီအတိုင်းပဲ မိဖုရားကြီးက ဖောက်ပြန်။ နောက်ထပ် နောက်ထပ် ရောက်လာသမျှ မင်းချင်းယောက်ျားတိုင်းနဲ့လည်း ဒီအတိုင်းပဲ ဖောက်ပြန်လိုက်တာပေါ့။

သုံးဆယ့်နှစ်ယူဇနာလည်း ရောက်ရော သုံးဆယ့်နှစ်ယောက်နဲ့ ဖောက်ပြန်ပြီးသား ဖြစ်သွားတယ်။ နန်းတော်နဲ့ စစ်မြေပြင်ကလည်း သုံးဆယ့်နှစ်ယူဇနာ ဝေးတာကိုး။

ရှင်ဘုရင်ကြီး စစ်တိုက်လို့ အောင်မြင်လာတာပါပဲ။ စစ်အောင်ပြီးလို့ ပြန်လာတော့လည်း တစ်ယူဇနာမှာ တစ်ခါနား၊ တစ်ယူဇနာမှာ တစ်ခါနားဆိုတော့ တစ်ယူဇနာ ရောက်တိုင်း တစ်ယောက်လွှတ်လိုက်ပြန်။ အဲဒီတစ်ယောက်နဲ့လည်း မိဖုရားကြီး အဆင်ပြေသွားပြန်။ အဆင်ပြေနေတာ ဘယ်နှယောက်ဖြစ်သွားတုံး။

အသွားသုံးဆယ့်နှစ်ယောက်၊ အပြန်သုံးဆယ့်နှစ်ယောက်ဆိုတော့ ခြောက်ဆယ့်လေးယောက်ပေါ့။

ဟိုကဖြင့် ချစ်လိုက်ရတာ၊ ရှင်ဘုရင် ဖြစ်ပါလျက်

http://www.dhammadownload.com

တခြားမိဖုရားတွေနဲ့ မပျော်ပါးဘဲ သူတစ်ယောက်တည်းကိုပဲ အခွင့်အရေးပေးခဲ့တယ်။ ဒီကဖြင့် ရှင်ဘုရင်ကြီးကွယ်ရာမှာ မင်းချင်းခြောက်ဆယ့်လေးယောက်နဲ့ ဖြစ်ချင်တိုင်း ဖြစ်လို့။

ခြောက်ဆယ့်လေးယောက်လည်း ပြည့်ရော ရှင်ဘုရင်ကြီးလည်း တိုင်းပြည်မြို့တံခါးနား ရောက်လာတာပေါ့။

■

http://www.dhammadownload.com

## အကုသိုလ်ဆိုတာ
## တစ်ခုပြုရရင် အားလုံးပြုရတယ်

မြို့ထဲကို တန်းမဝင်သေးဘူး။ မြို့ပြင်မှာ အောင်နန်းကြီးကို ဆောက်လိုက်သေးတယ်။ ရွှေအောင်နန်းပေါ့နော်။ ဒီကတော့ ရွှေဝါနန်း။ အပြင်မှာ သစ်ခက်တဲနန်းကြီးတွေ ဆောက်ပြီးတော့ အပန်းဖြေလိုက်သေးတယ်။

အပန်းဖြေပြီးတော့မှ မြို့တွင်းကို သေချာသန့်ရှင်းရေးတွေလုပ်ခိုင်း၊ မီးလုံးတွေ ဘာတွေနဲ့ တခမ်းတနား ပြင်ဆင်ခိုင်းတာပေါ့လေ။ မြို့ထဲကို ဓါတိုင်းလို မဝင်ချင်ဘူး။ မဏ္ဍပ်တွေ၊ မုခ်ဦးတွေ၊ မီးလုံးတွေ၊ ပန်းတွေနဲ့ ခမ်းခမ်းနားနား ပြင်ဆင်ထားတဲ့ မြို့ထဲကို ဝင်မယ်။

အဲဒါနဲ့ အဲဒီပြင်ဆင်ရေးတာဝန် ဘယ်သူ့ကိုပေးလဲ

http://www.dhammadownload.com

ဆိုတော့ ပုရောဟိတ်ကြီးကို တာဝန်ပေးတာပဲ။ ပုရောဟိတ်ကြီးဆိုပေမယ့် အသက်က မကြီးသေးပါဘူး။ ငယ်ငယ်ပဲရှိပါသေးတယ်။ သူ့ရဲ့ ပညာဂုဏ်ကြီးလို့ ပုရောဟိတ်ကြီးလို့ သုံးနှုန်းလိုက်တာပါ။ နောက်ပိုင်းမှာ သီလဂုဏ်ကြီးတာလည်း ပါလာပါလိမ့်မယ်။ ဦးဇင်းတို့ရဲ့ ဘုရားလောင်းပါပဲ။

ပုရောဟိတ်ကြီးက တစ်မြို့လုံးကို ပြင်ဆင်ရတာဆိုတော့ နန်းတော်ကို ပြင်ဆင်တဲ့အလုပ်လည်း လုပ်ရတာပေါ့။ နန်းတော်ကျတော့ ပိုပြီး အနီးကပ် ကြီးကြပ်ရတယ်။ အဲဒါနဲ့ မိဖုရားကြီးရဲ့ နန်းတော်ဆောင်ကိုလည်း ပြင်ဆင်ဖို့ ရောက်သွားတာပေါ့။

ပုရောဟိတ်ကလည်း ရုပ်ရည်ချောမောလှပ တင့်တယ်တဲ့သူဆိုတော့ ပုရောဟိတ်ရဲ့ အဆင်းကို မြင်လိုက်တာနဲ့ မိဖုရားကြီးမှာ စွဲလမ်းတပ်မက်တဲ့စိတ်တွေ ဖြစ်သွားတယ်။

ပုရောဟိတ်ကြီး . . . နန်းတော်ကို ဘာဖြစ်လို့ လာတာလဲ။ နန်းတော်သန့်ရှင်းဖို့၊ နန်းတော်ကြီး ပိုကျက်သရေရှိအောင် ပြုပြင်ဖို့ လာတာပါ။ နန်းတော်ကြီး ပိုကျက်သရေရှိစေချင်ရင် အိပ်ရာပေါ်တက် ဆိုပြီးတော့ အတင်းကို ခေါ်တော့တာပေါ့။

ဒါပေမဲ့ ပုရောဟိတ်အမတ်ကြီးက ဦးဇင်းတို့ ဘုရား

http://www.dhammadownload.com

လောင်းပုဂ္ဂိုလ်ပဲ။ ခေါ်တိုင်း ဘယ်သွားပါ့မလဲ။ ကျွန်ုပ်ဟာ အရှင်မင်းကြီးကိုလည်း မြတ်နိုးပါတယ်၊ လေးစားပါတယ်။ မကောင်းမှုအကုသိုလ်ကိုလည်း ကြောက်ပါတယ် . . . ။ ဒါ့ကြောင့်မို့လို့ မလွန်ကျူးပါရစေနဲ့။ မလိုက်လျောပါရစေနဲ့။

ဒါပေမဲ့ မရဘူး။ မိဖုရားကြီးက အတင်းအဓမ္မ စည်းရုံးတာပဲ။ နောက်ဆုံး ဘယ်လိုမှ မရတော့ သင်ကျွန်ုပ်ရဲ့ ဆန္ဒကို မလိုက်လျောဘူးဆိုရင်တော့ ခေါင်းဖြတ်သတ်မယ်။ သင်ခေါင်းပြတ်သွားအောင် ကျွန်ုပ်လုပ်ပြမယ်။ သင့်ရှေ့က ခြောက်ဆယ့်လေးယောက်က ဘာမှငြင်းကြတာ မဟုတ်ဘူး။ အရှင်မင်းကြီးကိုလည်း မလေးစား၊ အကုသိုလ်ကိုလည်း မကြောက်။ သင့်ကျမှ ဘာဖြစ်လို့ အရှင်မင်းကြီးကိုလည်း လေးစား၊ အကုသိုလ်ကိုလည်း ကြောက်ရတာတုံး။

သူတို့တွေ အသိတရား မရှိလို့ပါ၊ အသိတရားသာ ရှိရင် ဒီလို မသင့်တော်တဲ့အမှု၊ ဒီလို အကုသိုလ်အမှုတွေ ပြုကြမှာ မဟုတ်ပါဘူး။

အကုသိုလ်တွေ ဘာတွေ ညာတွေ ပြောမနေနဲ့။ ကျွန်ုပ်ဆန္ဒ သင် မလိုက်လျောဘူးဆိုရင် သင် မနက်ဖြန် ခေါင်းဖြတ်သတ်ခံရပြီးသား ဖြစ်စေရမယ်။

ပုရောဟိတ်လည်း ထွက်သွားရော မိဖုရားကြီးက

http://www.dhammadownload.com

မိမိကိုယ်မိမိ လက်သည်းတွေနဲ့ ကုတ်ခြစ်၊ အင်္ကျီအပေါင်း အစုတ်တွေ ဝတ်၊ အင်္ကျီကိုလည်း ဟိုဖြဲဒီဖြဲပေါ့။ ဆံပင်တွေကိုလည်း ဖွထား၊ ပြီးတော့မှ သူ့ရဲ့ အခိုင်းအစေတွေကို မှာထားတယ်။ အရှင်မင်းကြီးမေးရင် နေမကောင်းဘူးလို့သာ ပြောလိုက်။

အဲဒါနဲ့ ရှင်ဘုရင်ကြီးက အခမ်းအနားနဲ့ မြို့ထဲကို ဝင်လာတာပေါ့။ ဝင်လာပြီးတော့ မြို့ကို လက်ယာရစ် တစ်ပတ်ပတ်။ နန်းတော်ကိုလည်း ရောက်၊ မိဖုရားကြီး ဘယ်မှာလဲလို့မေးတော့ မိဖုရားကြီး နေမကောင်းပါဘူး၊ အိပ်ရာထဲမှာ လဲလျောင်းနေပါတယ်ဆိုတော့မှ မိဖုရားကြီးရဲ့အဆောင်ထဲကိုဝင်။

မိဖုရားကြီး ဘယ်လိုဖြစ်တာတုံး။ ဘာမှ မပြောဘူး။ သုံးကြိမ်တိုင်တိုင် မေးတော့မှ . . .

အသင်မင်းကြီးလည်း . . . အသက်ရှင်နေပါသေးတယ်။ ကျွန်ုပ်ကလည်း အိမ်ထောင်ရှင် ယောက်ျားရှိတဲ့ ပုဂ္ဂိုလ်ပါနော်။ မိဖုရားကြီး ဘာစကားတွေ ပြောနေတာတုံး။ မာယာများတာနော်။ အဲဒီတော့မှ သင်အားကိုးရပါတယ်ဆိုတဲ့ ပုရောဟိတ်က မတော်မတရား အတင်းအဓမ္မ ကြံစည်တယ်။ ကျွန်ုပ်က အလိုမတူပါဘဲနဲ့ အခု မြင်တဲ့အတိုင်းပဲ

http://www.dhammadownload.com

အတင်းအဓမ္မ သူ့ရဲ့အလိုဆန္ဒ ပြည့်ဝအောင် ပြုလုပ်ပြီးတော့မှ ထွက်သွားတယ်။

အဲဒီလိုပြောတော့ ရှင်ဘုရင်ကြီးက စိတ်ဆိုးပြီးတော့ ထွက်သွားတာပေါ့။ မီးပူထဲမှာ လှော်လိုက်တဲ့ဆားလိုပဲ တဲ့။ တဖျစ်ဖျစ်နဲ့ ဒေါသတွေထွက်။ ပါးကွက်သားတွေကို ခိုင်းတော့တာပေါ့လေ။ မဗ္ဗဇကို လက်ပြန်ကြိုးတုပ်ပြီးတော့ မြို့ပြင်သုသာန်ကို ထုတ်။ စဉ်းတီတုံးပေါ်မှာ လည်စင်းခိုင်းပြီးတော့ ခေါင်းဖြတ်။ သတ်စေဆိုပြီးတော့ အမိန့်ထုတ်လိုက်တာပေါ့။

မိဖုရားကြီး ပထမကျူးလွန်တာက ကာမေသု မိစ္ဆာစာရ အကုသိုလ်၊ အဲဒီအကုသိုလ်အတွက် ထပ်ဆင့်ကျူးလွန်တာက ပါဏာတိပါတအကုသိုလ်. .။ အကုသိုလ်တစ်ခုကို အကြောင်းပြုပြီး နောက် အကုသိုလ်တစ်ခု ထပ်တိုးသွားတယ်။

အကုသိုလ်ရဲ့ သဘောက အဲဒီလိုပါပဲ။ တစ်ခုပြုရဲရင် အားလုံးပြုရဲသွားပါတယ်။ တစ်ခုကို မကြောက်ရင် အားလုံးကို မကြောက်တော့ပါဘူး။

'သဗ္ဗပါပဿ အကရဏံ' လို့ ဆိုတဲ့အတိုင်း ကုသိုလ်ကိုသာ အားလုံး မပြုရင်နေ၊ အကုသိုလ်ကိုတော့ အား

http://www.dhammadownload.com

လုံး ရှောင်ဖို့ လိုအပ်ပါတယ်။ အကုသိုလ်တစ်ခုကို ရှောင်ရဲ မှလည်း အကုသိုလ်အားလုံးကို ရှောင်ဖြစ်တာပါ။ 'တစ်တက် စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်' လို့ ဆင်ခြေပေးတတ်တာ အကုသိုလ်ရဲ့ သဘာဝပါ။

■

http://www.dhammadownload.com

## သူ့အပြစ်နဲ့သူသာ ရှိပါစေတော့

အဲဒါနဲ့ မင်းချင်းယောကျ်ားတွေ၊ အာဏာပါးကွက်သားတွေကလည်း ပုရောဟိတ်ကို လက်ပြန်ကြိုးတုပ်ပြီးတော့ မြို့ပြင်ကို ခေါ်သွားဖို့ လုပ်တယ်။ အဲဒီမှာ ပုရောဟိတ်က ရှင်ဘုရင်ကြီးနဲ့ ကျွန်ုပ်ကို တွေ့ခွင့်ပြုပါ။ ဘာဖြစ်လို့တွေ့ချင်ရတာလဲ။

ကျွန်ုပ်က ရှင်ဘုရင်ကြီးရဲ့ အလုပ်တွေကို လုပ်နေ‘ရတဲ့သူပါ။ အရှင့်ဘဏ္ဍာတော်တွေ၊ ရွှေအိုးတွေကို သူတစ်ပါး မသိအောင် မြှုပ်ထားတဲ့နေရာ တစ်နေရာ ရှိပါတယ်။ ရွှေအိုးတွေ မြှုပ်ထားတဲ့ နေရာကို ရှင်ဘုရင်ကြီးကို ပြောဦးမှဖြစ်မှာ။ နို့မို့ရင် . . ရွှေအိုးတွေ မြှုပ်ထားတဲ့နေရာ မသိတဲ့

http://www.dhammadownload.com

အတွက် ရှင်ဘုရင်ကြီးရဲ့ ရွှေငွေဥစ္စာရတနာတွေ ဆုံးရှုံးသွားပါလိမ့်မယ်။

အဲဒီလိုပြောလိုက်တော့ ရှင်ဘုရင်ကြီးဆီ ပို့ပေးကြတာပေါ့။ ရှင်ဘုရင်ကြီးကလည်း တွေ့လိုက်တယ်ဆိုတာနဲ့ အကြီးအကျယ် ဒေါသထွက်သွားတယ်။ လုံးဝ အရှက်မရှိတဲ့သူပဲ၊ လုံးဝ ကျေးဇူးတရား မသိတတ်တဲ့သူပဲဆိုပြီးတော့ ပြောတာပေါ့။

ဒီတော့မှ ပုရောဟိတ်ကြီးက အဖြစ်မှန်ကို ရှင်းပြလိုက်ပါတယ်။ မိဖုရားကြီးက မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်နဲ့ ဖောက်ပြန်တဲ့အကြောင်း၊ သူ့ကိုလည်း အတင်းအဓမ္မ စည်းရုံးတဲ့အကြောင်း။ မအောင်မြင်တဲ့အတွက်ကြောင့် သူ့ကို အခုလို အကောက်ကြံပါတယ် ဆိုတဲ့အကြောင်းပေါ့။ မယုံရင် မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်ကို မေးမြန်းကြည့်ပါ အရှင်မင်းကြီး။

အဲဒါနဲ့ မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်ကို ခေါ်ပြီး မေးမြန်းတယ်။ မိဖုရားကြီးကိုလည်း ခေါ်ပြီး မေးမြန်းတယ်။ ခြောက်ဆယ့်လေးယောက်ကလည်း ဝန်ခံ၊ အဲဒီခြောက်ဆယ့်လေးယောက်ရှေ့မှာ မိဖုရားကြီးကို မေးတာဆိုတော့ မိဖုရားကြီးလည်း ငြင်းလို့ မရတော့ဘူး။

http://www.dhammadownload.com

အမှန်အတိုင်း ဝန်ခံရတော့တာပဲ။

အဲဒီတော့မှ မိဖုရားကြီးနဲ့ မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်ကို ခေါင်းဖြတ်သတ်စေ လို့ အမိန့်က ပြောင်းသွားတယ်။

ဒါပေမဲ့ ဘုရားလောင်း ပုရောဟိတ်က မေတ္တာ၊ ကရုဏာ ပြည့်ဝတဲ့ပုဂ္ဂိုလ် ဆိုတော့ မိဖုရားကြီးကိုလည်း မသတ်ပါနဲ့။ မိဖုရားကြီးမှာလည်း အပြစ်မရှိပါဘူး။ မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်ကိုလည်း မသတ်ပါနဲ့။ သူတို့မှာလည်း အပြစ်မရှိပါဘူး။

သဘာဝဟာ သဘာဝပါ လို့ နားလည်တဲ့ ပုရောဟိတ်ပါ။ မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်က လည်း မိဖုရားကြီးက အတင်းအဓမ္မ စည်းရုံးလို့ လွန်ကျူး လိုက်ရတာပါ။ မိဖုရားကြီးရဲ့ အလိုဆန္ဒကို ဆန့်ကျင်မယ် ဆိုရင် မင်းပြစ်မင်းဒဏ်သင့်မှာ ကြောက်လို့ မလွှဲမရှောင်သာ လွန်ကျူးလိုက်ရတာမို့လို့ သူတို့မှာလည်း အပြစ်မရှိပါဘူး။ ဒါ့ကြောင့် အဲဒီမင်းချင်းတွေကိုလည်း လွှတ်ပေးလိုက်ပါ။

မိဖုရားကြီးမှာလည်း အပြစ်မရှိပါဘူး။ ကာမဂုဏ် မေထုန်မှုနဲ့ ပတ်သက်လို့ ရောင့်ရဲတင်းတိမ်ခြင်း မရှိတာဟာ မိန်းမတွေရဲ့ သဘာဝပါ။ ဒါ့ကြောင့်မို့ မိဖုရားကြီးမှာလည်း

http://www.dhammadownload.com

အပြစ်မရှိပါဘူး။ လွှတ်ပေးလိုက်ပါ။

ဒါ စာထဲကအတိုင်း ပြောတာနော်။ အမျိုးသမီးတွေကို အပုပ်ချပြီးတော့ ပြောတာ မဟုတ်ပါဘူး။ စာထဲကအတိုင်း ဟုတ်မဟုတ်ကတော့ ကိုယ့်ဘာသာကိုယ် သိမှာပေါ့။ ယေဘုယျအနေနဲ့ ပြောတာပါ။ အခု ဒီပရိသတ်တော့ မပါပါဘူးနော်။ ဒီပရိသတ်က တရားပါးဝတဲ့ ပရိသတ် ဆိုတော့ အဲဒီသဘာဝထဲမှာ မပါပါဘူး။ ထင်တာပါပဲလေ။

အဲဒီတော့ မင်းချင်းယောက်ျားခြောက်ဆယ့်လေးယောက်ကလည်း မကောင်းမှုအကုသိုလ်ကို မသိနားမလည်လို့ မှားတာ။ မိဖုရားကြီးကလည်း သူ့ရဲ့ ထုံးစံ သဘာဝမို့လို့ မှားတာ။ ဒါ့ကြောင့်မို့လို့ အားလုံးကို အသက်ချမ်းသာပေးပါလို့ ပုရောဟိတ်က တောင်းဆိုတဲ့အတွက် ရှင်ဘုရင်ကြီး မင်းချင်းယောက်ျား ခြောက်ဆယ့်လေးယောက်နဲ့ မိဖုရားကြီးကို အသက်ချမ်းသာရာ ချမ်းသာခွင့် ပေးလိုက်ပါတယ်။

မသိနားမလည်သူတွေ အမှားကျူးလွန်တတ်တာလည်း သဘာဝပါပဲ။ ကာမဂုဏ် မရောင့်ရဲသူတွေ လူမှုရေးဖောက်ပြန်တတ်တာလည်း သဘာဝပါပဲ။ 'သဘာဝဟာ သဘာဝပါပဲ' လို့ သဘောပေါက်ရင် ဘယ်သူ့အပေါ်မှာမှ ခွင့်မလွှတ်နိုင်စရာ အကြောင်းမရှိပါဘူး။

http://www.dhammadownload.com

ကိုယ့်မှာ ဒေါသဖြစ်စရာတွေနဲ့ ကြုံလို့ရှိရင်၊ ငြူစူစရာ၊ စောင်းမြောင်းစရာ၊ မဲ့ရွဲ့စရာ၊ မကျေမနပ်ဖြစ်စရာတွေနဲ့ ကြုံလို့ရှိရင်၊ အများကျူးလွန်တဲ့ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ ဒေါသထွက်မယ်ကြုံလို့ရှိရင် မသိနားမလည်လို့ မှားတာပဲလို့ နှလုံးသွင်းလိုက်ရင် ဒေါသ ဖြစ်ပါဦးမလား။ မဖြစ်ဘူး။

ဒါမှမဟုတ် တချို့ မကောင်းတဲ့လုပ်ရပ်တွေ လုပ်တဲ့အခါမှာလည်း ဒီလိုလုပ်ရပ်မျိုး လုပ်တာဟာ သူတို့ရဲ့ သဘာဝပဲ။ အမျိုးသမီးကိုပဲ ဆိုလိုတာ မဟုတ်ဘူးနော်။ ဘယ်ကိစ္စမျိုးမဆို သဘာဝဟာ သဘာဝပါပဲလို့ နှလုံးသွင်းလိုက်လို့ရှိရင် သူတစ်ပါးအပေါ်မှာ ငြူစူစောင်းမြောင်း မဲ့ရွဲ့တဲ့ သဘောတွေ မဖြစ်တော့ဘူး။

ဘုရားလောင်းပုရောဟိတ်က . . . 'သဘာဝဟာ သဘာဝပါပဲ' ဆိုတဲ့ တရားလေးဟောလိုက်တော့ ဘုရင်မင်းကြီးမှာ မကျေမနပ် မဲ့ရွဲ့တဲ့စိတ်တွေ၊ ငြူစူစောင်းမြောင်းတဲ့စိတ်တွေ ပျောက်သွားတယ်။ ကိုယ့်မိဖုရားကြီး သူတစ်ပါးနဲ့ ဖောက်ပြန်တယ် ဆိုတော့ အစက မငြူစူဘူးလား။ ငြူစူတယ်။ ဒါကိုပဲ အရပ်ထဲမှာ သဝန်တိုတယ်ခေါ်တာပေါ့။ 'မမဲ့တတ်တဲ့သူ' ဆိုတာ သဝန်မတိုတတ်တဲ့သူကို ပြောတာပါ။

အဲဒီလို ဟောလိုက်တော့ ဘုရင်ကြီးက တရားသ

http://www.dhammadownload.com

ဘောတွေ မြင်သွားပြီးတော့ သဘာဝဟာ သဘာဝပါဆိုတဲ့ တရားလေးကို ဥပမာလေးနဲ့ ထပ်ဆင့်သဘောပေါက်လိုက်သေးတယ်။ သူ့သဘောပေါက်ပုံလေးကလည်း အင်မတန်ကောင်းပါတယ်။

■

http://www.dhammadownload.com

## သဘာဝကို သဘောပေါက်ရင်
## သဘောပေါက်တာ သဘာဝပါ

နဂိုက အဝတ်သန့်သန့်လေးပေါ့။ ခန္ဓာကိုယ်မှာ ဝတ်လိုက်တော့ ချွေးတွေ၊ ကြေး(ဂျီး)တွေ ပေပြီးတော့ ညစ်နွမ်းသွားတယ်။ ဝတ်ထားတဲ့အဝတ် ညစ်နွမ်းသွားတာကို ကြည့်ပြီးတော့ 'ဟဲ့အဝတ်၊ နင်ဘာလို့ ညစ်နွမ်းသွားရတာလဲ' ဆိုပြီး ဒေါသထွက်ရင် သဘာဝမကျဘူး။

စားလိုက်တဲ့ ထမင်းတွေ . . . မစင်ဖြစ်သွားတာကို ကြည့်ပြီးတော့ 'ဟဲ့ မစင်၊ နင်ဘာလို့ ထမင်းကနေ မစင်ဖြစ်သွားရတာလဲ' ဆိုပြီး မကျေမနပ် ဖြစ်နေရင် သဘာဝမကျဘူး။

ဝတ်ထားတဲ့အဝတ် ခန္ဓာကိုယ်နဲ့ ထိတွေ့ပြီးတော့

http://www.dhammadownload.com

ညစ်နွမ်းသွားတာကို မကျေမနပ်ဖြစ်တာဟာ သဘာဝမကျ သလိုပဲ၊ စားထားတဲ့အစာ ခန္ဓာထဲရောက်လို့ မစင်ဖြစ်သွား တာကို မကျေမနပ်ဖြစ်တာဟာ သဘာဝမကျသလိုပဲ . . . မကောင်းတဲ့ခတ်ခံရှိတဲ့ပုဂ္ဂိုလ်က မကောင်းမှု လွန်ကျူးတာ ကို ဒေါသထွက်၊ မကျေမနပ်ဖြစ်၊ ငြူစူစောင်းမြောင်း မဲ့ရွဲ့တာ ဟာလည်း သဘာဝမကျဘူး။ ဘယ်လောက် ကောင်းထား တုံးနော်။

အဝတ်ဆိုတာ ခန္ဓာပေါ် တင်ဝတ်လိုက်ရင် ညစ် နွမ်းသွားမှာပဲ။ စိတ်ဆိုးရင် စိတ်ဆိုးတဲ့သူ လူမိုက်ပေါ့။ ခတ် ခံညံ့သူ ဆိုတာ အဆွယ်ကောင်းရင် မကောင်းမှု ကျူးလွန် မှာပဲ။ ဒါကို စိတ်ဆိုးရင် စိတ်ဆိုးတဲ့သူ လူမိုက်ပေါ့။

ထမင်းဟင်းဆိုတာ စားလိုက်ရင် မစင်ဖြစ်သွားမှာ ပဲ။ ဒါကို မကျေမနပ်နဲ့ မဲ့ရွဲ့ရင် မဲ့ရွဲ့တဲ့သူ လူမိုက်ပေါ့။ ကိလေ သာ လွန်ကဲတဲ့သူဟာ အခွင့်အရေးပေးတာနဲ့ ဖောက်ပြန်တဲ့ အကျင့် ကျင့်မှာပဲ။ ဒါကို မကျေမနပ်နဲ့ မဲ့ရွဲ့ရင် မဲ့ရွဲ့တဲ့သူ လူမိုက်ပေါ့။

မကောင်းတဲ့ခတ်ခံရှိတဲ့ပုဂ္ဂိုလ်တွေ မကောင်းမှု ကျူးလွန်နေကြတာကို 'ဟဲ့ ဘာဖြစ်လို့ မကောင်းမှု ကျူးလွန် ရတာလဲ' လို့ ဒေါသထွက်၊ မကျေမနပ်ဖြစ်ရင် သဘာဝကျပါ့

http://www.dhammadownload.com

မလား။ သဘာဝမကျဘူး။

အဲဒီတော့ ကိုယ့်ပိုင်ဆိုင်မှု၊ သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်ပိုင်ဆိုင်မှု သူတစ်ပါးနဲ့ ဆက်ဆံသွားတာကို မကျေနပ်တဲ့စိတ်၊ ငြူစူစောင်းမြောင်းတဲ့စိတ်၊ ပြောနေကျအတိုင်းပြောရင် . . . ဣဿာမစ္ဆရိယစိတ်ပေါ့နော်။ အဲဒီလို ဣဿာမစ္ဆရိယစိတ်ဖြစ်ရင် 'သဘာဝဟာ သဘာဝပါ' လို့ သာ နှလုံးသွင်းလိုက်၊ အဲဒီစိတ် ပျောက်သွားပါလိမ့်မယ်။

မမဲ့တတ်၊ မသောက်တတ်တဲ့သူမှာပါတဲ့ 'မမဲ့တတ်' ဆိုတာ ဣဿာမစ္ဆရိယမဖြစ်တတ်တာကို ပြောတာပါ။ သဝန်မတိုတတ်၊ မငြူစူတတ်တာကို ပြောတာပါ။

အဲဒီတရားသဘောလေး 'သဘာဝဟာ သဘာဝပါပဲ' ဆိုတာကို နားလည်သွားတဲ့အခါကျတော့ အဲဒီရှင်ဘုရင်ကြီးက မြေမှုန်လေးတွေကို လက်နဲ့ ဆုပ်ယူလိုက်တယ်။ ဆုပ်ယူပြီးတော့ မျက်နှာကို ပွတ်ပြီး အဓိဋ္ဌာန်ပြုလိုက်တယ်။

'ဒီနေ့ ဒီအချိန်က စပြီးတော့ ရဟန္တာမဖြစ်မချင်း ဘယ်တော့မှ မငြူစူ မစောင်းမြောင်းတတ်တဲ့သူ၊ မမဲ့ရွဲ့တတ်တဲ့သူ ဖြစ်ရပါလို၏။ ဖြစ်ရပါစေ'

အဲဒီလို သစ္စာဆိုပြီးတော့ အဓိဋ္ဌာန်ပြုခဲ့တဲ့အတွက်ကြောင့် ကျွန်ုပ်ဟာ အဲဒီဘဝကစပြီးတော့ ဖြစ်လေရာဘဝ

http://www.dhammadownload.com

တိုင်းမှာ မငြူစူမစောင်းမြောင်းတတ်တဲ့သူ၊ သဝန်မတိုတတ်တဲ့သူ၊ မမဲ့ရွဲ့တတ်တဲ့သူ ဖြစ်ခဲ့ရပါတယ်။

တရားနာ ပရိသတ်များလည်း အဲဒီလို မငြူစူမစောင်းမြောင်းတတ်တဲ့သူ၊ မမဲ့တတ်တဲ့သူ မဖြစ်ချင်ဘူးလား။ ဖြစ်ချင်ရင် မြေမှုန်ကို ကိုင်။ အခုလောလောဆယ်တော့ တရားပွဲထဲမှာဆိုတော့ ကောဇောတွေ ခင်းထားတာဆိုတော့ မြေမှုန်မရှိဘူးပေါ့။ နောက်တော့မှ မြေမှုန်ကို လက်နဲ့ ဆုပ်ပြီးတော့ ဘယ်လို အဓိဋ္ဌာန်ပြုမှာလဲ။ ဆိုလိုက်ပါ။

ဘဝတိုင်းမှာ၊ စောင်းမြောင်းကာ၊ မဲ့တာ ကင်းပါရစေ။

ငယ်ငယ်တုန်းက မဲ့တော့ မဲ့ဖူးတယ် မဟုတ်လား။ ကလေးဘဝ၊ ကျောင်းသားဘဝတုန်းက ရှိတယ်လေ။ လူတစ်ယောက်ကို ကိုယ်က မုန်းတယ်ဆိုလို့ရှိရင် ကိုယ်ချစ်တဲ့သူကို အဲဒီကောင်နဲ့ မပေါင်းနဲ့။ အဲဒီကောင်မနဲ့ မခေါ်နဲ့။ မပြောကြဘူးလား။ အဲဒါ မဲ့တာပဲ။ ကလေးမို့ မဲ့တာဆိုရင်တော်သေး။ တချို့လူကြီးတွေ အဲဒီလိုမျိုး မဲ့တာ မရှိဘူးလား။ ရှိတယ်။

ကိုယ်ကြည့်မရတဲ့သူ၊ ကိုယ်မပေါင်းချင်တဲ့သူဆိုရင် ကိုယ်နဲ့ ပေါင်းနေတဲ့သူကို အဲဒီလူနဲ့ သွားမပေါင်းနဲ့၊ အဲဒီ

လူနဲ့ မပတ်သက်နဲ့။ မမဲ့ကြဘူးလား။ ဆောင်ပုဒ်လေးကို အသေးစိတ်သာ ချဲ့ရင် ကုန်မှာတောင် မဟုတ်တော့ဘူး။

တရားနာပရိသတ်များ လက်တွေ့ဘဝထဲက မဲ့တာတွေ ဥပမာသာကေထုတ်၊ ကုန်ပါဦးမလား။ မကုန်ဘူး။ အရပ်ထဲမှာတွင် မပြောနဲ့။ ဘုန်းကြီးကျောင်းတွေမှာလည်း မဲ့တာ မရှိဘူးလား။ ရှိတယ်။

ကိုယ်ကိုးကွယ်လာတဲ့ဘုန်းကြီးက နောက်မှရောက်တဲ့ ဒကာကို ဦးစားပေးတယ်ဆိုရင် ကျေနပ်လား၊ မဲ့လား။ ကိုယ့်ဘာသာကိုယ် စစ်ပေါ့။ ဦးဇင်းက မေးပဲမေးတာနော်။ ကိုယ်သဘောမကျတဲ့ပုဂ္ဂိုလ်၊ ကိုယ်မုန်းတဲ့ပုဂ္ဂိုလ်က ကိုယ့်ဘုန်းကြီးဆီ လာတယ်ဆိုရင်လည်း ပြုံးလား၊ မဲ့လား။ ကိုယ့်ဘာသာကိုယ်ပဲ ဖြေနော်။

ဘဝတိုင်းမှာ၊ စောင်းမြောင်းကာ၊ မဲ့တာ ကင်းပါရစေ။

နောင်ဘဝကျမှ ကင်းဖို့ မဟုတ်ဘူးနော်။ ဒီနေ့ ဒီအချိန်ကစပြီးတော့ ဒီဘဝမှာကို ကင်းအောင်နေရမှာ။ ဥပမာလေးက ရှင်ဘုရင်ကြီး နှလုံးသွင်းတဲ့အတိုင်း နှလုံးသွင်းလိုက်။ ဝတ်ထားတဲ့အဝတ် ဟောင်းနွမ်းသွားတာကို၊ ညစ်ပေသွားတာကို 'ဟဲ့ အဝတ်၊ နင်ဘာလို့ ဟောင်းနွမ်းသွားရတာ

http://www.dhammadownload.com

လဲ။ နင်ဘာလို့ ညစ်ပေသွားရတာလဲ' လို့ ဒေါသထွက်ရင်၊ မဲ့ရွဲ့ရင် သဘာဝမကျဘူး။ မဲ့ရွဲ့တဲ့သူ လူမိုက်ပဲ။ အဓိပ္ပာယ် မရှိဘူး။

စားထားတဲ့ အစားအစာတွေ မစင်ဖြစ်သွားတာကို 'ဟဲ့ . . နင်ဘာလို့ မစင်ဖြစ်သွားရတာလဲ' လို့ စောင်းမြောင်း မဲ့ရွဲ့ရင် သဘာဝမကျဘူး။ စောင်းမြောင်းမဲ့ရွဲ့တဲ့သူ လူမိုက်ပဲ။

ဣဿာမစ္ဆရိယဆိုတာက ကိုယ့်ပိုင်ဆိုင်မှုနဲ့ ဆက် စပ်ပြီး မနာလို ဝန်တိုတဲ့ ဣဿာမစ္ဆရိယ ဖြစ်တတ်သလို၊ တချို့ကျတော့လည်း သူတစ်ပါးရဲ့ ပိုင်ဆိုင်မှုနဲ့ ဆက်စပ်ပြီး ကြားထဲကနေ အလကားနေရင်း မနေနိုင် မထိုင်နိုင် မနာလို ဝန်တိုတဲ့ ဣဿာမစ္ဆရိယ ဖြစ်တတ်သေးတယ်။

သူများတွေ လှူနေတန်းနေ၊ ပေးနေကမ်းနေတာ ကို ကြည့်ပြီးတော့ မနာလို ဝန်တိုတတ်တဲ့သူတွေ မရှိဘူး လား။ ရှိတယ်။ ဒါကိုလည်း မဲ့တယ်ခေါ်တာပဲနော်။

ကိုယ်ပိုက်ဆံတစ်ပြားမှ မကုန်ဘဲ သူများတွေ လှူ နေတန်းနေတာကို ကြည့်ပြီးတော့ 'ဟ . . အဲဒီနေရာ သွား မလှူနဲ့၊ အဲဒီပုဂ္ဂိုလ် သွားမလှူနဲ့၊ ဘာဖြစ်တယ် ညာဖြစ်တယ်' စသည်အားဖြင့် ကြားထဲကနေ မနေထိုင်မထိုင်နိုင် မဲ့ရွဲ့တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတာပဲ။

http://www.dhammadownload.com

ကိုယ့်မှာ အဲဒီလို မဲ့တတ်တဲ့စိတ်ကလေး၊ မဲ့တတ်တဲ့ အကျင့်ကလေး မရှိဘူးဆိုရင်တော့ ဝမ်းသာရုံပဲနော်။ တကယ်လို့ ရှိခဲ့ရင်လည်း ဒီနေ့ဒီအချိန်ကစပြီး ပြုပြင်သွားဖို့ပါပဲ။

ဘဝတိုင်းမှာ၊ စောင်းမြောင်းကာ၊ မဲ့တာ ကင်းပါရစေ။

■

http://www.dhammadownload.com

## သေရည်သောက်ရင်
## တစ်ခုခုတော့ သေမှာ သေချာပါတယ်

မမဲ့တတ်တဲ့သူပြီးတော့ နောက် ဘာတဲ့တုံး။ မသောက်တတ်တဲ့သူ။ ဘာကို မသောက်တတ်တာတုံး။ အရက်သေစာ မသောက်စားတတ်တဲ့သူ။ အဲဒီဝတ္ထုကတော့ လူတိုင်း သိပြီးသားပါပဲ။

သူကလည်း ဟိုတုန်းက ဒီဗာရာဏသီပြည်မှာ ရှင်ဘုရင်ကြီး ဖြစ်ခဲ့ဖူးတယ်တဲ့။ အဲဒီတုန်းက သူဟာ သေသောက်ကြူး ရှင်ဘုရင်ကြီး ဖြစ်ခဲ့ဖူးတယ်။ သေရည်အရက်ကို သိပ်ကြိုက်တယ်ပေါ့။ အသားမပါရင်လည်း မစားတတ်ဘူး၊ ပွဲတော် မတည်တတ်ဘူး။

တစ်နေ့ကျတော့ စားတော်ကဲစားဖို့မှူးက ရှင်ဘုရင်

http://www.dhammadownload.com

ကြီးအတွက် အသားတွေ ကြိုတင်ဝယ်ထားတယ်။ လပြည့်နေ့ဆိုရင် တစ်နိုင်ငံလုံး သားမသတ်ရဘူး ဆိုတဲ့ အမိန့်ကလည်း ရှိတာကိုး။ ရှိတော့ အဖိတ်နေ့လောက်ကတည်းက အသားတွေကို ကြိုတင်ဝယ်ထားတာပေါ့။ ဒါပေမဲ့ အထားမတတ်တော့ ခွေးတွေက ဆွဲသွားတယ်။

ခွေးတွေ ဆွဲသွားတော့ နောက်တစ်နေ့ ရှင်ဘုရင်ကြီးအတွက် ချက်စရာအသား မရှိတော့ဘူး။ အသားမပါရင်လည်း ရှင်ဘုရင်ကြီးက ပွဲတော်မတည်တတ်ဘူးဆိုတော့ ငါ့အသတ်ခံရတော့မှာပဲ။ မိဖုရားကြီးဆီ သွားပြီးတော့ အကူအညီတောင်းတယ်။

မိဖုရားကြီးကလည်း မပူပါနဲ့။ ရှင်ဘုရင်ကြီးဟာ သူ့ရဲ့ သားကို အင်မတန်ချစ်ပါတယ်။ သားလေးကိုများ ဖက်နေရမယ်၊ နမ်းနေရမယ်ဆိုရင် ကျွန်ုပ်ကိုတောင်မှ ရှိတယ်လို့မထင်ဘူး။ ဒါ့ကြောင့် သားကို ရေမိုးချိုးပြီးတော့ သေသေချာချာ ဝတ်ကောင်းစားလှတွေ ဝတ်ပြီးတော့ သင်စားတော်အုပ်တွေ မဆက်သခင်မှာ ကျွန်ုပ်ရှင်ဘုရင်ကြီးရဲ့ ရင်ခွင်ကို ဒီသားတော်လေးကို ထည့်ပေးထားမယ်။

သားတော်လေးနဲ့ ပျော်မြူးနေတဲ့အချိန်မှာ သင်က စားတော်အုပ်ကို ကပ်လိုက်ပါ။ သားနဲ့ ပျော်နေတဲ့အချိန်

http://www.dhammadownload.com

အသားမပါတာကို . . . အပြစ်မြင်မှာ မဟုတ်ပါဘူး။ သတိတောင် ရချင်မှ ရမှာနော်။ အဲဒီလိုအကြံပေးပြီးတော့ သားလေးကို အကောင်းဆုံး ပြင်ဆင်ပြီးတော့ ရှင်ဘုရင်ကြီးဆီ စားတော်အုပ်မလာခင် ကြိုပြီးတော့ ပို့ထားတယ်။

ရှင်ဘုရင်ကြီးလည်း ကလေးနဲ့ ချော့မြှူကျီစယ်ပြီးတော့ ပျော်နေတာပေါ့လေ။ အဲဒီအချိန်မှာ စားတော်အုပ်ကိုဆက်။ အရက်တွေ ဘာတွေ သောက်၊ မူးလာ။ ပထမတော့ ကလေးနဲ့ ပျော်နေတော့ အသားပါတာ၊ မပါတာ သတိမထားမိသေးဘူး။ မူးလာပြီလည်းဆိုရော အသားမပါတာကို သတိထားမိလာတယ်။

ဒါနဲ့ ဟဲ့ . . ဒီမှာ အသားလည်း မပါပါလား ဆိုတော့မှ စားဖိုမှူးက နန်းတော်ထဲက ခွေးတွေက မင်းကြီးအတွက် ကြိုတင်ဝယ်ထားတဲ့ အသားတွေကို စားသွားလို့ပါ။ ဟဲ့ . . ငါလို ရှင်ဘုရင်အတွက် အသားက ဒီလောက်တောင် ရှားရသလား ဆိုပြီးတော့ သူ့ပေါင်ထဲက ကလေးလေး လည်လိမ်ချိုး သတ်ပြီးတော့ ရော့၊ ဒါ ခုချက်ချင်း ချက်ခဲ့ ဆိုပြီးတော့ ချက်ခိုင်းလိုက်တယ်။

မူးနေတဲ့အချိန်ဆိုတော့ သားမှန်း သိသေးရဲ့လား။ မသိတော့ဘူး။ မိဖုရားကြီးကအစ ဘယ်သူမှ မငိုရဲဘူး။

http://www.dhammadownload.com

ဘယ်သူမှ မျက်ရည်မကျရဲဘူး။ ဘယ်သူမှ တားမြစ်တဲ့စကား မပြောရဲဘူး။ တားမြစ်လို့မရတော့ ဟိုမှာလည်ချိုးပြီးတော့ သတ်လိုက်တယ်။ အဲဒါနဲ့ ရှင်ဘုရင်ကြီးရဲ့ သားလေးကိုပဲ အသားဟင်းချက်ပြီးတော့ ဆက်သရတာပေါ့။

ကိုယ့်သားရဲ့ အသားကို အရက်နဲ့မြည်းရင်းနဲ့ အိပ်ပျော်သွားတယ်ပေါ့။ မနက်လင်းလို့ နိုးလာတယ်ဆိုရင်ပဲ သားလေးကို ခေါ်ခဲ့ပါဆိုတော့ မိဖုရားကြီးက ငိုယိုပြီးတော့ အကြောင်းစုံကို ပြောပြတယ်။

အဲဒီတော့မှ သောကတွေ အကြီးအကျယ်ဖြစ်ပြီးတော့ ငါအခုလို စိတ်ဆင်းရဲရတာဟာ၊ ငါအခုလို ဆင်းရဲဒုက္ခကြုံတွေ့ရတာဟာ သေရည်အရက်သောက်လို့ပဲ။ ဒီနေ့ ဒီအချိန်ကစပြီးတော့ ရဟန္တာမဖြစ်မချင်း၊ ရဟန္တာဖြစ်တဲ့ဘဝ အထိ ဘယ်တော့မှ အရက်သေစာ မသောက်တော့ဘူး။

မြေကြီးလက်နဲ့ဆုပ်၊ မျက်နှာပွတ်ပြီးတော့ အဓိဋ္ဌာန်ပြုတယ်။

'ဒီနေ့ဒီအချိန်က စပြီးတော့ ရဟန္တာဖြစ်တဲ့အချိန် အထိ သေရည်အရက် မသောက်စားတတ်တဲ့သူ ဖြစ်ရပါစေ'

ဒါလည်းပဲ သစ္စာမဆိုသင့်ဘူးလား။ ဆိုသင့်တယ်။

http://www.dhammadownload.com

## အ, တဲ့သူတွေ ရက်(လျက်)လို့ အရက်

သေရည်သောက်ခြင်းရဲ့ အပြစ်တွေ အထူးဟောစရာ မလိုတော့ဘူးနော်။ တရားပါးဝပြီးသားပဲ။ သေရည်သောက်ခြင်းရဲ့ အပြစ်တွေကလည်း အများကြီးရှိတာပေါ့။

အထင်ရှားဆုံးကတော့၊ အထင်ရှားဆုံးဆိုတာက လိုရင်းလေးတွေပေါ့။ မနက်ကပဲ ဒကာမကြီးတစ်ယောက်က မေးသေးတယ်။ ငါးပါးသီလမှာ ဘယ်သိက္ခာပုဒ် ဘယ်အပြစ်ကို ကျူးလွန်တာက အပြစ်အကြီးဆုံးလဲ . . . တဲ့။

သူ့အပြစ်နဲ့သူ ဆိုတော့ အကုန်လုံး အပြစ်ကြီးတာချည်းပဲ။ အပြစ်ချင်း၊ ခံစားရတဲ့ ဒုက္ခချင်း တစ်ခုနဲ့တစ်ခု မတူတဲ့အတွက် ဘယ်ဟာက ပိုပြီးတော့ အပြစ်ကြီးတယ်လို့

http://www.dhammadownload.com

ပြောလို့မရဘူး။

ငါးပါးသီလနဲ့ ပတ်သက်တဲ့ သုတ္တန်တစ်ခု မြတ်စွာဘုရား ဟောထားတယ်။ ငါးပါးလုံးရဲ့ မူရင်းကတော့ ငရဲကိုကျမှာပေါ့။ ငရဲကျတဲ့ အကျိုးတရားအပြင် အပေါ့ပါးဆုံး အကျိုးတရား၊ အသက်သာဆုံး အကျိုးတရားက ဘာတုံးဆိုတော့ သူ့အသက်သတ်ခြင်းရဲ့ အပေါ့ပါးဆုံးအကျိုးတရားက ဖြစ်လေရာဘဝမှာ အနာရောဂါများတယ်တဲ့။

ငါးပါးသီလက သူ့အကျိုးနဲ့သူ မတူဘူးနော်။ လုံးရိုက်ပြီး ပြောလို့မရဘူး။ သူများအသက်သတ်တဲ့ပုဂ္ဂိုလ် ဖြစ်လေရာဘဝမှာ အနာရောဂါများတယ်။ သေအောင် တစ်ခါတည်း သတ်ရင် အသက်တိုတယ်။ သေအောင် သတ်တာ မဟုတ်သေးဘဲနဲ့ နာကျင်အောင် ညှဉ်းပန်းနှိပ်စက်တယ်ဆိုရင် အနာရောဂါများတတ်တယ်။ နာကျင်အောင်လည်း ညှဉ်းပန်းနှိပ်စက်တယ်၊ သေအောင်လည်း သတ်တယ်ဆိုရင်တော့ အနာရောဂါလည်း များတယ်၊ အသက်လည်း တိုတယ်။

ညှဉ်းပန်းနှိပ်စက်တာ မဟုတ်ဘဲနဲ့ တစ်ခါတည်း အပြီးသတ်လိုက်တာဆိုရင်တော့ ရောဂါတော့ သိပ်များချင်မှ များမယ်။ ဒါပေမဲ့ အသက်တိုတယ်။ ပေါင်းပြောလိုက်ရင်

http://www.dhammadownload.com

တော့ သူများအသက်သတ်တဲ့သူတွေ၊ ညှဉ်းပန်းနှိပ်စက်တဲ့ သူတွေ ဖြစ်လေရာဘဝ အနာရောဂါများပြီးတော့ အသက်တိုတယ်။ ဒါအပေါ့ပါးဆုံး အကျိုးတရား။ အသက်သာဆုံး အကျိုးတရား။ အသက်သာဆုံးဆိုပေမယ့် တော်တော် ဆိုးတယ်နော်။

အဒိန္နာဒါနရဲ့ အောက်ထစ်ဆုံး အကျိုးတရားကျတော့ မွဲတဲ့ အကျိုးတရား။ လူတွေက မွဲတယ်ဆိုရင် ဒီလူ ဒါနမှ မပါတာ မွဲမှာပေါ့။ မွဲခြင်းရဲ့ အကြောင်းတရားကို ဒါနတစ်ခုတည်းနဲ့ပဲ ဆုံးဖြတ်တတ်ကြတယ်။ ဒါပေမဲ့ အမှန်က မဟုတ်ဘူး။ ဒါနတွေ ဘယ်လောက်ပြုပြု သူများပစ္စည်းခိုးရင် အဲဒီခိုးတဲ့အကုသိုလ်ကံ အကျိုးပေးတဲ့ဘဝ မွဲပါတယ်။

ဦးဇင်းတို့ မြတ်စွာဘုရားအလောင်းလည်း မွဲတဲ့ဘဝတွေ မရှိဘူးလား။ ရှိတာပဲ။ မွဲတဲ့ဘဝ လက်ညှိုးထိုးပြီးတော့ 'သူ ဘာဒါနမှမှ မရှိတာ။ မွဲမှာပေါ့' လို့ သွားပြောရင် အကြီးအကျယ် မှားလိမ့်မယ်။

သတ္တဝါအကုန်လုံးပြုထားတဲ့ ဒါနထက်ကို မြတ်စွာဘုရားအလောင်းတော် တစ်ပါးတည်း ပြုထားတဲ့ ဒါနက များပါတယ်။ ဒါပေမဲ့ အဒိန္နာဒါနကံ အကျိုးပေးတဲ့ဘဝကျတော့ ဆင်းရဲသား၊ မွဲတဲ့သူ ဖြစ်ရတယ်။ ပါဏာတိပါတနဲ့

http://www.dhammadownload.com

အကျိုးချင်း မတူဘူးနော်။

ကာမေသုမိစ္ဆာစာရရဲ့ အောက်ထစ်ဆုံး အပြစ်ကျ တော့လည်း သူတစ်ပါးရဲ့ မုန်းတီးခြင်းကို ခံရတတ်တယ်။ တချို့ ကိုယ်နဲ့လည်း ဘာမှ ပတ်သက်တာ မဟုတ်ဘဲနဲ့ လူ မြင်တာနဲ့ မုန်းတဲ့သူတွေလည်း မရှိဘူးလား။ ရှိတယ်နော်။ လူမြင်တာနဲ့ အလကားနေရင်း အမြင်ကတ်နေတာ။

မုသာဝါဒရဲ့ အောက်ထစ်ဆုံး အကျိုးတရားကျ တော့ သွားတွေ မလှတော့ဘူး။ ပါးစပ်တွေ၊ နှုတ်ခမ်းတွေ မလှတော့ဘူး။ အဆိုးဆုံးကတော့ သူ့စကား သြဇာမရှိဘူး။ တချို့ မိဘတွေက ပြောတယ်။ သားသမီးတွေကို ပြောဆို ဆုံးမရ ခက်တယ်။ ဆုံးမရတာ မလွယ်ဘူးလို့ ပြောကြတယ်။ အမှန်က ကလေးတွေက ဆိုးတာ မဟုတ်ဘူး။ ကိုယ်က မုသာဝါဒတွေ ပြောခဲ့လို့ သြဇာမရှိတာ။

သုရာမေရယကံ အကျိုးပေးတဲ့ ပုဂ္ဂိုလ်ကျတော့ အောက်ထစ်ဆုံးအကျိုးတရားက အရူးအနှမ်းဖြစ်တတ်တယ် တဲ့။ စိတ်ပုံမှန် မဟုတ်တဲ့သူ ဖြစ်တတ်တယ်။ ညဏ်ထိုင်း တတ်တယ်။ အဲဒီအကျိုးငါးမျိုး ဘယ်ဟာများကောင်းတာ ပါတုံး။ တစ်ခုမှ မပါဘူး။

သေရည်အရက် သောက်တယ် ဆိုတာ ရမ်းရမ်း

http://www.dhammadownload.com

မရမ်းရမ်း အကုသိုလ်ပဲ။ ဆေးဖြစ်ဝါးဖြစ်ပဲ သောက်သောက်၊ ခွေးဖြစ်နွားဖြစ်ပဲ သောက်သောက် အပြစ်ရှိတာပဲ။

တချို့က အိမ်မှာ တိတ်တိတ်ကလေး ဘယ်သူ့ကိုမှ ရန်မပြု ပြဿနာမရှာဘဲနဲ့ ကိုယ့်ဘာသာကိုယ် အေးအေး ဆေးဆေးသောက်ရင် အပြစ်မရှိဘူးလို့ ထင်နေကြတယ်။ သေရည်အရက်ကို သောက်တိုင်းသောက်တိုင်း ကိုယ့်ရဲ့စိတ်၊ ကိုယ့်ရဲ့ နှလုံးသား၊ ကိုယ့်ရဲ့ ဦးနှောက်ထဲမှာ ဉာဏ်ထိုင်းတဲ့ ဓာတ်တွေ တဖြည်းဖြည်း တဖြည်းဖြည်း စုမိပြီးသား ဖြစ်သွားတယ်။

နောင်ဘဝတောင် မဆိုင်းပါဘူး။ ဦးဇင်းတို့ အင်္ဂလန် ရောက်တော့ ဒကာကြီးတစ်ယောက် လျှောက်တယ်။ ဒီအင်္ဂလန်မှာ အသက်ကြီးလို့ရှိရင် စိတ်ဖောက်ပြန်သွားတဲ့သူတွေ ပေါတယ်တဲ့။ အသက်ကြီးသွားတဲ့သူ တော်တော်များများဟာ စိတ်မမှန်ကြတော့ဘူး။ သွက်သွက်ခါရူးတာ မဟုတ်တောင်မှ စိတ်မမှန်ကြတော့ဘူး။ ဘာလို့လဲဆိုတော့ သူတို့က အရက်အရမ်းသောက်ကြတာကိုး။

အဲဒီတော့ အရက်သောက်ရင် ရူးတတ်တယ် ဆိုတဲ့ မြတ်စွာဘုရားရဲ့အဆုံးအမက နောင်ဘဝတောင် မဆိုင်းပါဘူး။ ဒီဘဝမှာကို အကျိုးပေးပါတယ်။ တချို့ မွေးကတည်း

http://www.dhammadownload.com

ကိုက ကျပ်မပြည့်ဘဲနဲ့ ပုံမှန်မဟုတ်တာတွေ မရှိဘူးလား။ ရှိတယ်။ အဲဒါတွေက ဘာအကျိုးဆက်တွေလဲဆိုရင် သေရည်အရက်သောက်ခဲ့တဲ့ အပြစ်ရဲ့ အကျိုးဆက်တွေပဲ။

အရှုးအနှမ်း မဖြစ်တောင် တချို့ ဉာဏ်ထိုင်းတာတွေဘာတွေ မရှိဘူးလား။ အဲဒီလို ဉာဏ်ထိုင်းတာ၊ သဘောမပေါက် နားမလည်၊ အူတူတူ အတတ၊ ထုံထုံထိုင်းထိုင်းဖြစ်နေတာကလည်း သေရည်အရက်သောက်ခြင်းရဲ့ အပြစ်တွေပါပဲ။

ငါးပါးသီလမှာ ဘယ်ဟာက ပိုအပြစ်ကြီးတယ်၊ ဘယ်ဟာတွေကတော့ အပြစ်နည်းတယ်၊ အပြစ်သိပ်မကြီးတာလေးတော့ ကျူးလွန်လိုက်ဦးမယ်တော့ မလုပ်နဲ့ပေါ့နော်။ ငါးပါးသီလ ဖောက်ဖျက်မှုရဲ့ တစ်ခုချင်းအကျိုးတွေ တစ်ခုမှကောင်းတာ မရှိပါဘူး။

အရက်ဆိုတဲ့ စကားလုံးရဲ့ အသံထွက်အတိုင်း အဓိပ္ပာယ်ဖွင့်ရရင် 'အ, တဲ့သူတွေ ရက်(လျက်)လို့ အရက်' လို့ ခေါ်ပါတယ်။

အရက်သောက်တဲ့သူတွေဟာ အ, လို့ပါ။ တခြားကိစ္စတွေမှာတော့ အ, ချင်မှ အ, မယ်ပေါ့။ အရက်နဲ့ ပတ်သက်တဲ့ကိစ္စမှာတော့ အ, နေတာပဲ။ အရက်ရဲ့ ဆိုးကျိုးကို

http://www.dhammadownload.com

ထိုးထိုးထွင်းထွင်း မသိတာကိုက အ, နေတာပေါ့။

အရက်ကြောင့် ဖြစ်မယ့် ကျန်းမာရေးဆိုးကျိုးတွေ၊ လူမှုရေးဆိုးကျိုးတွေ၊ စီးပွားရေးဆိုးကျိုးတွေ အများကြီးပါပဲ။ အဆိုးဆုံးကတော့ အသိဉာဏ် ထုံထိုင်းသွားစေတဲ့ ဆိုးကျိုးပေါ့။

အရက်သောက်လို့ ငရဲကျတယ်ဆိုတာ ဘုရားက ပညတ်လိုက်လို့ ကျတာ မဟုတ်ပါဘူး။ သူ့ရဲ့ ပင်ကိုသဘာဝ သတ္တိကိုက ငရဲကျစေတတ်တဲ့ သတ္တိရှိလို့ ကျတာပါ။ 'အရက်သောက်ရင် ငရဲကျတယ်' ဆိုတဲ့ နဂိုအရှိသဘာဝကို မြတ်စွာဘုရားရှင်က ဖော်ထုတ်ရုံပဲ ဖော်ထုတ်ပေးတာပါ။

'သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ' ဆိုတဲ့ ငါးပါးသီလသိက္ခာပုဒ်မှာ ပါတဲ့ 'မဇ္ဇပမာဒဋ္ဌာန' ဆိုတာ 'သုရာမေရယ' ရဲ့ ဂုဏ်ပုဒ်ပါ။ သုရာမေရယဆိုတဲ့ 'သေရည်အရက်' ဟာ 'မဇ္ဇပမာဒဋ္ဌာန - မူးယစ်ခြင်းရဲ့အကြောင်း၊ မေ့လျော့ခြင်းရဲ့အကြောင်း' ဖြစ်ပါတယ်တဲ့။

အရက်၊ ဘီယာ စတဲ့ အမူးရည်၊ အခါးရည်ကို သောက်ရင် မူးရင်မူး၊ မေ့ရင်မေ့၊ ဒါမှမဟုတ် မူးလည်းမူး၊ မေ့လည်းမေ့ ဖြစ်ကိုဖြစ်ပါတယ်။ မမူးဘူးထား မေ့တာကတော့ သေချာပါတယ်။ လုပ်သင့်တဲ့အလုပ်တွေ လုပ်ဖို့ မေ့၊

http://www.dhammadownload.com

မလုပ်သင့်တဲ့အလုပ်တွေ မလုပ်ဖို့ မေ့တာကစလို့ ကုသိုလ်လည်းမေ့၊ တရားလည်း မေ့ပေါ့။

မူးနေ၊ မေ့နေတဲ့ လူတစ်ယောက် အပါယ်ငရဲကျတယ်ဆိုတာ ဘာမှ မဆန်းပါဘူး။ နက်နက်နဲနဲ တွေးနေစရာလည်း မလိုပါဘူး။ ရှင်းရှင်းလေးပါ။

ဒါ့ကြောင့်ဆိုလိုက်ပါ။

ဘဝတိုင်းမှာ၊ မူးယစ်ကာ၊ သောက်တာ ကင်းပါရစေ။

အရက်စတဲ့ . . မူးယစ်စေတတ်တဲ့ အရည်တွေကို 'သေရည်' လို့ ခေါ်ပါတယ်။ 'သေရည်' ဆိုတဲ့အတိုင်း သေတတ်တဲ့ အရည်ပါပဲ။ အသက်ရင်လည်း သေမယ်၊ ဂုဏ်သိက္ခာရင်လည်း သေမယ်၊ နှစ်ခုလုံးရင်လည်း သေမယ်ပေါ့။

အသေချာဆုံးကတော့ ကျန်းမာရေး သေတာပါပဲ။ သေရည်သောက်တဲ့သူတွေ ကျန်းမာရေး ထိခိုက်ပြီး စောစော သေကြတာများပါတယ်။ စိတ်ညစ်လို့ အရက်သောက်၊ အရက်သောက်လို့ ပိုစိတ်ညစ်၊ စိတ်ချမ်းသာမှု သေသွားတာပေါ့။ အရက်သောက်လို့ ဘဝပျက်၊ ဘဝသေသွားတာပေါ့။

■

http://www.dhammadownload.com

## ဘဝမြင့်သူ့အပေါ်
## ဘဝင်မြင့်မိရင် ဘဝနိမ့်သွားမယ်

မမဲ့တတ်၊ မသောက်တတ်တဲ့သူ ဆိုတဲ့ နှစ်ခု ပြီးမသွားဘူးလား။ နောက်နှစ်ခုတွဲက မချစ်တတ်၊ မမုန်းတတ်တဲ့သူ။ ဒါက ခေါင်းစဉ်ပေါ့။ 'မမဲ့တတ်၊ မသောက်တတ်တဲ့သူ၊ မချစ်တတ်၊ မမုန်းတတ်တဲ့သူ' ဆိုပြီးတော့ လေးခုစလုံးကို ခေါင်းစဉ်တင်ထားရင် ခေါင်းစဉ်ဖောင်းပွနေမှာစိုးလို့ 'မချစ်တတ်၊ မမုန်းတတ်တဲ့သူ' လို့ပဲ ခေါင်းစဉ်တပ်ထားတာပါ။

ကဲ - ဥယျာဉ်မှူးကြီး၊ သင်မမဲ့တတ်တာတော့ သိပါပြီ။ မသောက်တတ်တာတော့ သိပါပြီ။ မချစ်တတ်တာရော ဘာကြောင့်လဲ။

ဘဝတစ်ခုမှာ ကျွန်ုပ်ဒီဗာရာဏသီမြို့မှာပဲ ကိတဝါသ ဆိုတဲ့ နာမည်နဲ့ ရှင်ဘုရင်ဖြစ်ခဲ့ဖူးတယ်။ သူကလည်း

http://www.dhammadownload.com

ဒီဘဝမှာသာ ဆတ္တာသည် ဖြစ်နေတာ။ မပေါ့ဘူးနော်။ ဒီ တစ်မြို့တည်းမှာကို ရှင်ဘုရင် ခဏခဏ ဖြစ်ခဲ့တာ။

ဒီဗာရာဏသီမြို့မှာပဲ ကိတဝါသ ဆိုတဲ့ နာမည်နဲ့ ရှင်ဘုရင် ဖြစ်ခဲ့ဖူးတယ်။ ဒုဋ္ဌကုမာရဆိုတဲ့ သားတစ်ယောက် လည်းရှိတယ်။ အဲဒီသားမွေးဖွားပြီး မကြာခင်မှာပဲ လက္ခ-ဏာဆရာတွေ၊ နိမိတ်ဖတ် ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက နိမိတ် ဖတ်ကြတယ်။ ဒီကလေးဟာ ရေငတ်ပြီးတော့ သေလိမ့် မယ်။ သောက်ရေ မသောက်ရရင် သေလိမ့်မယ်။

အဲဒီလိုပြောတော့ ရှင်ဘုရင်ကြီးက သူ့သားရေငတ် သေမှာစိုးလို့ မြို့တံခါးလေးဘက်မှာရော၊ မြို့တွင်းမှာရော၊ နေရာအနှံ့ ရေတွင်းရေကန်တွေတူး။ မြို့တွင်း လမ်းဆုံလမ်း ခွတွေမှာလည်း မဏ္ဍပ်ကြီးတွေ ဆောက်ပြီးတော့ ရေပြည့် အိုးတွေ အပြည့်တည်ထားတယ်။

တိုင်းပြည်တွင်း ဘယ်နေရာမှာပဲ သွားသွား၊ သား လေး ရေမငတ်အောင်လို့။ သားလေး ရေဆာရင် ရေအဆင် သင့် ရှိအောင်လို့၊ တိုင်းသူပြည်သားတွေ ရေပေါစေချင်လို့ လား။ သားလေး ရေငတ်သေမှာစိုးလို့လား။ သားလေး ရေ ငတ်သေမှာစိုးလို့၊ နေရာအနှံ့ ရေတွင်းရေကန်တွေဆောက်။ ရေပြည့်အိုးတွေတည်။

http://www.dhammadownload.com

သားလေးကိုလည်း ချစ်လိုက်တာလေ။ ဆယ့်ခြောက်နှစ်အရွယ်ရောက်တော့ အိမ်ရှေ့မင်းသား ခန့်လိုက်တာပေါ့။ ရှင်ဘုရင်က ချစ်လွန်းလို့ သူ့ကို သွားလေရာမှာ ခေါ်သွားတယ်။

တစ်နေ့ကျတော့ အိမ်ရှေ့မင်းသားက ရှင်ဘုရင်ကြီး မပါဘဲနဲ့ တပည့်ပရိသတ် အခြံအရံတွေနဲ့ မနက်စောစော ကိုးနာရီလောက်မှာ ဥယျာဉ်ကစားထွက်တယ်။

ဥယျာဉ်ထဲ သစ်ပင်တစ်ပင်အောက်မှာ အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကလည်း ဆွမ်းခံပြန်လာလို့ ဆွမ်းဘုဉ်းပေးဖို့ ပြင်ဆင်နေတယ်။ အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းဘုဉ်းပေးဖို့ပြင်နေတာလည်း မြင်ရော အိမ်ရှေ့မင်းသားရဲ့ ပရိသတ်တွေက ပစ္စေကဗုဒ္ဓါကို သွားပြီးတော့ ရှိခိုးတယ်။ ဦးချကြတယ်။ လက်အုပ်ချီကြတယ်။ အရိုအသေ ပေးကြတယ်။ မေးမြန်းလျှောက်ထားကြတယ်။ ချီးကျူးစကားပြောကြတယ်။

အရှင်ပစ္စေကဗုဒ္ဓါဘေးမှာပဲ ဝိုင်းနေကြတာပေါ့။ သူ့ဘေးနားမှာ တစ်ယောက်မှ မရှိတော့ဘဲနဲ့ အားလုံး ပစ္စေကဗုဒ္ဓါနားမှာလည်း မြင်ရော မကျေမနပ်ဖြစ်သွားတယ်။ ငါလို အိမ်ရှေ့မင်းသားတစ်ယောက်လုံး ရှိနေပါလျက်နဲ့ ဘာမဟုတ်တဲ့ ဒီခေါင်းတုံးစုတ်နားမှာ သွားပြီးတော့ ဝိုင်းနေရ

http://www.dhammadownload.com

တာလဲ။ ဒါ သူပြောတဲ့အတိုင်း။ ခေါင်းတုံးစုတ်တဲ့။ ကဲ. . အဲဒီလို သဘောထားတဲ့သူတွေ မရှိဘူးလား။ ရှိတာပဲ။

ဘာဖြစ်လို့ ဒီခေါင်းတုံးစုတ်နားသွားပြီးတော့ ဝိုင်းနေရတာလဲ ဆိုပြီးတော့ တစ်ခါတည်း ဆင်ပေါ်ကနေ ဆင်းလာ။ ကိုယ်တော် - ဆွမ်းခံခဲ့ပြီးပြီလား။ ခံခဲ့ပြီးပါပြီ အရှင်မင်းသား။ ဆွမ်းခံလို့ရော ရခဲ့ရဲ့လား။ ရခဲ့ပါတယ်။ ပြစမ်းဆိုပြီး အရှင် ပစ္စေကဗုဒ္ဓါရဲ့ လက်ထဲက သပိတ်ကို ဆောင့်ဆွဲပြီးတော့ မြေကြီးပေါ်ကို ပေါက်ချလိုက်တယ်။

ပေါက်ချလိုက်ပြီးတော့ ဆွမ်းတွေ၊ ဟင်းတွေရော၊ သပိတ်ကိုရော စိစိညက်ညက်ကျေအောင် ဖနောင့်နဲ့ ပေါက်လိုက်တယ်။ အရှင်ပစ္စေကဗုဒ္ဓါကလည်း အရှင်မင်းသားကို သေချာစိုက်ကြည့်ပြီးတော့ . . .

'ဒီသတ္တဝါလေးတော့ ပျက်စီးပါပြီ'

ဒါ သူ့နေရာနဲ့သူ ပြောတာပေါ့နော်။ 'ဒီသတ္တဝါလေးတော့' ဆိုတာ နှိမ့်ချပြီးတော့ ပြောတာ မဟုတ်ဘူး။ မကောင်းမှု အကုသိုလ်တွေ ကျူးလွန်နေလို့ . . သနားစရာကောင်းနေတဲ့ပုဂ္ဂိုလ်ကျတော့ သတ္တဝါ ဆိုတဲ့ စကားလုံးလေးနဲ့ပဲ ထိုက်တန်တယ်လေ။

အမှန်ကတော့ အားလုံးက သတ္တဝါတွေချည်းပါပဲ။

http://www.dhammadownload.com

ကိုယ့်ကို သတ္တဝါလို့ အပြောခံရရင် မနာကြဘူးလား။ နာကြတယ်။ အမှန်ကတော့ နာစရာ မလိုဘူး။ အကုန်လုံး သတ္တဝါတွေချည်းပဲ။ သူ့နေရာနဲ့သူတော့ အရပ်စကားနဲ့ ပြောရတာပေါ့လေ။ 'ဒီသတ္တဝါလေးတော့ ပျက်စီးပါပြီ'။ ကရုဏာအကြည့်လေးနဲ့ ကြည့်ပြီးတော့ ရေရွတ်လိုက်တာ။

သပိတ်တွေကို အားရပါးရ နင်းချေလို့လည်း ပြီးရော၊ ပစ္စေကဗုဒ္ဓါဘက်ကို လှည့်ကြည့်။ ပစ္စေကဗုဒ္ဓါက သူ့ကို စိုက်ကြည့်နေတာတွေ့တော့ . . .

'ကိုယ်တော် ဘာစိုက်ကြည့်နေတာလဲ။ ကျုပ်ကို ဘာများမှတ်နေလို့လဲ။ ကျုပ်က ကိတဝါသမင်းကြီးရဲ့ သား။ နာမည်က ဒုဋ္ဌကုမာရ။ ရာထူးက အိမ်ရှေ့မင်းသား။ ကျုပ်ကို များ နှယ်နှယ်ရရ မှတ်နေလို့လား'

'သင်က ကျွန်ုပ်ကို မျက်လုံးကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေလို့ ကျုပ်က ဘာဖြစ်သွားမှာမို့လဲ။ သင့်လို ခေါင်းတုံးစုတ်ကို ပြစ်မှားတော့ ဘာဖြစ်သေးလဲ'

စိန်ခေါ်လိုက်တာပေါ့။

ပစ္စေကဗုဒ္ဓါကလည်း ဘာမှ မပြောပါဘူး။ အဲဒီနေ့အတွက်တော့ ဆွမ်းမဘုဉ်းပေးရတော့ဘူး။ တစ်ခါတည်း ကောင်းကင်ခရီးကနေ ပြန်ကြွသွား။ ဟိမဝန္တာတောင်ကို ပြန်

http://www.dhammadownload.com

ကြွသွားပြီးတော့ တရားနှလုံးသွင်းပြီးတော့နေတယ်။

အရှင်ပစ္စေကဗုဒ္ဓါလည်း ပြန်ကြွသွားရော၊ ဒုဋ္ဌကုမာရ အိမ်ရှေ့မင်းသားရဲ့ ခန္ဓာကိုယ်တစ်ကိုယ်လုံး ပူလောင်လာတယ်။ မနေနိုင် မထိုင်နိုင်အောင်ကို အကြီးအကျယ် အပြင်းအထန် ပူလောင်လာတယ်။

ပူလိုက်တာ၊ ပူလိုက်တာ ဆိုပြီးတော့ ရေတောင်း။ အနီးအနားမှာရှိတဲ့ ရေအိုးထဲသွားကြည့်တော့လည်း ရေက မရှိတော့ဘူး။ ဟိုရေတွင်းသွားကြည့်လည်း ရေမရှိ ဒီရေကန်သွားကြည့်လည်း ရေမရှိ။ သူ့ရဲ့ အကုသိုလ်ကံကြောင့် တစ်မြို့လုံးမှာရှိတဲ့ ရေတွေ အကုန်လုံး ခန်းခြောက်သွားတယ်။

လူ့ဝတ်ကြောင်ရော၊ ရဟန်းသာမဏေရော . . လူသား ဆိုတဲ့ အခြေခံသဘာဝအားဖြင့်တော့ အတူတူပါပဲ။ ရဟန်းလည်း လူ၊ လူလည်း လူပေါ့။

လူချင်းတူပေမယ့် ဘဝချင်း လုံးဝ မတူပါဘူး။ လူဝတ်ကြောင်ဘဝထက် ရဟန်းသာမဏေဘဝက ပိုပြီး အဆင့်မြင့်ပါတယ်။ ပုံဟန်သွင်ပြင်လည်း အဆင့်မြင့်သလို ကိုယ်ကျင့်သီလလည်း အဆင့်မြင့်ပါတယ်။

စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာ စတဲ့ ပြည့်စုံမှုတစ်ခုခုကို အကြောင်းပြုပြီး 'ဘဝင်မြင့်' နေတဲ့ လူ့ဝတ်ကြောင်တစ်

http://www.dhammadownload.com

ယောက်က 'ဘဝမြင့်' တဲ့ ရဟန်းသာမဏေကို ကိုယ်ထိလက်ရောက်၊ နှုတ်ထိပါးစပ်ရောက် ပြစ်မှားရင် ပြစ်မှားသူ လူဝတ်ကြောင်ပဲ 'ဘဝနိမ့်' သွားတတ်ပါတယ်။ ပစ္စုပ္ပန်ကောင်းကျိုးပျက်စီးသောအားဖြင့်လည်း ဘဝနိမ့်သွားတတ်သလိုအပါယ်လေးပါး လားရောက်သောအားဖြင့်လည်း ဘဝနိမ့်သွားတတ်ပါတယ်။

ဘဝမြင့်သူအပေါ် ဘဝင်မြင့်မိရင် ကိုယ်ပဲ ဘဝနိမ့်သွားမှာပါ။ 'ဘဝင်မြင့်မိရင်' ဆိုတာက စိတ်ထဲမှာ ဘဝင်မြင့်ရုံသက်သက်ကို ပြောတာ မဟုတ်ပါဘူး။ ဘဝင်မြင့်တဲ့စိတ်ကို အခြေခံပြီး ကိုယ့်ဂုဏ်ကိုယ် ဖော်တာ၊ သူတစ်ပါးကို အထင်သေးအမြင်သေးစကား ပြောတာ၊ ဝေဖန်ပုတ်ခတ်တာ၊ စွပ်စွဲကဲ့ရဲ့တာ၊ ရိုက်နှက်ထိုးကြိတ်တာ၊ ညှဉ်းဆဲသတ်ဖြတ်တာ . . . စသည်အားဖြင့် ဝစီကံမြောက် ပြစ်မှားမှုအားလုံး၊ ကာယကံမြောက် ပြစ်မှားမှုအားလုံးကို ဆိုလိုပါတယ်။

အခု အိမ်ရှေ့မင်းသား သူ့ထက် ဘဝမြင့်တဲ့ အရှင်ပစ္စေကဗုဒ္ဓါကို ဘဝင်မြင့် စော်ကားမိလို့ တစ်ကိုယ်လုံး ပူလောင်၊ ရေတွင်း ရေကန် ရေအိုးတွေ ခန်းခြောက်ပြီး ဘဝနိမ့်နေပြီ မဟုတ်လား။

http://www.dhammadownload.com

## မီးအားပြင်းလေ မြန်မြန်ကျက်လေ

တင်္ခဏာညေဝ ပါပကမ္မံ ပရိပစ္စိ။

ဒီစကားလုံးလေးက အင်မတန် ကောင်းတယ်။ 'တစ်ခဏာချင်းနဲ့ပဲ သူရဲ့ မကောင်းမှုကံဟာ ရင့်ကျက်သွားတယ်' တဲ့။ 'အကုသိုလ်ကံက တစ်ခဏာလေးနဲ့ ကျက်သွားတယ်' တဲ့။ မကောင်းမှုအကျိုးပေးဖို့ ချက်ချင်း အချိန်တန်သွားတယ်ပေါ့။

မကောင်းမှု အကုသိုလ်ဆိုတာ အခုလုပ် အခု အကျိုးပေးဖို့ တော်တော်ခက်တယ်နော်။ အခုလုပ် အခု အကျိုးပေးရင် ဘယ်သူမှ မကောင်းမှုပြုကြမှာ မဟုတ်ဘူး။ အခုလုပ် အခုအကျိုးမပေးလို့ လုပ်ချင်ရာ လုပ်နေကြတာ။

http://www.dhammadownload.com

'တစ်ခဏလေးနဲ့ အကုသိုလ်ကံ ကျက်သွားတယ်'၊ 'အကုသိုလ်ကံ မြန်မြန် ကျက်သွားတယ်' ဆိုတဲ့ စကားကို တရားနာပရိသတ်များ နားလည်အောင် ရှင်းပြရရင် . . .

တရားနာပရိသတ်များ ထမင်းတော့ ချက်ဖူးမှာပေါ့။ မီးအေးအေးနဲ့ပဲ ထမင်းချက်တယ်ဆိုရင် ထမင်းက မြန်မြန်ကျက်ပါ့မလား။ မကျက်ဘူး။ ဒါပေမဲ့ မီးသွေးလေးက လည်း လုံးဝ ပြတ်တောက်သွားတာ မဟုတ်ဘူး။ နည်းနည်း နည်းနည်းနဲ့ ရှိနေတယ်ဆိုရင် တဖြည်းဖြည်းနဲ့ ပူပူပူပူပြီး တော့ ကြာတော့လည်း ထမင်းကျက်သွားတယ်။

ဒါပေမဲ့ မီးအားနည်းတယ်ဆိုတော့ ဖြည်းဖြည်းမှ ကျက်တယ်။ မီးပြင်းပြင်းနဲ့ ချက်လိုက်မယ်ဆိုရင်တော့ တစ်ခဏချင်း မကျက်ဘူးလား။ ပြင်းပြင်းဆိုပေမယ့် ထမင်းကျက်နိုင်လောက်တဲ့ မီးအားကို ဆိုလိုတာပေါ့။ မီးအားကောင်းကောင်းနဲ့ ချက်လိုက်တဲ့အခါကျတော့ မြန်မြန်ကျက်သွားတယ်။ အခုဆိုရင် ကွန်ပျူတာမီးဖိုတွေတောင် ရှိလာပြီ။ ခဏလေးနဲ့ ကျက်သွားတာပဲနော်။

မကောင်းမှုအကုသိုလ်ကံကလည်း ထမင်းလိုပဲ။ အကုသိုလ်စေတနာတွေက ဆန်နဲ့တူတယ်။ အကုသိုလ် အကျုးလွန်ခံရတဲ့ပုဂ္ဂိုလ်က မီးနဲ့ တူတယ်။ မီးအားနည်းရင်

http://www.dhammadownload.com

တဖြည်းဖြည်းမှ ကျက်မယ်။ မီးအားကောင်းရင် မြန်မြန်ကြီး ကျက်မယ်၊ ချက်ချင်း ကျက်မယ်။

ဆိုလိုတာကတော့ ဂုဏ်သိပ်မကြီးတဲ့ပုဂ္ဂိုလ်အပေါ်မှာ အကုသိုလ်ကျူးလွန်တယ်ဆိုရင်တော့ ချက်ချင်း အကျိုးမပေးသေးဘဲ တဖြည်းဖြည်းနဲ့မှ အကျိုးပေးတယ်။ ဂုဏ်ကြီးတဲ့ပုဂ္ဂိုလ်အပေါ်မှာ အကုသိုလ်ကျူးလွန်ရင်တော့ သိပ်မကြာခင် အကျိုးပေးတယ်၊ မြန်မြန်ကြီး အကျိုးပေးတယ်၊ ချက်ချင်း အကျိုးပေးတယ်။

အခု ပြစ်မှားလိုက်တဲ့ပုဂ္ဂိုလ်က အရှင်ပစ္စေကဗုဒ္ဓါဆိုတော့ မီးမပြင်းဘူးလား။ ပြင်းတယ်။ ဘုရားပြီးရင် တစ်လောကလုံးမှာ အမြတ်ဆုံးပုဂ္ဂိုလ်ပဲ။ နာမည်ကိုက ပစ္စေကဗုဒ္ဓါ၊ ဘုရားနော်။ သမ္မာသမ္ဗုဒ္ဓဘုရားတော့ မဟုတ်ဘူး။

ပစ္စေကဗုဒ္ဓါလို မီးအားပြင်းပြင်းကို သွားပြီးတော့ ပြစ်မှားလိုက်တော့ ခဏလေးနဲ့ ကျက်မသွားဘူးလား။ ကျက်သွားတယ်။

ထမင်းချက်တာ ရေကလည်း မပါဘူး။ ဆန်ချည်းပဲကို မီးပြင်းပြင်းမှာ သွားတင်တယ်ဆိုရင်တော့ ထမင်းဖြစ်ပါဦးမလား။ ထမင်းမဖြစ်ဘဲနဲ့ ထည့်ထားတဲ့ဆန်တွေ တစ်ခဏချင်း ကျွမ်းသွားမယ်။ မည်းတူးခြစ်ပြီး ချိုးကပ်သွားမှာ

http://www.dhammadownload.com

ပါ။ ညှော်နံ့တွေ ထွက်လာမှာပဲ။ အခုလည်းပဲ အကုသိုလ် အမှုဆိုတာက ဘယ်တော့မှ ရေမပါဘူး။

သို့သော်လည်းပဲ တချို့ အထိုက်အလျောက် နားလည်တဲ့ပုဂ္ဂိုလ်ကျတော့ အကုသိုလ်လုပ်ရင်းနဲ့ ကုသိုလ်လေးလည်း တွဲပါအောင်လုပ်ရင်း ရေနည်းနည်း ထည့်တာလည်း ရှိချင်ရှိမှာပေါ့။ သူ့ကျတော့ ထမင်းဖြစ်ချင် ဖြစ်မှာပေါ့။

အကုသိုလ်လည်း တစ်ဖက်ကလုပ်၊ ကုသိုလ်လည်း တစ်ဖက်ကလုပ်။ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ပေါ့။ မီးစချည်းပဲ နှစ်ဖက်လုံးကိုင်ထားတာထက်စာရင်တော့ ရေမှုတ်တစ်ဖက် ကိုင်ထားတာက တော်သေးတာပေါ့။ အပူသက်သာအောင် ပြုပြင်လို့ ရတာပေါ့။

ဒုဋ္ဌကုမာရကျတော့ ရေက တစ်ဖက်က မပါ၊ မီးချည်းပဲ။ ဆန်ကို ရေမပါဘဲ ချက်လိုက်သလို ဖြစ်သွားတာဆိုတော့ ချက်ချင်း ကျွမ်းသွားတာပဲ။ တစ်ကိုယ်လုံး အပူလောင်ပြီးတော့ အဝီစိကို ဇောက်ထိုး ကျသွားတယ်။ သဘောပေါက်တယ်နော်။

မီးအားပြင်းရင် မြန်မြန်ကျက်မယ်။ မီးအားနည်းရင် တဖြည်းဖြည်းမှ ကျက်မယ်။ အကုသိုလ်အမှုနဲ့ သွားပြီးတော့ စေတနာဆန်ကို ချက်လိုက်တယ်ဆိုရင်တော့ အကု-

http://www.dhammadownload.com

သိုလ်အကျိုး မြန်မြန်ပေးတယ်။

အကုသိုလ်ဘက်က အကျိုးပေးမြန်သလို ကုသိုလ်ဘက်ကလည်း မီးအားပြင်းရင် ပြင်းသလောက် အကျိုးပေးမြန်ပါတယ်။

ကုသိုလ်စေတနာတွေက ဆန်နဲ့ တူတယ်။ ကုသိုလ်အပြုခံရတဲ့ပုဂ္ဂိုလ်က မီးနဲ့ တူတယ်။ မီးအားနည်းရင် တဖြည်းဖြည်းမှ ကျက်မယ်။ မီးအားကောင်းရင် မြန်မြန်ကျက်မယ်။ ချက်ချင်း ကျက်မယ်။

ဆိုလိုတာကတော့ ဂုဏ်သိပ်မကြီးတဲ့ ပုဂ္ဂိုလ်ထံမှာ ကုသိုလ်ပြုရင် ချက်ချင်းကြီး အကျိုးမပေးဘဲ တဖြည်းဖြည်းမှ အကျိုးပေးတယ်။ ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်ထံမှာ ကုသိုလ်ပြုရင် မြန်မြန် အကျိုးပေးတယ်။ ချက်ချင်း အကျိုးပေးတယ်။

အချိန်ကာလ အနှေးအမြန်သာ ကွာတာ မဟုတ်ပါဘူး။ အကျိုးတရားပမာဏ အနည်းအများ၊ အကြီးအသေးလည်း ကွာပါတယ်။ ဂုဏ်သိပ်မကြီးရင် အကျိုးပေး နည်းတယ်။ ဂုဏ်သိပ်ကြီးရင် အကျိုးပေး များတယ်။ အကုသိုလ်မှာရော၊ ကုသိုလ်မှာရော ဒီအတိုင်း အတူတူပါပဲ။

နိရောဓသမာပတ်က ထပြီးခါစ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ကိုများ သွားလှူရရင် ဆွမ်းလေးတစ်ဇွန်းပဲ

http://www.dhammadownload.com

လောင်းရလောင်းရ၊ ရေလေးတစ်ခွက်ပဲ ကပ်ရကပ်ရ ချက်ချင်း အကျိုးပေးတာပါပဲ။ နှစ်ဆယ့်လေးနာရီ မကျော်ဘူး။ မောင်ပုဏ္ဏတို့၊ မယ်ပုဏ္ဏတို့အကြောင်း ကြားဖူးတယ်နော်။

အရှင်သာရိပုတ္တရာကို မောင်ပုဏ္ဏက မျက်နှာသစ်ရေနဲ့ ဒန်ပူ ကပ်တယ်။ မယ်ပုဏ္ဏက မောင်ပုဏ္ဏအတွက် ယူလာတဲ့ ထမင်းတွေကို ဆွမ်းအဖြစ်နဲ့ ကပ်တယ်။ နာရီတောင် သိပ်မကြာဘူး။ တစ်နာရီ နှစ်နာရီအတွင်းမှာကိုပဲ ထွန်ခြေးခဲတွေ အကုန်လုံး ရွှေဖြစ်ကုန်တယ်။

ဒီဘက်က ဆန်ကလည်း ကောင်းကောင်း၊ ရေကလည်း ဆန်နဲ့ လိုက်ဖက်အောင် ထည့်ထားတယ်။ ဟိုဘက်က မီးကလည်း ကျက်လောက်တဲ့အားလေးနဲ့ ပြင်းပြင်းပေးလိုက်တယ် ဆိုတော့ ခဏလေးနဲ့ မကျက်ဘူးလား။ ကျက်တယ်။ ကွန်ပျူတာနဲ့ ချိန်ထားတာဆိုတော့ မြန်မြန်တောင် ကျက်သေးတယ်။

အခုဒီမှာလည်းပဲ ဒီလိုပဲ။ ကုသိုလ်စေတနာဆိုတဲ့ ဆန်ကို ချက်လိုက်တာ၊ သဒ္ဓါမေတ္တာဆိုတဲ့ ရေတွေကလည်း အပြည့်၊ အလှူခံပုဂ္ဂိုလ် ဆိုတဲ့ မီးအားကလည်း ပြင်းတော့ ချက်ချင်း ကျက်ပြီး ချက်ချင်း အကျိုးပေးတာပဲ။

'တခ်ဏာယေဝ ပါပကမ္မံ ပရိပစ္စိ' ဆိုတဲ့ စကားရပ်

http://www.dhammadownload.com

လေးကို ခဲ့ထွင်ခံစားမယ်ဆိုရင် အင်မတန် အရသာရှိပါတယ်။ ကံ - ကံရဲ့အကျိုးကိုလည်း နားလည်သဘောပေါက်သွားနိုင်ပါတယ်။ ချက်ချင်း အကျိုးမပေးသေးတဲ့ ကံတရားတွေ အပေါ်မှာလည်း အမြင် ကြည်လင်သွားနိုင်ပါတယ်။ တချို့ အကုသိုလ်သမားတွေ ချက်ချင်း အကျိုးမပေးသေးတာ မီးအားနည်းနေသေးလို့ ဖြစ်ပါလိမ့်မယ်။

အဲဒါနဲ့ ရှင်ဘုရင်ကြီးကလည်း သူ့သား ဆုံးသွားတယ်ဆိုတော့ သောကတွေ အကြီးအကျယ် ဖြစ်တာပေ့ါ။ စိတ်တွေ ပူလောင်၊ စိတ်တွေ ပင်ပန်းဆင်းရဲရတာပေ့ါ။

'အခုလို စိတ်ပူလောင် ပင်ပန်း ဆင်းရဲရတာဟာ သားကို ချစ်တဲ့စိတ်ကြောင့် ဖြစ်ရတာပဲ။ ချစ်ခြင်းဆိုတဲ့ အကြောင်းကြောင့် အခုလို သောက ဖြစ်တာပဲ။ ချစ်ခြင်းသာ မရှိဘူးဆိုရင် အခုလို သောကတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဒီနေ့ဒီအချိန်က စပြီးတော့ ရဟန္တာ မဖြစ်မချင်း ဘယ်သူ့ကိုမှ ငါမချစ်ချင်တော့ဘူး'

မြေမှုန်လေးတွေ လက်နဲ့ဆုပ်၊ မျက်နှာပွတ်သပ်ပြီးတော့ ဘယ်လိုအဓိဋ္ဌာန်ပြုလိုက်သလဲဆိုတော့ . . .

'ဒီနေ့ ဒီအချိန်က စပြီးတော့ ရဟန္တာမဖြစ်မချင်း သက်ရှိ သက်မဲ့ ဘယ်အရာကိုမှ မချစ်တတ်တဲ့သူ ဖြစ်ရပါ

http://www.dhammadownload.com

စေ'

တရားနာ ပရိသတ်များ အဲဒီလို မချစ်တတ်တဲ့သူ မဖြစ်ချင်ဘူးလား။ အသံတိုးတယ်။ ချစ်ရမှ နေပျော်မှာလား။ ချစ်ရမှ နေပျော်တဲ့ပုဂ္ဂိုလ်တွေဆိုတော့ မချစ်ရရင် မနေနိုင်ကြဘူးပေါ့။

ကဲ . . . အဲဒီလို ကျိန်စာဆိုနိုင်မလား မသိဘူး။ ည ဒီက အိမ်ပြန်သွားရင် အိမ်ခြံဝင်းထဲက သဲတွေယူ၊ မျက်နှာပွတ်၊ ပြီးတော့ ဆိုလိုက်။

ဘဝတိုင်းမှာ၊ စွဲလမ်းကာ၊ ချစ်တာကင်းပါရစေ။

'ဘဝတိုင်းမှာ၊ စွဲလမ်းကာ၊ ချစ်တာကင်းပါရစေ' ဆိုတဲ့ အဓိဋ္ဌာန်က ဦးဇင်းတိုင်ပေးမှ ပါးစပ်ကနေ ဆိုရမှာလား။ ကိုယ့်ဘာသာကိုယ် ရင်ထဲကနေ ဆိုရမှာလား။ ကိုယ့်ဘာသာကိုယ် ရင်ထဲကနေ ဆိုရမှာ။ အိမ်ရောက်ရင် တကယ်ရော ဆိုမှာလား။ မနက်ဖြန် ဦးဇင်းဆီလာခဲ့။ မျက်နှာမှာ မြေမှုန့်ရှိလား ကြည့်မယ်။ မြေမှုန့် လက်နဲ့ကိုင်၊ မျက်နှာပွတ်ပြီးတော့ အဓိဋ္ဌာန်ပြုရမှာနော်။

မချစ်တတ်တဲ့သူ ဖြစ်ချင်တာရယ်၊ ဖြစ်ချင်တဲ့အတိုင်း အဓိဋ္ဌာန်ပြုလိုက်လို့ မချစ်တတ်တဲ့သူ ဖြစ်နေတာရယ်၊ ဘယ်လောက်များ ကြည်ညိုစရာကောင်းထားလဲ။ အကြမ်း

http://www.dhammadownload.com

ဖျင်းလေး သိရတာကိုက စိတ်ထဲမှာ အေးချမ်းလိုက်တာ။

'ချစ်' ဆိုတဲ့ စကားလုံး မြင်တာနဲ့ ကဲ့ရဲ့ဖို့ ချောင်းနေတဲ့ အဆိုးမြင်ဝါဒီ ပုတ်ခတ်ရေးသမားတွေအတွက်ကတော့ ဒီလို စိတ်အေးချမ်းမှုအရသာ ခံစားခွင့်ရမှာ မဟုတ်ပါဘူး။

အတွင်းက လေးနက်တဲ့ အဓိပ္ပာယ်ကို သိအောင်မကြိုးစားဘဲ အပေါ်ယံ စကားလုံးလောက်ကိုပဲ ရိပ်ဖမ်းသံဖမ်းနဲ့ အပြစ်ရှာနေရင်တော့ မြတ်စွာဘုရားတိုက်ကျွေးတဲ့ တရားအရသာနဲ့ အဝေးကြီးဝေးနေမှာ သေချာပါတယ်။

■

http://www.dhammadownload.com

## မေတ္တာခိုင်မှ ဒေါသနိုင်မယ်

နောက်ဆုံး ဘာပဲ ကျန်တော့တုံး။ မမုန်းတတ်တဲ့သူ။ ဟဲ့ . . . . . နင် ဘာဖြစ်လို့ မမုန်းတတ်တာလဲ။ နင် မင်းဖြစ်ပြန်ပြီလား။ ဒီတစ်ခါတော့ မင်းမဖြစ်တော့ပါဘူး။

မမုန်းတတ်တဲ့သူ ဖြစ်ရတာကတော့ ဟိုတုန်းက ကျွန်ုပ်က အရက ဆိုတဲ့နာမည်နဲ့ ရသေ့ကြီး ဖြစ်ခဲ့ဖူးပါတယ်။ သူတော်စင်ရသေ့ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ခုနစ်နှစ်တိုင်တိုင် မေတ္တာဘာဝနာပွားခဲ့ဖူးပါတယ်။ ဈာန်ရတဲ့အထိ ပေါ့လေ။

ခုနစ်နှစ်တိုင်တိုင် မေတ္တာဘာဝနာ ပွားများခဲ့တဲ့အတွက် ခုနစ်ကမ္ဘာလုံးလုံး ဗြဟ္မာ့ပြည်မှာ ကျင်လည်ခဲ့ရပါ

http://www.dhammadownload.com

တယ်။ ခုနစ်နှစ်လုံးလုံး မေတ္တာဘာဝနာပွားများရတဲ့အရှိန်၊ ပြဟ္မာ့ပြည်မှာ မေတ္တာစျာန်နဲ့ပဲ ခုနစ်ကမ္ဘာလုံးလုံး နေရတဲ့ အရှိန်တွေကြောင့် အခု လူဖြစ်တဲ့အခါမှာ ဒေါသကင်းတဲ့သူ၊ ဘာအကြောင်းကြောင့်မှ ဒေါသမထွက်တတ်တဲ့သူ ဖြစ်ရပါ တယ်။

ဒေါသကင်းတာကတော့ ဘာကြောင့်တုံး။ မေတ္တာ ပွားလို့။ မေတ္တာဘာဝနာ အားကောင်းလို့မေတ္တာစာတ် အား ကြီးလာပြီဆိုရင် ဒေါသမကြီးတော့ပါဘူး။ ဒေါသကြီးတာ ဟာ မေတ္တာအားနည်းလို့လား၊ မေတ္တာအားကောင်းလို့လား။ မေတ္တာအားနည်းလို့နော်။

ဒါဖြင့် . . . မမုန်းတတ်တဲ့သူ ဖြစ်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ။ မေတ္တာဘာဝနာ ပွားများရမယ်။ မေတ္တာ ဘာဝနာသာ ပွားများနေရင် 'ဒေါသကင်းတဲ့သူ၊ မမုန်းတတ် တဲ့သူ ဖြစ်ပါရစေ' လို့ ဆုတောင်းစရာ လိုသေးလား။ မလို တော့ဘူး။

ရှေ့အင်္ဂါသုံးချက်က အဓိဋ္ဌာန်ပြု ဆုတောင်းလို့ ပြည့်စုံတာ၊ ဒီနောက်ဆုံးအင်္ဂါက မေတ္တာပွားလို့ ပြည့်စုံတာ၊ အဓိဋ္ဌာန်ပြု ဆုတောင်းတာ မပါဘူးနော်။

မပါပေမယ့် အဓိဋ္ဌာန်ပြုပြီး ဆုလည်းပဲ တောင်း

http://www.dhammadownload.com

တယ်ဆိုရင် ပိုမကောင်းဘူးလား။ ဒေါသကင်းချင်တဲ့ စိတ်လေး အမြစ်တွယ် နိုင်မာဖို့အတွက် အမိန့်ဒှာန်လေးလည်း ပြုလိုက်တာပေါ့။ မြေမှုန်လေး လက်ထဲထည့်။ မျက်နှာလေး ပွတ်။ ဒါပေမဲ့ ပွတ်ရုံနဲ့တော့ မရဘူးနော်။ တကယ်မေတ္တာ ပွားမှ ရမှာ။

ဘဝတိုင်းမှာ၊ စူးနစ်ကာ၊ မုန်းတာကင်းပါရစေ။

အပေါ်ယံသာမန် ခပ်ပါးပါးလေး ဒေါသဖြစ်တာမျိုး မဟုတ်ဘဲ စူးစူးနစ်နစ် စွဲစွဲမြဲမြဲကြီး ဒေါသဖြစ်တာမျိုး မဖြစ်ပါရစေနဲ့။ စွဲစွဲမြဲမြဲမှတော့ မဟုတ်ဘူး။ ဒေါသမှန်သမျှကတော့ ခပ်ပါးပါးလေး မဖြစ်လည်း ကောင်းတာပေါ့။ ဒါပေမဲ့ ပုထုဇဉ်သဘာဝ လုံးဝ မဖြစ်ဘဲတော့ နေပါ့မလား။ မနေပါဘူး။

'မချစ်တတ်၊ မမုန်းတတ်၊ မမဲ့တတ်၊ မသောက်တတ်' ဆိုတဲ့ အင်္ဂါလေးမျိုး၊ စွမ်းရည်လေးရပ်ထဲမှာမသောက်တတ်တာကတော့ လုံးဝကို ကင်းနိုင်ပါတယ်။ မမဲ့တတ်တာကလည်း လုံးဝ ကင်းနိုင်ပါတယ်။ မချစ်တတ်၊ မမုန်းတတ်တာကတော့ လုံးဝကြီး ကင်းဖို့မလွယ်ဘူးနော်။ ခပ်ပါးပါးလေးတော့ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ စွဲစွဲလမ်းလမ်း၊ စူးစူးနစ်နစ်တော့ မဖြစ်ဘူး။

http://www.dhammadownload.com

ပုထုဇဉ်သဘာဝ ချစ်တဲ့အခါချစ်၊ မုန်းတဲ့အခါ မုန်း ပေမယ့် စွဲစွဲလမ်းလမ်း မချစ်ဘူး၊ စူးစူးနစ်နစ် မမုန်းဘူး ဆိုရင် ကိုပဲ စိတ်ပူလောင်မှု သက်သာပြီး အတော့်ကို အေးချမ်းနေ ပါပြီ။

ချစ်စိတ်ပေါ်လာရင် သဒ္ဓါ၊ မေတ္တာဘက် ဦးလှည့် ပေးလိုက်၊ တဏှာပါးပြီး စိတ်အေးချမ်းသွားလိမ့်မယ်။ မုန်း စိတ်ပေါ်လာရင် သတိ၊ ဉာဏ်ဘက် ဦးလှည့်ပေးလိုက်၊ ဒေါသပါးပြီး စိတ်အေးချမ်းသွားလိမ့်မယ်။

ဒါဖြင့်ရင် ဒေါသ မထွက်တတ်တဲ့သူ၊ စိတ်မဆိုး၊ စိတ်မကောက်၊ စိတ်မညစ်၊ စိတ်မပျက်တတ်တဲ့သူ ဖြစ်ချင် တယ်ဆိုရင် မေတ္တာဘာဝနာ များများပွားရမယ်။ တစ်နည်း ပြောရင်တော့ မေတ္တာများများရှိအောင် ကြိုးစားရမယ်။

မေတ္တာပွားရမယ်လို့ ပြောလိုက်တော့ သတ္တဝါအား လုံး ကျန်းမာချမ်းသာကြပါစေ။ ဒီလိုချည်းပဲ ပို့နေရမယ်လို့ ထင်နေဦးမယ်။

မေတ္တာက ထားမေတ္တာရယ်၊ ပွားမေတ္တာရယ် လို့ နှစ်မျိုးရှိပါတယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ စသည်အား ဖြင့် ပွားတာကတော့ ပွားမေတ္တာပေါ့။ ဒါ အားလုံးသိပြီးသား ပါ။

http://www.dhammadownload.com

ထားမေတ္တာ ဆိုတာက ကိုယ်နဲ့လည်း သူတစ်ပါး စိတ်ချမ်းသာမယ့်အလုပ်၊ သူတစ်ပါးအကျိုးရှိမယ့်အလုပ်ကို လုပ်တယ်။ နှုတ်နဲ့လည်း သူတစ်ပါး စိတ်ချမ်းသာမယ့်စကား၊ သူတစ်ပါး အကျိုးရှိမယ့်စကားကို ပြောတယ်။ သူတစ်ပါး အကျိုးရှိရာရှိကြောင်းတွေကိုပဲ ပြောဆိုလုပ်ကိုင်တာကို ထား မေတ္တာ လို့ ခေါ်တယ်။ မေတ္တာထားတာပေါ့နော်။

ထားမေတ္တာကလည်း ပွားမေတ္တာကို အများကြီး အထောက်အကူပြုတယ်။ ပွားမေတ္တာကလည်း ထားမေတ္တာကို အများကြီး အထောက်အကူပြုတယ်။ မေတ္တာအားကြီးတဲ့သူ ဖြစ်ချင်ရင် ထားမေတ္တာလည်း ရှိရမယ်၊ ပွားမေတ္တာလည်း ရှိရမယ်။

ပွားမေတ္တာဆိုတဲ့နေရာမှာလည်း ဘာဝနာမှန်သမျှ စိတ်အလုပ်ဖြစ်လို့ စိတ်နဲ့ ပွားဖို့ အဓိကပဲ။ သွားရင်းလာရင်း စားရင်းသောက်ရင်း၊ လုပ်ရင်းကိုင်ရင်း နေ့စဉ်တိုင်းနေ့စဉ်တိုင်းမှာ မေတ္တာပွားရမှာပဲ။

ခဏခဏလည်း ဟောနေကျပါ။ မျက်နှာသစ်တဲ့အချိန်၊ ရေချိုးတဲ့အချိန်၊ ခန္ဓာကိုယ်နဲ့ ရေထိတော့ အေးသွားတယ်။ အေးတာလေးကို သက်သေပြုပြီးတော့ မျက်နှာသစ်တိုင်း၊ ရေချိုးတိုင်း မေတ္တာပို့ရမယ်။ မေတ္တာပွားရမယ်။

http://www.dhammadownload.com

'သတ္တဝါအားလုံး ဤရေကဲ့သို့ အေးချမ်းကြပါစေ။ ကိုယ်ရောစိတ်ပါ အေးချမ်းကြပါစေ။ အစစအရာရာအဆင်ပြေပြီးတော့ အေးချမ်းကြပါစေ။ ဘေးရန် အန္တရာယ်တွေကင်းရှင်းပြီးတော့ အေးချမ်းကြပါစေ။ အနာရောဂါတွေကင်းရှင်းပြီးတော့ အေးချမ်းကြပါစေ' စသည်အားဖြင့် 'အေးချမ်း' ဆိုတဲ့စကားလုံးလေးကို မူသေကိုင်ပြီးတော့ မေတ္တာတွေ စုံအောင်ပို့လို့ မရဘူးလား။ ရတယ်။ ပို့ရော ပို့ဖြစ်ရဲ့လား။

ကိုယ့်ခန္ဓာနဲ့ ရေနဲ့ထိတိုင်း မေတ္တာဘာဝနာလေးကို သတိရပါ။ ရေသောက်တော့လည်း လည်ပင်းထဲမှာ အေးသွားတာပါပဲ။ အေးတဲ့ အထိအတွေ့လေးကို သေသေချာချာ ခံစားပြီး မေတ္တာပွားလိုက်ပါ။ အချိန်မှန်သမျှ တစ်စက္ကန့်လေးတောင် အလွတ်မပေးပါနဲ့။ ဗုဒ္ဓမြတ်စွာသာသနာနဲ့ ကြုံတွေ့နေတဲ့အချိန်မှာ ဖြုန်းပစ်ရမယ့်အချိန် လုံးဝ မရှိဘူး။

ပွားမေတ္တာနဲ့လည်း သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း အမြဲတမ်း မေတ္တာပွားပါ။ ထားမေတ္တာနဲ့လည်း ကာယကံမြောက်၊ ဝစီကံမြောက်၊ ကိုယ်ထိလက်ရောက်၊ နှုတ်ထိပါးစပ်ရောက် မေတ္တာထားပါ။ ပွားမေတ္တာရော၊ ထားမေတ္တာရော ပြည့်စုံမှ မေတ္တာဓာတ်တွေ အားကောင်းပြီး ကိုယ့်စိတ်

http://www.dhammadownload.com

မှာ ဒေါသတွေ ကင်းမှာပါ။

ဒေါသကင်းတယ် ဆိုတော့ ဒေါသရဲ့ ဆန့်ကျင်ဘက်က အဒေါသပေါ့။ အဒေါသဆိုတာ ဒေါသ မရှိတာ။ ဒါပေမဲ့ ဒေါသမရှိရုံသက်သက်နဲ့လည်း မေတ္တာရှိတယ်လို့ ပြောလို့မရသေးဘူး။ ဒေါသမရှိတဲ့ အဒေါသအပေါ် မှာမှ 'ဟိတကာမစိတ်' လို့ခေါ်တဲ့ သူတစ်ပါးရဲ့ အကျိုးစီးပွားကို လိုလားတဲ့စိတ်ကလေးလည်း ထပ်ဆင့်ပေးရသေးတယ်။

■

http://www.dhammadownload.com

## ခန္တီကြမ်းခင်းကွန်ကရစ်ခင်းပါ

ဒေါသမထွက်ရုံသက်သက်နဲ့ကို မေတ္တာလို့ မခေါ်သေးဘူး။ ဒေါသမထွက်ရုံမကဘဲနဲ့ ဘယ်သူ့အကျိုး ဘယ်လိုဆောင်ပေးရမလဲဆိုတာကို စဉ်းစားနေတာ၊ တကယ်လည်းပဲ အကျိုးဆောင်ပေးတာကမှ မေတ္တာ။ ဒါပေမဲ့ ဒေါသကင်းတဲ့ စိတ်ကလေး မရှိဘဲနဲ့လည်း မေတ္တာပေါက်ဖွားနိုင်ပါ့မလား။ မပေါက်ဖွားနိုင်ဘူး။ ဒါ့ကြောင့် မေတ္တာရဲ့ အမာခံက ဒေါသကင်းခြင်း၊ ဒေါသမရှိခြင်း ဆိုတဲ့ ခန္တီပဲ။

သည်းခံခြင်းဆိုတဲ့ ခန္တီအမာခံရှိမှ . . . မေတ္တာအဆောက်အအုံ ကြီးမား ထည်ဝါနိုင်ပါတယ်။ ခန္တီ ဆိုတာ သည်းခံတာပဲပေါ့။ သက်ရှိသက်မဲ့အာရုံတွေနဲ့ ပတ်သက်လို့

http://www.dhammadownload.com

ကိုယ်မလိုလားတဲ့ အခြေအနေဆိုးတွေနဲ့ပတ်သက်လို့ ဒေါသမထွက်ရုံသက်သက်ကတော့ ခန္တီပဲ။

ဒေါသမထွက်ဘဲ စိတ်ကလေး ပုံမှန်အတိုင်းဖြစ်နေတာ၊ အဒေါသလေး ဖြစ်နေတာကျတော့ ခန္တီ။ ဒေါသမထွက်တာကို အခြေခံပြီးတော့ အဲဒီလောက်နဲ့တွင် ရပ်မနေဘဲနဲ့ အကျိုးဆောင်ပေးတဲ့အထိ သွားတာကျမှ မေတ္တာ။

အဲဒီတော့ အဒေါသဆိုတဲ့ ခန္တီအမာခံလေး ရှိဖို့ လိုတယ်နော်။ ခန္တီ ဆိုတဲ့အတိုင်း ခံစရာရှိတာ ခံရမှာပဲ။ ဒါပေမဲ့ တည်တည်လေး ခံရမှာ။ တည်တည်လေးခံတာကို ခန္တီ (ခံတည်) လို့ခေါ်တာနော်။ ခံတော့ ခံရမှာပဲ မဟုတ်ဘူးလား။ ဘာတွေ ခံနေရတာတုံး။ ခံနေရတာကို တည်တည်လေး ခံနိုင်ရင် ခန္တီရှိတယ် လို့ ခေါ်တာပဲ။

ခန္တီအမာခံရှိရင် ပြင်ပက သက်ရှိသက်မဲ့ အခြေအနေဆိုးတွေရဲ့ ရိုက်ခတ်မှုဒဏ်ကို မခံရတော့ဘူး။

အိမ်တို့၊ ကျောင်းတို့ ဆောက်တဲ့အခါ နှစ်ထပ်တို့၊ သုံးထပ်တို့ဆောက်တော့ အထပ်ကြမ်းခင်းတွေကို တချို့က ဆလက်လောင်းပြီးတော့၊ ကွန်ကရစ်လောင်းပြီးတော့ လုပ်တာလည်း ရှိတယ်။ တချို့ကျတော့ ဆလက်မလောင်းတော့ဘဲနဲ့ သစ်သားတန်းထိုးပြီးတော့ လျှာထိုးပျဉ်ခင်းနဲ့ လုပ်တာ

http://www.dhammadownload.com

လည်း ရှိတယ်။

ပျဉ်အခင်း ခင်းထားတဲ့အိမ်ရယ်၊ ကွန်ကရစ်အခင်း ခင်းထားတဲ့အိမ်ရယ် အိမ်နှစ်အိမ်ရှိတယ်။ ပျဉ်အခင်း ခင်းထားတဲ့အိမ်ကျတော့ . . . အောက်ထပ်က အော်တာလည်း အပေါ်ထပ်က ကြားရ၊ အပေါ်ထပ်က ပြောတာလည်း . . အောက်ထပ်က ကြားရ၊ အပေါ်ထပ်က ခြေသံတွေလည်း အောက်ထပ်က ကြားရ။ အသံ မလုံဘူး။

တိတ်ဆိတ်တဲ့နေရာမှာ ဆောက်ထားတဲ့အိမ်မို့လို့ ပြင်ပက အသံတွေတော့ လုံချင်လုံမယ်။ ကိုယ့်အိမ်ထဲက အသံတွေကတော့ လုံးဝမလုံဘူး။ ဘာလို့လဲ။ အသံကို ခုခံကာကွယ်နိုင်တဲ့ အမာခံအခင်း မဟုတ်လို့။ အလွယ်ပြောတော့ ကွန်ကရစ်အခင်း မဟုတ်လို့၊ ပျဉ်အခင်းဖြစ်နေလို့ပေါ့။

သဘောပေါက်တယ်နော်။ အမာခံ မခိုင်မာတဲ့ ပျဉ်အခင်းဟာ အသံအနှောင့်အယှက် ရှိပါတယ်။

ကွန်ကရစ်ခင်းထားတယ်ဆိုရင်တော့ အပေါ်ထပ်က ခြေသံပြင်းပြင်းနဲ့ သွားတောင်မှ မကြားရဘူး။ ဒါပေမဲ့ ကွန်ကရစ်ပါးလို့ရှိရင်တော့ အပေါ်ထပ်က ဇရုတ်သီးထောင်းတာ အောက်ထပ်က ကြားရတယ်။ အောက်ထပ်က ဇရုတ်

http://www.dhammadownload.com

သီးထောင်းတာလည်း အပေါ်ထပ်က ကြားရတယ်။ ရှိလား။ ဪ . . . ရှိတယ်။

ကွန်ကရစ်အခင်းတောင်မှ ပါးနေလို့ရှိရင်တော့ အသံ မလုံဘူး။ ထူနေအောင် မာနေအောင်၊ ခိုင်ခိုင်ခံ့ခံ့ လောင်းထားတယ်ဆိုရင်တော့ အသံလုံတယ်။

ခန္တီဆိုတာ အိမ်တစ်လုံး၊ ကျောင်းတစ်ဆောင်ရဲ့ ကြမ်းခင်းလေးနဲ့ တူပါတယ်။ ခန္တီအားနည်းလို့ရှိရင်တော့ သစ်သားလျှာထိုး ခင်းထားတာနဲ့ တူပါတယ်။ ပြင်ပက လာဘ်မရခြင်းဆိုတဲ့ အသံတွေလည်း နှောင့်ယှက်တယ်။ အခြံအရံ နည်းခြင်း၊ အကျော်စော မဲ့ခြင်းဆိုတဲ့ အသံတွေ လည်း နှောင့်ယှက်တယ်။ အပြစ်ပြောခြင်း၊ ကဲ့ရဲ့ခြင်း ဆိုတဲ့ အသံတွေလည်း နှောင့်ယှက်တယ်။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲ ခြင်းဆိုတဲ့ အသံတွေလည်း နှောင့်ယှက်တယ်။ အဆိုး လော ကဓံတွေနဲ့ ကြုံပြီဆိုရင် တုန်လှုပ်တော့တာပဲ။ ကိုယ့်စိတ် ခန္တီက ပျဉ်ကြမ်းခင်းဖြစ်နေတာကိုး နော်။

ကိုယ့်စိတ် ခန္တီက ကွန်ကရစ်ကြမ်းခင်းကြီး ဖြစ်မယ် ဆိုရင်တော့ အပြင်က ဘယ်လောက် ကဲ့ရဲ့ကဲ့ရဲ့ အထူး တလည် ဘာမှ နှလုံးသွင်းမနေရဘူး။ အေးအေးဆေးဆေး ပဲ။ လူငယ်တွေ ပြောသလိုဆိုရင်တော့ အေးဆေးပဲ။ ဟုတ်

http://www.dhammadownload.com

တယ် မဟုတ်လား။

အထူးတလည် နှလုံးသွင်းနေတာကို မဟုတ်ဘူး။ သူ့အလိုလို ဖြစ်နေတာနော်။ အထူးတလည် ကြံဖန်နှလုံး သွင်းပြီးတော့မှ သည်းခံနိုင်တာ ကြိုက်လား၊ အလိုလို သည်း ခံနိုင်တာ ကြိုက်လား။ အလိုလို သည်းခံနိုင်တာ အကောင်း ဆုံးပေါ့။

တကယ်တမ်းကျတော့ အလိုလို သည်းခံနိုင်တဲ့ ခန္တီ ဓာတ်တွေ အားကောင်းမှသာ ဖြစ်လာတဲ့အခြေအနေပေါ် မှာ သင့်တော်သလို နှလုံးသွင်းလိုက်တာလေးက သည်းခံဖြစ် အောင် အထောက်အကူပြုတာပါ။

ပင်ကိုဓာတ်ခံကိုက ခန္တီမရှိဘူးဆိုရင်တော့ စာထဲ ပါတာတွေ၊ သူများနှလုံးသွင်းတာ ကြားဖူးနားဝတွေ၊ ကြံဖန် ပြီးတော့ ဘယ်လိုနှလုံးသွင်းသွင်း သည်းခံလို့ကို မရဘူး။ ဒေါသက ငြိမ်းကို မငြိမ်းဘူးနော်။

အမျိုးမျိုးလှည့်ပတ်ပြီးတော့ ကောင်းတဲ့ဘက်ကနေ ဘယ်လိုတွေးတွေး၊ အလိုလို သည်းခံနိုင်တဲ့ ပင်ကို ခန္တီဓာတ် ခံ အားနည်းရင် သည်းမခံနိုင်ပါဘူး။ ဒေါသ မပျောက်ပါဘူး။

ဘာလို့လဲဆိုတော့ ခန္တီက ပျဉ်ကြမ်းခင်း ဖြစ်နေလို့၊ သစ်သားအခင်း ဖြစ်နေလို့။

http://www.dhammadownload.com

သံကူဘိလပ်မြေကြမ်းခင်း၊ ကွန်ကရစ်အခင်း ခင်းထားသလိုမျိုး အလိုလိုသည်းခံနိုင်တဲ့ ပင်ကိုခန္တီဓာတ်ခံ အားကောင်းတယ် ဆိုရင်တော့ အဲဒီ အဆိုးလောကဓံတွေ၊ အဆိုးအဖြစ်အပျက်တွေ၊ အဆိုးအခြေအနေတွေအပေါ်မှာ တုန်လှုပ်ပါဦးမလား။ မတုန်လှုပ်တော့ဘူး။ အလွယ်တကူ သည်းခံနိုင်တယ်။ အလွယ်တကူ ဒေါသပျောက်တယ်။

ခန္တီအမာခံ အားကောင်းရင် ကောင်းတဲ့ဘက်ကနေ အမျိုးမျိုး လှည့်ပတ်ပြီးတော့ အထူးတလည် စဉ်းစားဖြစ်ရင်လည်း ပင်ပင်ပန်းပန်းနဲ့ အချက်အလက်များများ စဉ်းစားနေစရာ မလိုပါဘူး။ ပေါ့ပေါ့ပါးပါး အချက်အလက်တစ်ခုလောက် အကြမ်းဖျင်း စဉ်းစားလိုက်ရင်ကို လုံလောက်သွားပါတယ်။ အကြမ်းဖျင်းဆိုပေမယ့် လေးနက်တဲ့ သဘောတရား ဖြစ်နေတာပါ။

အမှန်ကတော့ စဉ်းစားလိုက်လို့ သည်းခံနိုင်သွားတာ မဟုတ်ပါဘူး။ သည်းခံနိုင်လို့ကို စဉ်းစားမိသွားတာပါ။ အကောင်းဘက် လှည့်တွေးလိုက်လို့ သည်းခံနိုင်သွားတာ မဟုတ်ပါဘူး။ သည်းခံနိုင်လို့ကို အကောင်းဘက် လှည့်တွေးမိသွားတာပါ။

ဒါဖြင့်ရင် ကိုယ့်ရဲ့ ခန္တီအမာခံကြမ်းခင်းကို ကွန်က

http://www.dhammadownload.com

ရစ်အခင်းဖြစ်အောင် ကြိုးစားရမယ်။ သဘောပေါက်ပါတယ်နော်။ ဒါက ခန္တီနဲ့ မေတ္တာ။ ခုနစ်နှစ်လုံး မေတ္တာပွားလို့ ဒေါသမဖြစ်ဘူးဆိုပေမယ့် မေတ္တာတစ်ခုတည်းကြောင့်လို့ သိရမှာ မဟုတ်ဘူး။ ခန္တီရယ် မေတ္တာရယ် နှစ်ခုလုံး အားကောင်းအောင်လုပ်ထားလို့ ဒေါသ မထွက်တာလို့ သိရမယ်။

■

http://www.dhammadownload.com

ဝင်းဒိုးတိုက်ပ်မေတ္တာ နှင့် စပလစ်တိုက်ပ်မေတ္တာ

မေတ္တာနဲ့ ပတ်သက်လို့လည်း နည်းနည်းလေးတော့ ပြောလိုက်ဦးမယ်။ အဲယားကွန်းတွေတော့ သုံးဖူးတယ် မဟုတ်လား။ အဲယားကွန်းမှာ ပုံစံနှစ်မျိုး၊ တိုက်ပ်နှစ်မျိုး ရှိတယ်လေ။ ဝင်းဒိုးတိုက်ပ်ရယ်၊ စပလစ်တိုက်ပ်ရယ်။

ဝင်းဒိုးတိုက်ပ်ရော၊ စပလစ်တိုက်ပ်ရော အခန်းကို အေးစေတာပါပဲ။ ဒါပေမဲ့ ဘာကွာတုံး။ ဝင်းဒိုးတိုက်ပ်က အသံဆူတယ်။ စပလစ်တိုက်က အသံငြိမ်တယ်။

အအေးဓာတ်ရတာချင်း တူပေမယ့် ဝင်းဒိုးတိုက်ပ်က အသံဆူလို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်။ စပလစ်တိုက်ပ်က အသံငြိမ်လို့ စိတ်အနှောင့်အယှက် မဖြစ်ရဘူး။

http://www.dhammadownload.com

စိတ်ချမ်းသာရတယ်။

ဆူညံတဲ့ အအေးဓာတ်ရယ်၊ ငြိမ်သက်တဲ့အအေး ဓာတ်ရယ် လို့ အဲယားကွန်းရဲ့ အအေးဓာတ်နှစ်မျိုး ရှိပါ တယ်။

ဝင်းဒိုးတိုက်ပ် အဲယားကွန်းနဲ့ စပလစ်တိုက်ပ် အဲ ယားကွန်း လို့ အဲယားကွန်းနှစ်မျိုးရှိသလို မေတ္တာကလည်း နှစ်မျိုးရှိပါတယ်။ ဝင်းဒိုးတိုက်ပ် မေတ္တာနဲ့၊ စပလစ်တိုက်ပ် မေတ္တာလို့ နှစ်မျိုးရှိပါတယ်။ မြန်မာမှု ပြုပြီးပြောရင်တော့ ဆူညံမေတ္တာနဲ့ ငြိမ်သက်မေတ္တာပေါ့။

တချို့က မေတ္တာတွေ ရှိတော့ ရှိပါတယ်။ ဒါပေမဲ့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်။ ဘယ်လိုဘယ်ညာ။ ငါ့ စေတ နာကို နားမလည်ဘူး။ ငါမရှိရင် နင်တို့ ဒုက္ခရောက်မယ်။ ဒါလေးတောင် နားမလည်ဘူးလား၊ ဒီလောက်တောင် သ ဘောမပေါက်ဘူးလား၊ နင်တို့ကို ငါ ဘာမှ မပြောချင်တော့ ဘူး၊ နင်တို့ ကြိုက်သလိုသာ လုပ်ကြတော့ စသည်အားဖြင့် အမြဲတမ်း ပူပူဆူဆူ လုပ်တတ်တယ်။

ကိုယ်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ အ ပေါ် မှာ မေတ္တာမရှိဘူး မဟုတ်ဘူး။ ရှိတယ်။ ဒါပေမဲ့ ပူညံ ပူညံ၊ ပွစိပွစိ၊ ဗျစ်တီးဗျစ်တောက်၊ မဲ့တီးမဲ့တဲ့။ ကြိမ်းကြိမ်း

http://www.dhammadownload.com

မောင်းမောင်း၊ ထောင်းထောင်းထုထု။ ဆူလိုက်ဟောက်လိုက်၊ ငေါက်လိုက်ငန်းလိုက်။ အဲဒီလို ဆူဆူညံညံ မေတ္တာမျိုးကျတော့ ဘာမေတ္တာတုံး။ ဝင်းဒိုးတိုက်ပ်မေတ္တာ။

မေတ္တာဆိုတဲ့အတွက် အေးတော့အေးတယ်နော်။ ဒါပေမဲ့ ဆူဆူညံညံလေးနဲ့ အေးတာ။ ဆူဆူညံညံလေးလား၊ ဆူဆူညံညံကြီးလား။ တချို့လည်း ဆူဆူညံညံကြီး ဖြစ်မယ်ထင်တယ်။ စက်ပျက်နေရင်တော့ ပိုဆူမှာပေါ့နော်။ မီးစက်မောင်းထားသလိုပဲ။

ခုန စပလစ်တိုက်ပ်မေတ္တာကျတော့ ငြိမ်ငြိမ်သက်သက်ကလေး။ ကိုယ်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ပုဂ္ဂိုလ်တွေကို ဘယ်တော့မှ ဆူဆူပူပူ မလုပ်ဘူး၊ အဆိုးမြင်စကားလုံးတွေ၊ အဆိုးယိမ်း လေယူလေသိမ်းတွေနဲ့ ဘယ်တော့မှ မပြောဘူး၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့၊ ချိုချိုသာသာ၊ ချော့ချော့မော့မော့၊ ဖျောင်းဖျောင်းဖျဖျ၊ အေးအေးဆေးဆေး၊ နွေးနွေးထွေးထွေး။ အဲဒီလိုလေး ပြောဆိုပြုမူတဲ့ မေတ္တာမျိုးကျတော့ စပလစ်တိုက်ပ်မေတ္တာ။

အခုဒီတရားနာပရိသတ်တွေက ဝင်းဒိုးတိုက်ပ်တွေလား၊ စပလစ်တိုက်ပ်တွေလား။ အိမ်လိုက်ကြည့်ဦးမှနော်။ အခုရွှေဝါနန်းဟိုတယ်ရဲ့ အခန်းတွေအခန်းတွေမှာ အဲယား

http://www.dhammadownload.com

ကွန်းတွေ တပ်မထားဘူးလား။ ဝင်းဒိုးတိုက်ပ်လား၊ စပလစ် တိုက်ပ်လား။ ဝင်းဒိုးတိုက်ပ်ဟုတ်လား။ ဈေးနှုန်းသက်သာလို့ ဖြစ်မယ်နော်။

ဦးဇင်းတို့ နယ်မြို့ တစ်မြို့မှာ တရားသွားဟော တော့ တည်းခိုခန်းတစ်ခုမှာ တည်းရတာပေါ့။ တည်းခိုခန်း ဆိုပေမယ့် လူ လုံးဝ မထားသေးပါဘူး။ အသစ်စက်စက်။ လူတည်းလည်းပဲ ဝိနည်းနဲ့ လွတ်ပါတယ်။ သူ့အခန်းလေး တွေနဲ့သူ။ သီးခြားစီပါပဲ။

အခန်းတိုင်းအခန်းတိုင်းမှာ တပ်ထားတဲ့ အဲယား ကွန်းတွေက ဝင်းဒိုးတိုက်ပ်တွေချည်းပဲ။ တစ်ညလုံး အိပ်လို့ ကို မပျော်ဘူးနော်။ ဖွင့်ထားပြန်တော့လည်း ဒုံးဒုံးဒိုင်းဒိုင်းနဲ့ မီးစက်မောင်းသလို ဆူညံ။ ပိတ်ထားပြန်တော့လည်း ပူလွန်း အိုက်လွန်းလို့ အိပ်မရ။ ထဖွင့်လိုက်၊ ပိတ်လိုက်၊ ထဖွင့်လိုက်၊ ပိတ်လိုက်နဲ့ပဲ မနက်မိုးလင်းသွားတော့တာနော်။

ရွှေဝါနန်းရေ . . .၊ မနက်ဖြန်က စပြီး ဟိုတယ် အခန်းတိုင်းမှာ စပလစ်တိုက်ပ်လေး ပြောင်းလိုက်ပါဦးနော်။

အဲဒီတော့ မေတ္တာက ဝင်းဒိုးတိုက်ပ်လည်း ရှိတယ်၊ စပလစ်တိုက်ပ်လည်း ရှိတယ်။ ကိုယ် ဘယ်တိုက်ပ်လဲဆိုတာ သဘောပေါက်ပြီးတော့ ဝင်းဒိုးတိုက်ပ် ဖြစ်နေရင် စပလစ်

http://www.dhammadownload.com

တိုက်ပ်ဖြစ်အောင် ပြောင်းလဲလိုက်၊ စပလစ်တိုက် ဖြစ်ပြီး သားဆိုရင်လည်း အရည်အသွေး ကောင်းသထက် ကောင်း အောင် ကြိုးစားလိုက်ပေါ့။

စပလစ်တိုက်ပ်မှာလည်း အရည်အသွေး အမျိုးမျိုး ရှိတာကိုး။ တရုတ်မိတ်ဒ်၊ တရုတ်ဖြစ်ဆိုရင်တော့ အသံငြိမ် တယ်ဆိုပေမယ့် နူးညံ့မှု သိပ်မရှိဘူး။ ဂျပန်မိတ်ဒ်၊ ဂျပန်ဖြစ် ဆိုရင်တော့ နူးနူးညံ့ညံ့နဲ့ အသံ သိပ်ကို ညင်သာပါတယ်။ ဈေးပေါတဲ့ တရုတ်မိတ်ဒ်ကို ပေါချောင်ကောင်း သွားဝယ်ရင် တော့ ဝင်းဒိုးတိုက်ပ်နဲ့ မတိမ်းမယိမ်း ဖြစ်သွားမှာပဲ။

ဆူညံမေတ္တာနဲ့ ဆိတ်ငြိမ်မေတ္တာ နှစ်မျိုးရှိတဲ့အထဲ က ဘယ်မေတ္တာမျိုးရှိအောင် ကြိုးစားရမလဲဆိုရင် ဆိတ်ငြိမ် မေတ္တာမျိုးဖြစ်အောင် ကြိုးစားရမယ်။

ဆိတ်ငြိမ်ဆိုတာက စိတ်ငြိမ်ကနေ စလုံးကို ဆလိမ် ပြောင်းပြီးတော့ ဖြစ်လာတာ။ မူရင်းက စိတ်ငြိမ်ပေါ့။ စိတ် ကလေးက ငြိမ်နေတယ်ဆိုရင် အပြောအဆိုလေးကလည်း ငြိမ်တာပေါ့။ အပြုအမူလေးကလည်း ငြိမ်တာပေါ့။

ဆူညံမေတ္တာ မလုပ်ပါနဲ့။ ဆူတယ် ဆိုတာ ကိုယ့် စိတ်မှာ ဒေါသဆူပွက်နေတာ။ စိတ်ဆူနေတယ်ဆိုရင်တော့ ပြောလိုက်သမျှကလည်း ညံနေတာပဲ။ ပြုလိုက်သမျှက

http://www.dhammadownload.com

လည်း ညံ့နေတာပဲ။ စိတ်ဆူရင် ကိုယ်လည်းညံ့မယ်၊ နှုတ်လည်း ညံ့မယ်။ ဆူရင်တော့ ညံ့မှာပဲနော်။

စိတ်ငြိမ်ရင်တော့ ပြောဆိုသမျှလည်း ငြိမ်၊ ပြုမူသမျှလည်း ငြိမ်မှာပဲပေါ့။ စိတ်ငြိမ်မှ ဆိတ်ငြိမ်ပါတယ်။ အဲဒီတော့ ကိုယ့်မေတ္တာ ဘာတိုက်ပ်လဲဆိုတာတော့ ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်ပေါ့။

■

http://www.dhammadownload.com

## စိတ်မတိုချင်ရင် စိတ်ရှည်အောင်နေ

ဒေါသမထွက်ဖို့ ဆိုတာကလည်း မေတ္တာပွားနေရုံ မေတ္တာထားနေရုံနဲ့တွင် မလုံလောက်ဘူး။ ဒေါသထွက်ခြင်းရဲ့ အကြောင်းတရားတွေကလည်း အများကြီးရှိတာကိုး။

ဟိုတစ်လောကပဲ . . . အမျိုးသမီးဆရာဝန် တစ်ယောက် တောင်ပေါ်ကို တက်လာပြီးတော့ သူဟိုတစ်နေ့က ဒေါသဖြစ်ပြီးတော့ တစ်နေ့လုံး စိတ်မချမ်းမသာ ဖြစ်ရတဲ့ အကြောင်း ပြောပြတယ်။ လျှောက်တယ်ပေါ့လေ။

ပထမတော့ တပည့်တော် ဘုန်းဘုန်းရေးတဲ့ စာအုပ်တွေ ဖတ်ပြီးတော့ ဒေါသကို ထိန်းနိုင်ပြီပေါ့။ ဟိုတုန်းကလောက် စိတ်မတိုတော့ဘူး။ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်လာပြီ။

http://www.dhammadownload.com

ဟိုတစ်နေ့ကတော့ ဒေါသဖြစ်ပြီး တစ်နေ့လုံး စိတ်မချမ်းသာဘူးတဲ့။

ဒေါသဖြစ်ရင် ဘုန်းဘုန်း ရေးထားတဲ့ 'လိုတရနှလုံးသား' ထဲမှာ ဒေါသကင်းစင်တော်မူသော မြတ်စွာဘုရား စသည်အားဖြင့် အရဟံဂုဏ်တော် ပွားရမယ်ဆိုတာကို သိထားတယ်။ ဒါပေမဲ့ ညဒေါသပြေတော့မှ သတိရတယ်တဲ့။

ညစာ ထမင်းစားပြီး ဒေါသတွေပြေ၊ ကိုးရိုးယားကား ကြည့်ပြီးတော့မှ သတိရတယ်။ ငါတစ်နေ့လုံး ဒေါသဖြစ်နေတုန်းက ဒေါသကင်းစင်တော်မူသော မြတ်စွာဘုရား ပွားရမယ် ဆိုတာ ငါမေ့သွားတယ်။

စိတ်တိုတာလေးကိုလည်း စိတ်တိုတယ်၊ စိတ်ဆိုးတယ် စသည်အားဖြင့် သတိပဋ္ဌာန်နဲ့ ရှုရမှာ၊ ဒေါသရဲ့ သဘောလေးကို သတိဉာဏ်လေးနဲ့ စူးစိုက်ကြည့်ရမှာ၊ ဒေါသရဲ့ ဖြစ်ပျက်ကို မြင်အောင် ကြည့်ရမှာဆိုတာတွေ အကုန်မေ့သွားတယ်။ ညရောက်မှပဲ သတိရတော့တယ်တဲ့။

အဲဒါနဲ့ ပတ်သက်လို့ ဒေါသဖြစ်ရတဲ့အကြောင်းတွေကို ပြောပြရတာပေါ့လေ။ မေတ္တာ အားနည်းလို့ရှိရင်လည်း ဒေါသအား များတတ်တယ် လို့ စာက ဆိုပေမယ့် မေတ္တာတစ်ခုတည်း သွားပြီးတော့ ယိုးမယ်ဖွဲ့လို့ မရဘူး။

http://www.dhammadownload.com

တစ်ခါတစ်ရံ အိပ်ရေးပျက်ရင်လည်း ဒေါသမထွက်တတ်ဘူးလား။ ထွက်တတ်တယ်။ အိပ်ရေးပျက်လို့ ခေါင်းမကြည်မလင် ဖြစ်နေတဲ့အချိန်ဆိုရင် အလကားနေရင်း ဒေါသထွက်နေတာနော်။ အဲဒါဆိုရင် ဒေါသမထွက်ဖို့၊ ဒေါသငြိမ်းဖို့အတွက် အိပ်ရေးမပျက်အောင် ဂရုစိုက်ရမှာပေါ့။

ဗိုက်အရမ်းဆာနေတဲ့အချိန်ဆိုရင်ရော . . ဒေါသမထွက်ဘူးလား။ ထွက်တာပဲ။ အဲဒီအချိန်မှာလည်း သတိထားရတယ်။ ငါဗိုက်ဆာနေပြီ၊ အလိုလိုနေရင်း ဒေါသထွက်ချင်နေပြီ။ ဒီအချိန်မှာ ဟိုလူဒီလူနဲ့ မပတ်သက်မိအောင် ဂရုစိုက်ရမယ်။

အဆာလွန်ရင် ဒေါသဖြစ်တတ်မှန်း သိနေမှတော့ ဒေါသ မထွက်ချင်ရင်၊ ဒေါသငြိမ်းချင်ရင် အဆာလွန်မသွားအောင်လည်း ဂရုစိုက်ရမှာပေါ့။ ဒေါသ မထွက်အောင် ပြုပြင်တဲ့ နည်းလမ်းတွေကတော့ အေးအေးဆေးဆေး ထိုင်ပြောရင် အများကြီးပဲနော် . . . ။ မေတ္တာတစ်ခုတည်း လိုက်ထောက်နေလို့ မဖြစ်ဘူး။

ဒေါသမထွက်တတ်တဲ့သူ၊ မမုန်းတတ်တဲ့သူ ဖြစ်ဖို့အတွက် အိပ်ရေးမပျက်အောင်လည်း ဂရုစိုက်ပါ။ အဆာ

http://www.dhammadownload.com

မလွန်အောင်လည်း ဂရုစိုက်ပါ။ ဒေါသထွက်စေတတ်တဲ့ အစားအသောက်တွေ အလွန်အကျွံ မစားမိအောင်လည်း ဂရုစိုက်ပါ။

အစားအသောက်ကလည်း စိတ်ကို ကျေးဇူးပြုတာပဲ။ တချို့အစားအသောက်တွေက ဒေါသကို ဖြစ်စေတယ်။ ယူရစ်အက်စစ်ဓာတ်များတဲ့ အစားအစာတွေဟာ စားပါများပြီဆိုရင် ဒေါသဖြစ်တာပဲ။

ဥပမာ ပြောင်းဖူးကို နေ့စဉ်ရက်ဆက် အလွန်အကျွံစားပြီဆိုရင် စိတ်တိုလာတယ်။ ပဲပင်ပေါက်ကို နေ့စဉ်ရက်ဆက် အများကြီးစားရင် ယူရစ်အက်စစ်ဓာတ်တွေ ခန္ဓာကိုယ်မှာ များပြီးတော့ စိတ်တိုလာတတ်တယ်။ စိတ်တိုရုံတွင်မကဘူး။ စိတ်ဓာတ်တွေပါ ကျလာတတ်တယ်။ ဒီပရက်ရှင်ဖြစ်လာတာပေါ့။ အဲဒီလိုအားဖြင့်ပေါ့လေ . . . အစားအစာတွေကလည်း လူ့ရဲ့စိတ်ကို ကျေးဇူးပြုနေတာပဲ။

ဒါကြောင့် ဒေါသ နည်းချင်၊ ဒေါသ ငြိမ်းချင်ရင် ဒေါသထွက်စေတတ်တဲ့၊ ယူရစ်အက်စစ်ဓာတ်များတဲ့ အစားအစာတွေလည်း လွန်လွန်ကဲကဲ မစားမိအောင် သတိထားရမယ်။ စသည်အားဖြင့်ပေါ့လေ။ ဒေါသ မဖြစ်အောင် ဂရုစိုက်တဲ့ နည်းလမ်းတွေကတော့ အများကြီးရှိတာပေါ့။

http://www.dhammadownload.com

အစားအသောက်၊ အနေအထိုင်တွေလည်း တစ်ဖက်က ဆင်ခြင်ရမယ်။ တစ်ဖက်ကလည်းပဲ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' စသည်အားဖြင့် မေတ္တာများများ ပို့ရမယ်။ မေတ္တာသာဓကေ ဝတ္ထုတွေ ဖတ်။ မေတ္တာသုတ်တွေ ရွတ်။ ကောင်းကွက်ကို ကြည့်၊ မေတ္တာဖြစ်အောင် အမျိုးမျိုး နှလုံးသွင်းလို့ မေတ္တာဖြစ်တာလည်း ရှိတယ်။ အဲဒီလိုလည်း ဖြစ်အောင် လုပ်ရမှာပဲ။

ခုနပြောသလိုပဲ အိပ်ရေးဝရင် စိတ်ကလေး ကြည်ပြီးတော့ မေတ္တာက အလိုလို ပို့မိလျက်သား ဖြစ်သွားတယ်။ နဂိုကလည်း မေတ္တာပို့တဲ့ဓာတ်ခံရှိတဲ့ပုဂ္ဂိုလ်ဆိုရင်ပေါ့နော်။ မေတ္တာဓာတ်ခံ ရှိပြီးသားပုဂ္ဂိုလ်ဆိုရင် အိပ်ရေးဝလို့ စိတ်အထူးကြည်လင်တဲ့အခါ မေတ္တာအလိုလို ပို့မိလျက်သား ဖြစ်သွားတယ်။

ကိုယ်ကြိုက်တဲ့အစားအစာလေး စားရတယ်။ ဒါမှမဟုတ် ကိုယ့်ခန္ဓာနဲ့ သင့်တင့်လျောက်ပတ်တဲ့၊ သပ္ပာယဖြစ်တဲ့၊ တည့်တဲ့ဓာတ်စာအာဟာရလေး စားရတယ်ဆိုရင်လည်း ခန္ဓာကိုယ် နူးညံ့သိမ်မွေ့ပြီးတော့ မေတ္တာဓာတ်တွေက အလိုလို ဖြစ်နေတာ။ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' လို့ မေတ္တာပို့ပို့ မပို့ပို့၊ မေတ္တာစိတ်တွေကတော့ ထုနဲ့ထည်နဲ့ ဖြစ်နေတာ

http://www.dhammadownload.com

ပဲ။ ပင်ကိုမေတ္တာစာတ်ခံ ရှိပြီးသားဆိုရင်ပေါ့နော်။

ကိုယ်တွေ့လေးနဲ့ ယှဉ်ကြည့်ပေါ့။ ဘယ်အစားအစာလေး စားလိုက်ရင် ငါ့ခန္ဓာကိုယ်လေး နူးညံ့သိမ်မွေ့သွားတယ်။ စိတ်တွေ ဘယ်လိုပြောင်းလဲသွားတယ်။ ဦးဇင်းမှာလည်း ဘာလေးစားလိုက်ရင် စိတ်ကလေး နူးညံ့ပြီးတော့ မေတ္တာစိတ်တွေ အလိုလိုကို ပွားပြီးသားဖြစ်နေတယ်ဆိုတာ ရှိတယ်။

အဲဒါလေးပြောမိတော့ အဲဒီဆရာဝန်မကလည်း မေးတယ်။ ဘာစားရင် အရှင်ဘုရား အဆင်ပြေတုံးတဲ့။ မပြောဘူးလို့။ တော်ကြာ ဟိုတစ်ခါ ကြက်ဟင်းခါးသီး ဇာတ်လမ်းလို ဖြစ်သွားမယ်လို့။

'အဆင်ပြေဖို့ အဓိက' တရားထဲမှာ ကြက်ဟင်းခါးသီးလေးနဲ့ သပ္ပာယဖြစ်ခဲ့တဲ့ ကိုရင်ဘဝက အကြောင်းအရာလေး ပြန်ပြောမိပါတယ်။ နေ့တိုင်းကြက်ဟင်းခါးသီး ဖြစ်နေတယ်။ ဒီနေ့တောင် အောင်သုခထမင်းဆိုင်က ကပ်တဲ့အထဲမှာ ကြက်ဟင်းခါးသီးသုတ် ပါသေးတယ်။

ဒါပေမဲ့ ပြောလိုက်ဦးမှ ထင်တယ်နော်။ တည့်တာလေးလေ။ နမူနာယူပြီး ဆင်ခြင်နိုင်အောင်လို့ပါ။ လာတော့ မကပ်နဲ့ပေါ့။ အခုရာသီဆိုတော့ . . . ထောပတ်သီးတွေက

http://www.dhammadownload.com

လည်း ပေါ်နေတာကိုး။ ကိုယ့်ခန္ဓာကိုယ်နဲ့ ဘယ်လို ဓာတ်တည့်တယ် မသိဘူး။ ထောပတ်သီး ဘုဉ်းပေးလိုက်တဲ့နေ့ဆိုရင် ရုပ်ကလေးတွေ နူးညံ့သိမ်မွေ့ပြီးတော့ မေတ္တာစိတ်တွေက အလိုလို ဖြစ်နေတာနော်။

အခုရက်ပိုင်း နေ့စဉ်လိုလို ထောပတ်သီးဘုဉ်းပေးနေတာတွေ့တော့ တချို့ဆရာဝန်တွေက ပြောတယ်။ 'အရှင်ဘုရား အဲဒါတွေ သိပ်မသောက်နဲ့။ ကိုလက်စထရောတွေ များပြီးတော့ ဝလာလိမ့်မယ်' တဲ့။ သူတို့ဘယ်လိုပြောပြော၊ ကိုယ်နဲ့ ဒါနဲ့အဆင်ပြေနေတာ ကိုယ်သာလျှင် အသိဆုံးလေ။

အမှန်ကတော့ ထောပတ်သီးက ကိုလက်စထရောတွေကိုတောင်မှ ချပေးတာပါ။ နှလုံးရောဂါတွေတောင်မှ ကာကွယ်တယ်နော်။ အကျိုးဖျက်တဲ့ ကိုလက်စထရောတွေကို ချပေးပြီးတော့ အကျိုးပြုတဲ့ ကိုလက်စထရောတွေကို တိုးပွားစေပါတယ်။

ထောပတ်သီးက သွေးတိုးရောဂါ၊ နှလုံးရောဂါ ကာကွယ်ချင်တဲ့ပုဂ္ဂိုလ်တွေအတွက် မှီဝဲသင့်တဲ့ အစားအစာပါ။ ဒါပေမဲ့ ထောပတ်သီးစားလို့ ဝလာတယ်ဆိုတာက ထောပတ်သီးကြောင့် မဟုတ်ဘူး။ နို့ဆီသကြားကြောင့်။

ထောပတ်သီး ခေါက်စား၊ သကြားလည်း ထည့်၊

http://www.dhammadownload.com

နို့ဆီလည်း ထည့်။ ဖျော်ရည်ဖျော်။ နို့ဆီလည်း ထည့်။ သကြားလည်း ထည့်။ အဲဒီ နို့ဆီသကြားကြောင့် ဝလာတာ နော်။ အဲဒီ နို့ဆီသကြားကြောင့် ဒုက္ခရောက်တာပါ။ ထောပတ်သီးသက်သက်က ဒုက္ခမရောက်ပါဘူး။

ထောပတ်သီးဘူဦးပေးလိုက်ရရင် ဦးဇင်းတို့တော့ မေတ္တာပို့လို့ အရမ်းကို ကောင်းနေတာနော်။

အဲဒီလိုအားဖြင့် အစားအသောက်ကလည်း ဒေါသကင်းဖို့အတွက် ကျေးဇူးပြုတယ်။ ဒေါသဖြစ်စေတတ်တဲ့ ယူရစ်အက်စစ်များတဲ့ အစားအစာတွေကိုရှောင်၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်ကို နူးညံ့သိမ်မွေ့စေတဲ့ အစားအသောက်တွေကို စားမယ်ဆိုရင်လည်း အလွယ်တကူနဲ့ ဒေါသကို တွန်းလှန်နိုင်ပါလိမ့်မယ်။

■

http://www.dhammadownload.com

## စိတ်မကျိုးချင်ရင် စိတ်မာအောင်လုပ်

ကိုယ့်ရဲ့ စိတ်ဓာတ်ကို . . . ခိုင်မာသထက် ခိုင်မာအောင် တည်ဆောက်ထားမယ်ဆိုရင်လည်း ဒေါသနည်းပါးသွားမယ်။ နှာသီးဝလေး သတိကပ်ပြီးတော့ ဝင်လေထွက်လေ ရှုမှတ်တဲ့အလုပ်ဟာ ကိလေသာကို ငြိမ်းအေးစေတဲ့နေရာမှာ အင်မတန်အားကောင်းတဲ့အလုပ်ပဲ။

သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်း၊ စားရင်းသောက်ရင်း၊ နေရင်းထိုင်ရင်းနဲ့ပဲဖြစ်ဖြစ်၊ သီးခြားထိုင်ရင်းနဲ့ပဲ ဖြစ်ဖြစ်၊ နှာသီးဝ လေဝင်လေထွက် ထိတဲ့နေရာလေးမှာ သတိကပ်ပြီးတော့ လေဝင်တိုင်းထွက်တိုင်း သတိထားသွားမယ်ဆိုရင် လေကို ကိုယ် သတိထားပြီးတော့ ရှုနေရတဲ့

http://www.dhammadownload.com

အတွက် အဆုတ်အားတွေလည်း ကောင်း၊ နှလုံးအားတွေလည်း ကောင်းတဲ့အတွက် စိတ်ဓာတ်က ခိုင်မာနေတယ်။

စိတ်က နှလုံးပေါ်မှာ မှီပြီးတော့ တည်တာ ဖြစ်တော့ စိတ်ရဲ့ မှီရာတည်ရာ နှလုံးက အားကောင်းနေတယ်ဆိုရင် စိတ်ကလည်း အားကောင်းသွားတာပဲ။

စိတ်ဓာတ်က ခိုင်မာနေပြီဆိုရင် ဒေါသဖြစ်စရာအာရုံနဲ့ ကြုံပေမယ့် အလွယ်တကူ ဒေါသမဖြစ်တော့ဘဲ သည်းခံခွင့်လွှတ်နိုင်သွားတယ်။

အဲဒီတော့ ခုနက ပြောခဲ့တဲ့အတိုင်း ခန္တီဆိုတဲ့ မေတ္တာရဲ့ အမာခံကလည်း အားကောင်းရမယ်လို့ ဆိုထားတော့ နှာသီးဝ သတိကပ်ပြီးတော့ ဝင်လေထွက်လေ ရှုရတဲ့ အလုပ်ကို လုပ်နေတယ်ဆိုရင် ခန္တီအမာခံ ခန္တီကွန်ကရစ်ကလည်း အားကောင်းသွားတယ်။

ပြင်ပက ကိုယ်မလိုလား၊ မနှစ်သက်တဲ့ အာရုံတွေကြုံတဲ့အခါမှာ အလွယ်တကူ သည်းခံနိုင်သွားတယ်။ ဒေါသကင်းသွားတယ်။ အဒေါသဓာတ် အားကောင်းသွားတယ်။ အဲဒီ အဒေါသဓာတ်ရဲ့အပေါ်မှာ တစ်ဖက်သားရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာဓာတ်ကို တည်ဆောက်ရပါတယ်။

http://www.dhammadownload.com

ဒါ့ကြောင့် မေတ္တာစာတ်တွေ အားကောင်းဖို့၊ ဒေါသနည်းတဲ့ဓာတ်တွေ အားကောင်းသွားဖို့အတွက် ဝင်လေထွက်လေ ရှုမှတ်တဲ့အလုပ်နဲ့ ကူညီရပါတယ်။ ဒါ့ကြောင့် သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်းနဲ့ လေကို သတိထားပြီး ရှူရှူသွားပါ။ နေစဉ်နဲ့ နေ့စဉ်အမြဲတမ်း ဟောနေကျပါပဲ။

ထင်ရှားရာ ရုပ်နာမ်အာရုံတွေကို ရှုတာကလည်း တစ်ပိုင်းပေါ့။ နှာသီးဝလေး သတိကပ်ပြီးတော့ ဝင်လေထွက်လေကိုလည်း ပင်တိုင်အနေနဲ့ ရှုမှတ်သွားရမယ်။ ဒါဆိုရင် ဒေါသတွေ နည်းသထက် နည်းသွားမှာပါပဲ။ မေတ္တာဓာတ်တွေ အားကောင်းသွားမှာပေ့ါ။

အဲဒီလိုအားဖြင့် မမဲ့တတ်၊ မသောက်တတ်တဲ့သူ၊ မချစ်တတ်၊ မမုန်းတတ်တဲ့သူ ဆိုတဲ့ အင်္ဂါလေးချက် ပြည့်စုံသွားပါပြီ။ ဒီအင်္ဂါလေးချက်က သူတော်ကောင်းတိုင်း ပြည့်စုံသင့်တဲ့ အင်္ဂါလေးချက်ပါ။

အဲဒီလို အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့အကြောင်း . . ဆတ္တပါဏိက ရှင်ဘုရင်ကြီးကို လျှောက်ထားလိုက်တဲ့အခါ ရှင်ဘုရင်ကြီးကလည်း သဘောကျ။ လာရောက်ပြီးတော့ နားထောင်ကြတဲ့ မှူးမတ်တွေ၊ ပညာရှိတွေ၊ သူဌေးသူကြွယ်တွေ၊ တိုင်းသူပြည်သား အားလုံးကလည်း သဘောကျကြ

http://www.dhammadownload.com

တယ်။

အဲဒီအချိန်မှာ ရှင်ဘုရင်က မျက်စိမှိတ်ပြ။ လည်ပင်းလေး စောင်းငဲ့ပြ။ စစ်သည်တွေဘက်ကို အမှတ်သင်္ကေတလေးတစ်ခု ပြလိုက်တာပေါ့။ ကြည့်ရှင်းလိုက်ကြ ဆိုတဲ့ သဘောပေါ့လေ။

အဲဒီမှာတွင် အမတ်ကြီးတွေ၊ ပုဏ္ဏားတွေ၊ သူဌေး သူကြွယ်တွေက တစ်ခါတည်း ကာဠကစစ်သူကြီးရဲ့ လက်တွေ ခြေတွေကနေ ကိုင်ဆွဲပြီးတော့ ဟိုလူက ဖနောင့်နဲ့ ပေါက်လိုက်၊ ဒီလူက လက်သီးနဲ့ ထိုးလိုက်နဲ့ နီးစပ်ရာ နီးစပ်ရာ လူတိုင်းက သူ့ကို ထိုးကြနှက်ကြတယ်။

ပြီးတော့မှ အနီးနားမှာ ရှိတဲ့ တုတ်တစ်ချောင်းနဲ့ ရိုက်လိုက်တာ တစ်ခါတည်း ခေါင်းကွဲပြီးတော့ သေဆုံးသွားတယ်။ အဲဒီတော့မှ ကာဠက စစ်သူကြီးရဲ့ ခြေထောက်ကနေ ကိုင်ဆွဲပြီးတော့ တံမြက်ချေးတွေစွန့်တဲ့ အမှိုက်ပုံပေါ်မှာ ပစ်ထားလိုက်တယ်။

ရှင်ဘုရင်ကြီးလည်း အမြင်မှန် ရသွားပြီးတော့ ဘုရားလောင်းဓမ္မဓဇပုရောဟိတ်နဲ့အတူ လက်တွဲပြီး တိုင်းပြည်ကို တရားဥပဒေနဲ့အညီ အုပ်ချုပ်သွားပါတယ်။ ကွယ်လွန်သွားတဲ့အခါမှာ သူတို့ရဲ့ ကုသိုလ်ကံအားလျော်စွာ

http://www.dhammadownload.com

ကောင်းရာသုဂတိ လားရောက်သွားခဲ့ကြပါတယ်။

ဒါ့ကြောင့် တရားနာပရိသတ်များလည်း မမဲ့တတ် မသောက်တတ်တဲ့သူ၊ မချစ်တတ် မမုန်းတတ်တဲ့သူတွေဖြစ်အောင် ကြိုးစားအားထုတ်ကြရမယ်။

'မမဲ့တတ် မသောက်တတ်တဲ့သူ၊ မချစ်တတ် မမုန်းတတ်တဲ့သူ' ဆိုတဲ့ စကားလုံးလေးတွေကိုက ကြားရရုံနဲ့ အင်မတန် စိတ်အေးချမ်းဖို့ ကောင်းပါတယ်။ ဒီအင်္ဂါလေးချက်ပြည့်စုံရခြင်းရဲ့ နောက်ခံအကြောင်းဝတ္ထုတွေကို မကြာခဏနှလုံးသွင်းပြီး မဲ့ခြင်း, သောက်ခြင်း၊ ချစ်ခြင်း, မုန်းခြင်းရဲ့အပြစ်တွေကို ဆင်ခြင်သွားမယ်ဆိုရင် ကိုယ်လည်း မမဲ့တတ် မသောက်တတ်တဲ့သူ၊ မချစ်တတ် မမုန်းတတ်တဲ့သူ ဖြစ်လာမှာ သေချာပါတယ်။

ခုန ဓမ္မဓေယျရောဟိတ်ကတော့ ဦးဇင်းတို့ရဲ့ ဘုရားလောင်းပါပဲ။ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ဆတ္တပါဏိ ဆတ္တာသည်ကတော့ အရှင်သာရိပုတ္တရာအလောင်းအလျာ ဖြစ်ပါတယ်။ စိတ်ထားယုတ်မာတဲ့ ကာဠုကစစ်သူကြီးကတော့ အရှင်ဒေဝဒတ်အလောင်းအလျာ ဖြစ်ပါတယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

http://www.dhammadownload.com

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို . . ကိုယ်စီကိုယ်င ပြည့်စုံအောင်ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

[၂၀၀၄ ခုနှစ်၊ မတ်လ(၆)ရက်၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ဒေါ်သောင်းတင်နှင့် သားများ ရွှေနန်း၊ ရွှေဝါနန်းဟိုတယ် မိသားစု၏ တရားအလှူပွဲ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက် ရေးသားထားပါသည်။]

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

- သက်ရှိသက်မဲ့
  ဘယ်အရာကိုမဆို
- တဏှာနဲ့ချစ်ရင်
  စိတ်ပူလောင်ရတယ်၊
  သဒ္ဓါမေတ္တာနဲ့ချစ်ရင်
  စိတ်အေးချမ်းရတယ်။
- ဒေါသနဲ့မုန်းရင်
  စိတ်ဆင်းရဲရတယ်၊
  သတိဉာဏ်နဲ့မုန်းရင်
  စိတ်ချမ်းသာရတယ်။
- တဏှာနဲ့မချစ်တတ်တဲ့သူ
  ဒေါသနဲ့မမုန်းတတ်တဲ့သူ
  ဘဝတိုင်းဖြစ်ပါရစေ။

GRAPHIC NAY WINN AUNG 099061597